# ချင်းအမျိုးသားရေးရာ စာစောင်



**စာစီစာရိုက်၊ တည်းဖြတ်**

ဗိုလ် ခင်မောင်လေး

**စီစဉ်ထုတ်ဝေသူ**

သတင်းနှင့်ပြန်ကြားရေးဌာန
ချင်းအမျိုးသားတပ်ဦး

**မူပိုင်**

ချင်းအမျိုးသားတပ်ဦး

**မီဒီယာ ဆက်သွယ်ရန်**

cnfinfo88@gmail.com
zamsdal6@gmail.com
bhmaunglay@gmail.com
&
+918259946415
www.chinland.org

**ပုံနှိပ်**

KL Offset Printers
M.G. Road, Tuikhuahtlang, Aizawl, Mizoram

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ ပါတီအာဘော် | ၁ |
| ၂။ သတင်းတိုထွာ | ၅ |
| ၃။ ကဗျာ | ၁၁ |
| ၄။ ကာတွန်း | ၁၄ |
| ၅။ ဟား စရာ | ၁၈ |
| ၆။ ဆောင်းပါး | |
| - အမိမြေကို စွန့်ခွါခြင်း | ၂၀ |
| - လူထု၊ စုစည်းညီညွတ်မှု၊ ဦးနှောက်ညဏ်နှင့် စည်းလုံးခြင်းအားမာန် | ၂၇ |
| - ချင်းသမိုင်းအကျဉ်းနှင့် ချင်းနိုင်ငံရေးအကျဉ်း | ၃၀ |
| - ဆန္ဒရှိန်စော် လဂန်းပေါ်လာမလား | ၃၇ |
| - တန်းတူညီမျှခြင်း (Equality) | ၄၁ |
| - NCA ၏ မှုရင်းအဓိပ္ပါယ် လွဲနေပြီလော | ၄၅ |
| - ပလက်ဖ၀ါအရေးကို ဥပေက္ခာမပြုသင့်ပါ | ၄၈ |
| - ဆလိုင်း မိုင် အမေးအဖြေ | ၆၄ |
| - Nationwide Ceasefire Agreement ခရီးစဉ်အကျဉ်းချုပ် | ၆၈ |
| ၇။ ပညာရှိ အဆိုအမိန့်များ | ၇၁ |

## ပါတီအာဘော်

# ၂၀၁၀ ခုနှစ် နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကောင်စီ (န.ဝ.တ)၊ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ (န.အ.ဖ) စစ်အစိုးရတို့က ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ တစ်ဆယ့်လေးနှစ်ကြာခဲ့သော အမျိုးသားညီလာခံကို ကျင်းပခဲ့ပြီး၊ စစ်တပ်လွှမ်းမိုးသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲကာ ၂၀၀၈ ခုနှစ်၊ မေလတွင် အတည်ပြုပြဌာန်းခဲ့ကြသည်။ ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး" နှင့် " စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစံနစ်ထွန်းကားရေး" တို့ အပါအဝင် အခြေခံမူ (၆) ခုအပေါ် ရေးဆွဲခဲ့ကြသည်။ ဖော်ပြပါအခြေခံမူနှစ်ခုတို့သည် သံသတ္တုနှင့် ရွှံ့စေးမပေါင်းစပ်နိုင်သကဲ့သို့ ဆန့်ကျင်ဖက်ဖြစ်ကြပြီး၊ စစ်တပ်က အမျိုးသားနိုင်ငံရေးဦးဆောင်မှုပြုသည်နှင့် ပါတီစုံဒီမိုကရေစီစံနစ် မထွန်းကားနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီစံနစ်၏ အဓိကရန်သူသည် စစ်အာဏာရှင်စံနစ်ဖြစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦးသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှတဆင့် ဒီမိုကရေစီစံနစ် ဖော်ဆောင်နိုင်မည်မဟုတ်ဟု သဘောထားသည့်အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို တစိုက်မတ်မတ်ကန့်ကွက်ပြီး အသိအမှတ်မပြုပေ။ ဤအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပြီး၊ ယခုနှစ် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့တွင် ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲကို ကျင်းပကြမည်ဖြစ်သည်။ ချင်းအမျိုးသားတပ်ဦးသည် အထွေထွေရွေးကောက်ပွဲမှ လွှတ်တော်အတွင်း နိုင်ငံရေးလမ်းကြောင်းအပေါ် မရပ်တည်ဘဲ လွှတ်တော်ပြင်ပ နိုင်ငံရေးလမ်းကြောင်းပေါ် ရပ်တည်သည်။ လွှတ်တော်တွင်းနိုင်ငံရေးလမ်းကြောင်းပေါ် မရပ်တည်သော်လည်း ဒီမိုကရေစီရွေးကောက်ပွဲအင်္ဂါရပ်နှင့် ပြည့်စုံရန်၊ ချင်းအမျိုးသားနိုင်ငံရေး အကျိုးပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် တပ်ဦး၏ ၂၀၁၀ ခုနှစ်နှင့် ယခုနှစ် ၂၀၁၅ အထွေထွေရွေးကောက်ပွဲအပေါ် သဘောထားအမြင်ကို ထင်ဟပ်တင်ပြသွားမည်။

၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့ကြသော စတုတ္ထအကြိမ် ချင်းအမျိုးသားတပ်ဦးညီလာခံကြီးက ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ တပ်ဦးသည်ကြားနေရပ်တည်ရန် ရွေးကောက်ပွဲဝင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ပတ်သက်၍ ချင်းပြည်သူ

လူထု၏ နိုင်ငံရေးလိုအင်ဆန္ဒကို အမှန်တကယ်ဖော်ဆောင်လိုသော ကိုယ်စားလှယ်များကို ရွေးချယ်ရန် လိုအပ်ကြောင်း သဘောထားရှိခဲ့သည်။ တပ်ဦးအနေဖြင့် ပါတီစုံဒီမိုကရေစီစံနစ်ကို အားပေးထောက်ခံသည့်အတွက် နိုင်ငံရေးပါတီများ လွတ်လပ်စွာဖွဲ့စည်းခွင့်၊ တရားဝင်ဖွဲ့စည်းထားသော နိုင်ငံရေးပါတီများက မိမိတို့၏ မူဝါဒပေါ်လစီများအား ပြည်သူလူထုထံ လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်၊ ပြည်သူလူထုက မိမိတို့ကိုယ်စားပြုမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ခွင့်၊ ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူ့အကျိုးပြုအစိုးရ ဖွဲ့စည်းခွင့်စသည့် အခွင့်အရေးများရှိမှသာ ပါတီစုံဒီမိုကရေစီစံနစ် ဖော်ဆောင်နိုင်မည်ဟု ခံယူသည်။ ထို့ကြောင့် တပ်ဦးသည် လွှတ်တော်ပြင်ပ နိုင်ငံရေးလမ်းကြောင်းပေါ် ရပ်တည်ချက်နှင့် တပ်ဦးညီလာခံ၏ သဘောထားနှင့်အညီ နိုင်ငံရေးပါတီများကို တန်းတူဆက်ဆံပြီး မျက်နှာသာပေးမှုမရှိ၊ ကြားနေရပ်တည်ခဲ့သည်။ မည်သည့်ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြစ်စေ၊ တသီးပုဂ္ဂလကိုယ်စားလှယ်လောင်းများမှဖြစ်စေ၊ ပြည်သူလူထုက လွတ်လပ်စွာစိတ်ကြိုက်ရွေးချယ်ကြရမည်။ ထိုသို့ ရွေးချယ်ရာတွင် ပြည်သူလူထု၏ နိုင်ငံရေးလိုအင်ဆန္ဒကို အမှန်တကယ် အကောင်အထည်ဖော်လိုသော၊ ပြည်သူ့အကျိုးကို စိတ်ရင်းစေတနာရှိရှိ သယ်ပိုးလိုသော ကိုယ်စားလှယ်များ ရွေးချယ်ကြရန် တပ်ဦးက လမ်းညွှန်မှုပေးခြင်းဖြစ်သည်။ သို့သော် တပ်ဦးသည် လွှတ်တော်ကိုယ်စားလှယ်လောင်း မည်သူ့ကို မဲဆန္ဒပေးရန် (သို့မဟုတ်) မပေးရန်ကိစ္စနှင့်ပတ်သက်၍ ရေငုံနှုတ်ပိတ်ခဲ့သည်။

၂၀၁၅ ခုနှစ်၊ ဇန္နဝါရီလတွင် ကျင်းပခဲ့သော ချင်းအမျိုးသားတပ်ဦး၏ ပဋ္ဌမအကြိမ် ပါတီညီလာခံ သက်တမ်း၊ စတုတ္ထအကြိမ် ဗဟိုကော်မတီအစည်းအဝေးတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ "ချင်းအမျိုးသားတပ်ဦး၏ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပါတီ၏ မူဝါဒပေါ်လစီများကို ထောက်ခံသည့်နိုင်ငံရေးပါတီများအား ထောက်ခံအားပေးသွားရေး၊ ချင်းအမျိုးသားနိုင်ငံရေးပါတီများ တပါတီအဖြစ် (သို့မဟုတ်) တပ်ပေါင်းစုအဖြစ်စုစည်းစေ၍ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ချင်းအမျိုးသားအရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး တိုက်တွန်းသွားရန် " ဟူ၍ ချမှတ်ခဲ့သည်။ ဤကဲ့သို့ ချမှတ်ခြင်းသည် ၂၀၁၀ ခုနှစ်ဝန်းကျင်ကာလက တပ်ဦး၏ အပြင်စည်း နိုင်ငံရေးအခြေအနေသည် ၂၀၁၂ ခုနှစ်၊ ဇန္နဝါရီလတွင် သမ္မတဦးသိန်းစိန်အစိုးရနှင့် တပ်ဦးတို့အကြား ထာဝရတည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ခြေလှမ်းတခုအဖြစ် နှစ်ဖက်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရရှိအပြီး အတွင်းစည်းနိုင်ငံရေးအခြေအနေသို့

ပြောင်းလဲလာခဲ့သောကြောင့် ဖြစ်သည်။ အနှစ် (၆၀) ကျော် ပြည်တွင်းစစ်ဖြစ်ရခြင်း၏ အဓိက နိုင်ငံရေးပြဿနာမှာ ဒီမိုကရေစီရရှိရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုစံနစ် တည်ဆောက်ရေးတို့ ပင်ဖြစ်သည်။ ချင်းအမျိုးသားတပ်ဦး၏ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်ဆိုသည်မှာ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ပေးသည့် ဒီမိုကရေစီကိုအခြေခံသော ဖက်ဒရယ်စံနစ်တည်ဆောက်ရေးအတွက် တပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီစာချုပ် လက်မှတ်ရေးထိုးခြင်း၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ပေးမည့် ဒီမိုကရေစီအခြေခံ ဖက်ဒရယ်တည်ဆောက်ရေးအပါအဝင် နိုင်ငံရေးအခြေခံမူများ ချမှတ်ခြင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်များချမှတ်ခြင်း၊ စစ်ဖက်ဆိုင်ရာ လမ်းညွှန်ဥပဒေများ ချမှတ်ခြင်းအပါအဝင် စစ်ဖက်ဆိုင်ရာသဘောတူညီမှုများရယူခြင်း၊ နိုင်ငံရေးလမ်းပြမြေပုံချမှတ်ပြီး နိုင်ငံရေးဆွေးနွေးပွဲများကျင်းပခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပပြီး ပြည်ထောင်စုသဘောတူစာချုပ်ချုပ်ဆိုခြင်း၊ ယင်းသဘောတူစာချုပ်များကို အကောင်အထည်ဖော်ဆောင်ခြင်း စသည့် နိုင်ငံရေးဖြစ်စဉ်များဖြစ်သည်။ ချင်းအမျိုးသားတပ်ဦး၏ နိုင်ငံရေးရည်မှန်းချက် (၃) ရပ်ဖြစ်သော ဒီမိုကရေစီရရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့ကိုလည်းကောင်း၊ တပ်ဦး၏ ချင်းအမျိုးသားနိုင်ငံရေးဆိုင်ရာ၊ ပြည်တွင်းပြည်ပဆိုင်ရာ၊ မဟာမိတ်ဆိုင်ရာပေါ်လစီများကိုလည်းကောင်း၊ ထောက်ခံသော နိုင်ငံရေးပါတီများနှင့် ရေရှည်နိုင်ငံရေးဆိုင်ရာလက်တွဲနိုင်ကြပြီး အတူတကွ အကောင်အထည်ဖော်နိုင်ကြမည်ဖြစ်သည့်အတွက် တပ်ဦး၏ မူဝါဒပေါ်လစီများကို ထောက်ခံသော မည်သည့်နိုင်ငံရေးပါတီမဆို တပ်ဦးက အားပေးထောက်ခံလက်တွဲသွားမည်ဖြစ်သည်။ တဖန် အမျိုးသားပေါင်းစည်းညီညွတ်မှု၊ ချင်းအမျိုးသားနိုင်ငံရေးစုစည်းမှု၊ ဒေသန္တရနိုင်ငံရေးပါတီများ စုစည်းအားကောင်းမှ ပါတီစုံဒီမိုကရေစီစံနစ် ပီပြင်လာမည်ဟူသော ယူဆချက်များအရ ချင်းအမျိုးသားပါတီများ တပါတီ (သို့မဟုတ်)တပ်ပေါင်းစုအဖြစ် စုစည်းမှုသည် အရေးကြီးသော ချင်းအမျိုးသားနိုင်ငံရေးလှုပ်ရှားမှုတခုဖြစ်ပြီး၊ ထိုမှ အမျိုးသားရေးကို အင်အားထုရှိရှိ ပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ တပ်ဦးအနေဖြင့် ချင်းအမျိုးသားပါတီမဟုတ်သော အခြားနိုင်ငံရေးပါတီများ၏ လွတ်လပ်စွာ ရပ်တည်လှုပ်ရှားမှုကို မကန့်သတ်ဘဲ အသိအမှတ်ပြုသည်။

ဒီမိုကရက်တစ်နိုင်ငံတိုင်း ပါတီစုံဒီမိုကရေစီစံနစ်ကို ကျင့်သုံးကြသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက သတ်မှတ်သက်တမ်းနှင့်အညီ အထွေထွေရွေးကောက်ပွဲများ ပုံမှန်ကျင်းပကြသည်။

အထွေထွေရွေးကောက်ပွဲတွင် လွတ်လပ်မှုနှင့် သန့်ရှင်းတရားမျှတမှုရှိသော ရွေးကောက်ပွဲဖြစ်ရန် လိုအပ်သည်။ ရွေးကောက်ပွဲရလဒ်အမှန်ထွက်အောင် သက်ဆိုင်သူများက မှန်မှန်ကန်ကန် လုပ်ဆောင်ကြရမည်ဖြစ်ပြီး၊ ၎င်းရလဒ်ကိုလည်း နိုင်ငံရေးပါတီများ၊ ပြည်သူလူထုများက အသိအမှတ်ပြုလေးစားကြရမည်။ ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုဘဲ၊ အာဏာမလွှဲအပ်ခဲ့သည့် လုပ်ရပ်သည် နိုင်ငံနှင့်လူမျိုးပါ သိက္ခာကျရသော သမိုင်းအမဲစက် လုပ်ရပ်ပင်ဖြစ်သည်။ ပြည်သူလူထု၏ အသည်းကြားကထွက်လာသော နိုင်ငံရေးဆိုင်ရာတန်ဖိုး မဖြတ်နိုင်သည့် ဆန္ဒမဲကို ပြန်ပေးဆွဲခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦးအနေဖြင့် လာမည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲသည်လည်း လွပ်လပ်မှုရှိ၍ သန့်ရှင်းမှန်ကန်သော အထွေထွေရွေးကောက်ပွဲကြီးဖြစ်စေလိုပြီး ထွက်ပေါ်လာသော ရွေးကောက်ပွဲရလဒ်ကိုလည်း အသိအမှတ်ပြုကြရန်လိုအပ်ကြောင်း ရေးသားလိုက်ရပေသည်။

အယ်ဒီတာ
ချင်းအမျိုးသားရေးရာ စာစောင်

..........................................................................

# သတင်းတိုထွာ

## ချင်းအမျိုးသားတပ်ဦး ဒေသကော်မတီများ၏ ပထမအကြိမ်ဒေသကော်မတီများညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီး




(ပြည်ပစည်းရုံးရေးဌာန အတွင်းရေးမှူး ဆလိုင်းထလာဟေး မှ အမှာစကားပြောကြားစဉ်)

ချင်းအမျိုးသားတပ်ဦး ဒေသကော်မတီများ၏ ပထမအကြိမ်ဒေသကော်မတီများ ညီလာခံကို ဒိန်းမတ်နိုင်ငံ၊ Esbjerg တွင် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်မှ ဩဂုတ်လ (၁)ရက်နေ့အထိ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါညီလာခံသို့ ချင်းအမျိုးသားတပ်ဦး ဒေသကော်မတီ (CNFRC) (၉)နိုင်ငံမှ ကိုယ်စားလှယ် (၄၂)ဦး တက်ရောက်ခဲ့ပြီး၊ ချင်းအမျိုးသားတပ်ဦး အဓိပတိ ကောင်စီဝင်နှင့် မတူပီဆက်ဆံရေးအရာရှိ ပူးထန်ယဲန်း၊ ချင်းအမျိုးသားတပ်ဦး ပြည်ပစည်းရုံးရေး ဌာန အတွင်းရေးမှူး ဆလိုင်ထလာဟေးတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ညီလာခံတွင် ဒေသကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုများကို အစီရင်ခံကြပြီး၊ ချင်းအမျိုးသားတပ်ဦး၏ လက်ရှိ အခြေအနေအပေါ် ဒေသကော်မတီများမှ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဒေသကော်မတီများ ပိုမိုကျစ်လစ် ခိုင်မာလာရေးနှင့် အုပ်ချုပ်မှု၊ လုပ်ငန်းလည်

ပတ်မှု ပိုမိုချောမွေ့လာစေရေးအတွက် ဒေသကော်မတီများ၏ ဒေသန္တရဆိုင် ရာဥပဒေ (By-law) များ ပြန်လည်သုံးသပ်ခြင်း၊ ဒေသကော်မတီ ပိုမို၍အင်အားတောင့်တင်းလာစေရေးအတွက် ရှေ့လုပ် ငန်းစဉ်များချမှတ်ခြင်းတို့ကို ဆွေးနွေးခဲ့ပြီး တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။

ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားတပ်ဦး၏ အမျိုးသားနိုင်ငံရေးတိုက်ပွဲအတွက် အင်အားပိုမိုတောင့်တင်းရေး၊ ချင်းအမျိုးသားများ အသက်အိုးအိမ်စည်းစိမ်ကာကွယ်ရေးနှင့် ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်နှင့် မူဝါဒလမ်းစဉ်များ ပိုမိုကျယ်ပြန့်ရေးတို့ကို အဓိကရည်ရွယ်၍ ချင်းအမျိုးသားတပ်ဦး၏ ဒေသကော်မတီဖွဲ့စည်းရေးကို ပြည်တွင်းပြည်ပတွင် လွန်ခဲ့သော (၁၀) ကျော်မှစ၍ တစိုက်မတ်မတ် စည်းရုံးဖွဲ့စည်းလာခဲ့ရာ ယခုဆိုလျှင် ပြည်တွင်းပါတီဒေသကော်မတီ (၂) ခု၊ ပြည်ပ၌ (US, Australia, Denmark, Norway, Netherland, Germany, Canada, UK, Sweden, Newzeland, Japan, Malaysia, Singapore, South- Korea စသည့် (၁၃) နိုင်ငံတို့တွင် ကော်မတီဖွဲ့စည်းနိုင်ခဲ့ပြီး နိုင်ငံတွင်း ဒေသန္တရအခြေအနေ၊ လုပ်ငန်းနှင့် ကော်မတီဝင်အခြေအနေပေါ်မူတည်၍ ဆပ်ကော်မတီများကို လိုအပ်သလို ဖွဲ့စည်းလှုပ်ရှားနိုင်ခဲ့သည်။

ဤကဲ့သို့ ချင်းအမျိုးသားတပ်ဦးခေါင်းဆောင်များမှ ချင်းအမျိုးသားတို့၏ အမျိုးသားနိုင်ငံရေးတွင် တမျိုးသားလုံးပါဝင်လာနိုင်ရေးအတွက် အမြော်အမြင်ရှိရှိ လမ်းစဖွင့်ခဲ့သည့် အကျိုးရလဒ်တခုအနေဖြင့် နိုင်ငံပေါင်း (၁၄) နိုင်ငံတွင် ချင်းအမျိုးသားတပ်ဦး ဒေသကော်မတီများ ထူထောင်နိုင်ခဲ့ပြီး၊ ယခုကဲ့သို့ ပထမအကြိမ် ညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခြင်းမှာ ချင်းအမျိုးသားများ၏ အမျိုးသား အောင်ပွဲတရပ်ပင်ဖြစ်ပါသည်။

………………………………………………………………..

# ချင်းပြည်နယ်တဝှမ်း ရေကြီးမြေပြိုမှု ပြင်းထန်စွာကျရောက်



၂၀၁၅ ခုနှစ်၊ ဇူလိုင်လကုန်ပိုင်း (၂၀) ရက်နေ့မှ (၃၁) ရက်နေ့အထိ မြန်မာနိုင်ငံအတွင်းရှိ အခြားပြည်နယ်နှင့်တိုင်းများနှင့်အတူ ချင်းပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မြေပြိုမှုနှင့် ရေးကြီးရေလျှံမှုများ နေရာအနှံ့ဖြစ်ပွားခဲ့ရာ လူ(၇)ဦးသေဆုံးပြီး၊ ပြည်သူ (၁၀၀၀၀)ကျော် သဘာဝဘေးဒဏ်သင့်ခဲ့ပြီး၊ လမ်းတံတားများ အားလုံးလိုလိုပျက်စီးခဲ့သည်။

၄င်း သဘာဝဘေးဒဏ်ကို အဆိုးဝါးဆုံးကြုံတွေ့ခဲ့သည့် မြို့တော် ဟားခါးတွင် မြေပြိုမှုကြောင့်ပျက်စီးသွားသည့် လူနေအိမ် (၅၀၀) ကျော်၊ နေထိုင်၍မရတော့သည့် နေအိမ်ပေါင်း (၃၀၀)ကျော်ရှိ၍ လူထုပေါင်း (၆၀၀၀)ကျော်သည် ဒုက္ခသည်စခန်းများတွင် ခိုလှုံလျက်ရှိသည်။ ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့တွင်လည်း ရေကြီးမှုကြောင့် မြို့ပေါ်တွင် အိမ်ခြေ (၃၀၀)ကျော်ရေနစ်မြုပ်သွားပြီး၊ အိမ်ခြေ (၅၀၀)ကျော်သည် လူနေထိုင်၍မရတော့ပေ။ မြို့နယ်အတွင်း အိမ်ခြေ (၆၀၀)ခန့် ရေနစ်မြုပ်၍ စုစုပေါင်း (၄၅၀၀)ဦးခန့် ဒုက္ခရောက်လျက်ရှိသည်။

ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်၊ တွန်းဇံမြို့နယ်အတွင်းတွင်လည်း အိမ်ခြေ (၁၀၀) ကျော် မြေပြိုပျက်စီးခဲ့ပြီး၊ အိမ်ခြေ (၅၀၀)ခန့်မှာ ပြောင်းရွှေ့ရန်လိုအပ်လျက်ရှိသည်။ အလားတူ ဖလမ်း၊ မင်းတပ်၊ ကန်ပက်လက်၊ မတူပီမြို့နယ်များတွင် လေပြင်းမုန်တိုင်းနှင့် မြေပြိုမှုကြောင့် လူနေအိမ်၊ အိမ်ယာမြေ၊ စိုက်ပျိုးသီးနှံများနှင့် လမ်းတံတားများ များစွာပျက်စီးခဲ့သည်။

ရေကြီးမြေပြိုမှုကြောင့် ဒေသတွင်း ဆက်သွယ်လမ်းကြောင်းများအပြင် ပြည်ပနှင့် ပြည်တွင်း ဆက်သွယ်ရေး လမ်းတံတားများအားလုံး ပျက်စီးခဲ့ပြီး၊ တယ်လီဖုန်းနှင့် အင်တာနက်ဆက် သွယ်မှု၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ကယ်ဆယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ အလွယ်တကူဆောင်ရွက်မရဘဲ ကုန်စျေးနှုန်း အဆမတန် မြင့်တက်သွားသည် သာမက ဆန်ပြတ်လတ်မှုများဖြစ်ပွားခဲ့ပြီး ပြည်သူများစားဝတ်နေရေး အခက်အခဲများ လွန်စွာ ကြုံတွေ့ခဲ့ရသည်။

လတ်တလောကြုံတွေ့နေသည့် သဘာဝဘေးဒဏ်သင့် ပြည်သူများ ကူညီထောက်ပံ့ရေးအား ပြည်တွင်း ပရဟိတအဖွဲ့များ၊ မြန်မာနိုင်ငံအစိုးရနှင့် အခြားအသင်းအဖွဲ့များက လုပ်ဆောင်လျက် ရှိရာ၊ ချင်းအမျိုးသားတပ်ဦးသည် ချင်းလူ့အခွင့်အရေးသမဂ္ဂနှင့် ပူးတွဲကြေညာချက်ကို ထုတ်ပြန် ၍ ပြည်တွင်းပြည်ပရှိ NGO, INGO များကိုသော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရကိုသော် လည်းကောင်း စားနပ်ရိက္ခာထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးအတွက် တိုက်တွန်းလှုံ့ဆော်မှုများ ကို အချိန်နှင့်တပြေးညီ ပြုလုပ်ခဲ့သည်။

ယခုကဲ့သို့ မြန်မာနိုင်ငံအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၁) ခုတွင် သဘာဝဘေးဒဏ် ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် မြေပြိုမှု၊ ရေလွှမ်းမိုးမှုများကြောင့် လူဦးရေ (၆) သိန်းကျော် ဒုက္ခ ကြုံတွေ့နေရပြီး၊ လူဦးရေ (၁၀၀)နီးပါး သေဆုံးကာ ပျက်စီးသွားသည့် လယ်ယာ၊ မြေယာ၊ မြို့ နှင့်ကျေးရွာများ ပြန်လည်ထူထောင်ရေးမှာ လွယ်ကူမည်မဟုတ်သကဲ့သို့ အစိုးရ၏ စီမံခန့်ခွဲမှုအ ပေါ်တွင် များစွာမူတည်သွားမည်ဖြစ်ပါသည်။

**ချင်းပြည်နယ်အတွင်း ကျရောက်သော သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုမှာ -**

| | | | | |
|---|---|---|---|---|
| ၁။ လူနေအိမ် | (၂၆၆၆) လုံး | ခန့်မှန်းတန်ဖိုး | ကျပ်သန်း | ၂၇၅၅.၀၁၀ |
| ၂။ အစိုးရရုံး | (၃၈) လုံး | ခန့်မှန်းတန်ဖိုး | ကျပ်သန်း | ၂၇၉.၉၀၀ |

| | | | |
|---|---|---|---|
| ၃။ စာသင်ကျောင်း (၅၅) လုံး | ခန့်မှန်းတန်ဖိုး | ကျပ်သန်း | ၁၅၇၉.၇၂၀ |
| ၄။ ဘုရားကျောင်း (၂၈) လုံး | ခန့်မှန်းတန်ဖိုး | ကျပ်သန်း | ၁၀၇၂.၅၀၀ |
| ၅။ ဆက်သွယ်ရေးလမ်း (၂၄၈) | ခန့်မှန်းတန်ဖိုး | ကျပ်သန်း | ၉၉၉၈.၇၄၃ |
| ၆။ တံတားနှင့်ရေမြောင်း (၂၈၈) | ခန့်မှန်းတန်ဖိုး | ကျပ်သန်း | ၁၀၀၈၆.၂၆၅ |
| ၇။ လယ်ယာနှင့်စိုက်ပျိုးမြေ (၉၇၉၇)ဧက | ခန့်မှန်းတန်ဖိုး | ကျပ်သန်း | ၂၄၇၅.၄၄၀ |

**ပျက်စီးဆုံးရှုံးမှု ခန့်မှန်းကုန်ကျငွေ ကျပ်သန်းပေါင်း** **(၂၈၂၄၇.၅၇၈)** ခန့်ရှိကြောင်း စုစည်းရရှိချက် စာရင်းများအရ သိရှိရသည်။

........................................................

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ် (NCA) လက်မှတ်ရေးထိုး




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့တို့သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ် (NCA) အား နေပြည်တော်ရှိ Myanmar International Convention Centre- II (MICC-II) တွင် လက်မှတ်ရေးထိုးခဲ့သည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ၊ ဒုသမ္မတများနှင့် ကာကွယ်ရေးစစ်ဦးစီးချုပ်၊ ဒုတိယစစ်ဦးစီးချုပ်နှင့် ပြည်ထောင်စုနှင့်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ တက်ရောက်လက်မှတ်ရေးထိုးခဲ့ပြီး၊ အဖွင့်မိန့်ခွန်းကို နိုင်ငံတော်သမ္မတနှင့် ကရင်အမျိုးသားအစည်းအရုံး

(KNU) ဥက္ကဋ္ဌတို့က အသီးသီး ပြောကြားခဲ့သည်။ သမ္မတ၏ မိန့်ခွန်းတွင် ယနေ့သည် မြန်မာ့သမိုင်း စာမျက်နှာသစ် ဖွင့်လိုက်တဲ့နေ့ထူးနေ့မြတ်ဖြစ်ကြောင်းနှင့် ပြည်တွင်းငြိမ်းချမ်းရေးအအခက်ခဲပေါင်းများစွာကို ဖြတ်ကျော်ပြီး ဒီနေ့ရက်ကိုလျှောက်လှမ်းနိုင်ခြင်းဖြစ်သဖြင့် ဒီငြိမ်းချမ်းရေးကို ဆက်လက်ပြီးထိန်းသိမ်းကြရန် အင်မတန်အရေးကြီးကြောင်းပြောကြားခဲ့သည်။ KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမူတူးဆေးဖိုးက NCA ကိုထိန်းသိမ်းဖို့အတွက် နှစ်ဖက်စလုံး ကြီးလေးသောတာဝန်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလား ပါကယနေ့လက်မှတ်ရေးထိုးပွဲတွင် မပါဝင်နိုင်သေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း စစ်ရေးဖြင့် ဖိအားပေးတိုက်ခိုက်မှုများကို မပြုလုပ်သင့်ကြောင်း ပြောကြား ခဲ့သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) ကို လက်မှတ်ရေးထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈)ဖွဲ့မှာ KNU, KNU-KNLA(PC), DKBA, RCSS, LDU, ALP, CNF နှင့် PNLO တို့ဖြစ်ပြီး၊ ပြည်တွင်းအသိသက်သေများနှင့် ပြည်ပအသိသက်သေများအဖြစ် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ ဥရောပသမဂ္ဂ နှင့် ကုလသမဂ္ဂကိုယ်စားလှယ်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများ၊ ကာကွယ်ရေးဦးစီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး “Joint Implementation Coordination Meeting” (JICM)ကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်ပါ အခန်း (၅) အပိုဒ် (၂၁) အပိုဒ်ခွဲ (က)(၁) အရ ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့၊ နေ့လည်ပိုင်းတွင် စတင်ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်း ညှိနှိုင်းအစည်းအဝေးကို ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်၍ အောက်တိုဘာလ (၁၆ ၊ ၁၇) ရက်နေ့များတွင် နေပြည်တော်၌ဆက်လက်ကျင်းပခဲ့ပါသည်။

ဤ ညှိနှိုင်းအစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ “Joint Monitoring Committee” (JMC) နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ “Union Peace Dialogue Joint Committee” (UPDJC) များကို ဖွဲ့စည်းနိုင်ခဲ့ကြပါသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးရာတွင် မပါဝင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဂုဏ်သိက္ခာရှိစွာ ပူးပေါင်းပါဝင်လာနိုင်ရေးအတွက် နှစ်ဘက် ကြိုးပမ်းဆောင်ရွက်သွားရေးကိုလည်း သဘောတူကြပါသည်။

# နှစ်မြိုက်စွာ အိပ်စက်ပါတော့ ညီလေးရယ်

မိဘ မေတ္တာရိပ်အောက်
ခိုလှုံခွင့်မရတဲ့ ဘဝမှ
အမိချင်းလဲန်းရဲ့ သမိုင်းပေးတာဝန်ကို
အရိုးကြေကြေ၊ အရည်ခန်းခန်း ထမ်းရွက်ဖို့ဗှာ
အမျိုးသားအလံတော်ကို
အောက်ချင်းသစ္စာနဲ့ ကတိပြုခဲ့

အများပမာ ပညာမကုံလည်း
ဆင်ခြင်တုံတရားနဲ့
ခင်တတ်မင်တတ်တဲ့ နှလုံးသားအစစ်
လောဘမဲ့လို့
ဒေါသကင်းတဲ့ ညီလေး
ဘယ်ကြမ္မာဆိုး
ဘယ်ဝဋ်ကြွေးများကြောင့်လဲ
ဖြေမဆည်နိုင်ဘူး ညီလေးရယ်..

ခုတော့ဖြင့်....
ဇူလိုင်မိုးစက်တွေအောက်မှာ
ဘုရားကျောင်းက ပုံသံတွေတိတ်လို့
မင်းရဲ့ စစ်တန်းလျားက ရယ်သံတွေလည်း မကြားတော့ပြီ

မင်းတာဝန်ကျေပါတယ် ညီလေးရယ်..
ဘဝဒုက္ခပင်လယ်ကို ကူးခတ်ရင်း
မင်း အိပ်ပျက်ခဲ့တဲ့ ညတွေလည်းများလှပြီ
မင်း ချစ်တဲ့ ခရစ်တော်ရဲ့ ရင်ခွင်မှာ
နှစ်မြိုက်စွာ အိပ်စက်ပါတော့ ညီလေးရယ်...

*တပ်သားဘေးပထိုင်အား ရည်စူးလျက်-*
ဗိုလ်ခင်မောင်လေး

# စံနစ်

ပိုလ်နေဝင်း အာဏာမသိမ်းခင်
အာစီယံမှာ မြန်မာ ထိပ်ဖြစ်ခဲ့တာ
ဘာကြောင့်လဲ...
    ဆိုရှယ်လစ်ကြောင့် အာစီယံမှာ
    မြန်မာ အဆင်းရဲဆုံးဖြစ်ခဲ့တာ
    ဘာကြောင့်လဲ...
စစ်ခေါင်းဆောင်များလက်ထက်
ငွေမြင်းငါးဆိုင်း၊ အရပ်ရှစ်မျက်နှာ စစ်ပွဲဖြစ်လို့
အများပြည်သူ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့တာ
ဘာကြောင့်လဲ...
    အင်္ဂလန်က သူ့ထက်အဆပေါင်းများစွာကြီးတဲ့
    အိန္ဒိယကို ရာစုနှစ်တခုနီးပါး
    အုပ်ချုပ်နိုင်ခဲ့တာ
    ဘာကြောင့်လဲ...
အင်္ဂလန်နိုင်ငံသား နည်းနည်းလေးက
နေမဝင်အင်ပါယာကြီးကို အုပ်ချုပ်နိုင်ခဲ့တာ
ဘာကြောင့်လဲ...
စံနစ်ကြောင့် စံနစ်ကြောင့်ပါ။
    နိုင်ငံကို လူနဲ့အုပ်ချုပ်သည်မဟုတ်
    စံနစ်ဖြစ်သာ အုပ်ချုပ်ရ၏။
အဲ့ဒီစံနစ် ဘယ်သူရေးလဲ
လူကသာ ရေး၏။

    အဲ့ဒါကြောင့်မို့ ...
    ရေဗူးပေါက်တာမလို ရေပါတာပဲလိုချင်တယ် ဆိုတဲ့
    အမြင်လောက်နဲ့ ရေးတဲ့ စံနစ်ဟာ
    အဲ့လောက်ကောင်းတဲ့ စံနစ်သာ ထွက်လာလိမ့်မယ်။

**မောင်လေး**


# ငါမယုံဘူး


သူများဘုရား
သိမ်းပိုက်လုယူ
ရှိခိုးသူကို ငါမယုံဘူး။

ခမည်းတော်ကို
လုပ်ကြံသတ်ဖြတ်
ထီးနန်းလုယူ
အာဏာရူးတဲ့ ရာဇဝင်ပိုင်ရှင်
ငါမယုံဘူး။

သူရဲ့ဘုရားရုပ်တုရှေ့မှာ
ဘယ်တော့မှ ငါဦးမညွှတ်ဘူး
ဘယ်တော့မှ ငါမကိုးကွယ်ဘူး
ဘယ်တော့မှ ငါမယုံကြည်ဘူး။

ဆလိုင်း လိန်းဆလောမ်း


ML 2015.9


BEFORE ELECTION
AFTER ELECTION
ML 2015




Hmm !
ML2015.4

## ကျေးလက်ဒေသခံများရဲ့ ၂၀၁၅ ခုနှစ် ပါတီနိုင်ငံရေး မေး ၊ ဖြေ

**ဇလပ်နီ**

၂၀၁၅ ခုနှစ်ရွေးကောက်ပွဲအနိုင်ရရေး အတွက် နိုင်ငံရေး ပါတီအသီးသီးမှ စည်းရုံးရေးသမားများ ကျေးရွာတရွာတွင် သွားတိုးမိကြသည်။ တနင်္ဂနွေနေ့ ဘုရားကျောင်းတက်အပြီး ရွာလယ် ကွင်းပြင်တွင် လူထုစုဝေးစေလျက်၊ ချင်းလုံချည်၊ တရုတ်လုပ်စစ်ဖိနပ်နဲ့ သက်ကြီးတွေထံမှ သူသူငါငါ၊ ဆေးလိပ်မီးခိုးတွေအလိပ်လိုက်၊ နပ်ချီးတွဲ လောင်းကလေးတွေလည်း ထိန်းမနိုင်၊ ဆိုင်ကယ်သံတွေလည်း ဆူညံမစဲ၊

အခမ်းအနားမှူး --- ယခုအချိန်က စပြီး A, B, C ပါတီတို့မှ ၄င်းတို့ပေါ်လစီနဲ့ ရှေ့လုပ်ငန်းစဉ် ရှင်း လင်းပါတော့မယ်၊ (A,B, C အားလုံးက ချင်းဝတ်စုံ၊ ခေါင်းပေါင်းနဲ့ အခန့်သား၊ အိုဘားမား လောက်တော့ အပျော့ပဲ)

A ----- ချစ်လှစွာသော ချင်းပြည်သူများအနေနဲ့ မဲပေးတဲ့အခါမှာ ပါတီကို မကြည့်နဲ့၊ လူပုဂ္ဂိုလ်ကို ကြည့်ပြီး ရွေးကြပါ။ ငါတို့ ပါတီမှာ တကယ့် ပညာရှင်တွေပေါပါတယ်၊ ကဲ -- မေးစရာ မရှိဘူးထင်တယ်၊

လူထုအသံ ----- လူပုဂ္ဂိုလ်ကို ကြည့်မှတော့ ဘာဖြစ်လို့ ပါတီကို ဖွဲ့စည်းကြသေးလဲ၊ အေး သိပြီ၊ သူတို့ ပါတီနာမည်က တပ်ပါတီဆိုလား၊ ၂၅ ဆိုလား၊ တမတ်သား ဆိုလား၊ ကြံ့တွေ၊ ဖွတ်တွေနဲ့ ရှုပ်နေတာပဲ၊ အခေါ်အဝေါ်တွေက များလွန်းတော့လည်းဖြစ်မှာပါ၊ ကောင်းပါတယ်၊ ကျုပ်တို့ ကျေးလက်ပြည်သူတွေကမှ ခြသေ့်ဆိုတာ ဘာမှန်းမှ မသိတာ။

B -------- လေးစားအပ်ပါသော ချင်းပြည်သူများအနေနဲ့ မဲပေးယင် လူကို မကြည့်ပဲ ပါတီပေါ်လစီကို အရင်ကြည့်ပြီးမှ ရွေးဖို့လိုတယ်၊ ကျေးဇူးပြုပြီး မေးချင်တာမေးလို့ရပါတယ်၊

လူထုအသံ ---- ပေါ်လစီက လူမှ မဟုတ်တာ၊ ဘယ်လိုရွေးလို့ရမလဲ၊ အေး ဟုတ်တယ်၊ သူတို့ ပါတီက လူစာရင်းမှ မပြောသေးပဲကိုး၊ သူတို့ ပါတီထဲမှာ အရွေးခံချင်သူတွေများလွန်းလို့ ကိုယ်စားလှယ်လောင်းရွေးဖို့ အခက်တွေ့နေကြလို့နေမှာပါ၊ ဒါလည်း ကောင်းပါတယ်၊ နာမည်ကြီးပါတီဆိုတော့လည်း ဖြစ်သင့်ပါတယ်။

C ---- ယုံကြည်သူ တမျိုးသားချင်းမိဘပြည်သူမောင်နှမများအနေနဲ့ မဲပေးယင် လူပုဂ္ဂိုလ်ကိုရော၊ ပါတီကိုရော၊ ပေါ်လစီကိုရော ကြည့်ပြီး မဲပေးကြပါ၊ ကြိုက်တာမေးပါ၊

လူထုအသံ ---- သူတို့လို လာပြောတဲ့ပါတီကများလွန်းတယ်၊ အားလုံးက ကိုယ့်အမျိုးတွေချည်း ဖြစ်နေတယ်၊ လူလည်း ကိုယ့်အမျိုး၊ ပေါ်လစီကလည်း အတူတူဖြစ်နေကြတယ်၊ ခေါင်းရှုပ်တယ်၊ အော် -- ခုမှ ရှင်းတော့တယ်၊ ၅၃ လေကွာ၊

**ချင်းသတင်းမီဒီယာ** ------ A, B, C ရဲ့ Long form တဆိတ်လောက်၊

**A ခမ်းA နားမှုး** --------- A ဆိုသည်မှာ Army၊ B ဆိုသည်မှာ Burma၊ C ဆိုသည်မှာ Chin ဖြစ်မှာပေါ့.....။

-----------------------------------------------

ချင်းA မျိုးသားရေးရာစာစောင်ကို ချင်းအမျိုးသားတပ်ဦး၊ သတင်းနှင့်ပြန်ကြားရေးဌာနမှ သုံးလတစ်ကြိမ် ထုတ်ဝေလျက်ရှိပြီး၊ စာစောင်များကို ချင်းအမျိုးသားတပ်ဦး၊ ပြည်တွင်း ဆက်ဆံရေးရုံးနှင့် စီးပွားရေးရုံးများမှတဆင့် ထုတ်ဝေဖြန့်ချီနေပါသည်။

စာဖတ်သူများ၏ ဝေဖန်အကြံပြုမှုများကို လိုက်လဲစွာကြိုဆိုလျက်ရှိသကဲ့သို့ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကိုလည်း အောက်ပါလိပ်စာများသို့ အချိန်မရွေး ဆက်သွယ်ပေးပို့နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

cnfinfo88@gmail.com
zamsdal6@gmail.com
+91 8259946415

# စပျစ်ဝိုင်အသင်းတော်လား၊ ဓမ္မ အသင်းတော်လား

**ဇလပ်နီ**

ချင်းပြည်နယ် နယ်စပ်ဒေသတနေရာတွင် အသင်းတော်တခုနှင့် သွားတိုးမိသည်၊ တခြား အသင်းတော်များနဲ့မတူတဲ့ ထူးခြားချက်မှာ မိန်းကလေးဦးရေထက် ယောကျ်ားလေးဦးရေက ပိုမို များပြားနေခြင်းပင်၊ နောက် ထူးခြားချက်တခုမှာ အသင်းတော်သည် နေ့နေ့ညည အင်အားတိုး လာခြင်းပင်၊ အသင်းတော်ထူထောင်သူ သိက္ခာတော်ရဆရာမှာလည်း ဘုရားရှင်ထံ ဆုတောင်း မပျက်၊

အဘဘုရားရှင် --- ကိုယ်တော်ရှင်ကျေးဇူးတော်ကြောင့် ကိုယ်တော်ရှင်နာမအားဖြင့် ထူထောင် ထားတဲ့ အသင်းတော်ဟာ တနေ့တခြားတိုးပွားလာပါတယ်၊ ဟာလေလုယာ၊ စသဖြင့် ---

နှစ်ခြင်းအသင်းတော် ထုံးစံအရ Sacrament ခေါ် ခရစ်ယာန်ဓမ္မပွဲတော်မင်္ဂလာအမှုကို စပျစ်ဝိုင် နှင့် မုန့်ဖြင့် တစ်လတစ်ကြိမ် ပြုလုပ်ခဲ့ရာမှာလည်း တခြားအသင်းတော်နဲ့မတူ အံ့မခန်းဘွယ် တက်ကြွကြသည်၊ တခါတခါ တခြားအသင်းတော်မှ ပွဲတော်မင်္ဂလာအမှုတွင် ပါဝင်လာကြသည် မှာလည်း အံ့သြစရာပါ၊

အသင်းတော်ထူထောင်သူ သိက္ခာတော်ရဆရာတော်သည် စပျစ်ခြံပိုင်ရှင်ဖြစ်ပြီး ခရစ်ယာန် ဓမ္မ ပွဲတော်မင်္ဂလာအမှုကို ၎င်း၏ ခြံထွက်စပျစ်ဝိုင်နှင့် အခမဲ့ ပြုလုပ်လေ့ရှိသည့်အပြင် စပျစ်ခြံမှ ရရှိ သည့် ဝင်ငွေဖြင့် အသင်းတော်၏ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးလေ့ရှိသည်၊

နောင်နှစ် မိုးဦးကျတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စပျစ်ခြံမှ စပျစ်သီး လုံးဝ အထွက်မ ကောင်းတော့ပေ၊ သို့နဲ့အတူ အဆိုပါ အသင်းတော်သည်လည်း လုံးပါးပါးသွားသည်၊ သိက္ခာ တော်ရဆရာသည်လည်း တတိယနိုင်ငံသို့ ကူးသွားသလို တချိန်က အသင်းတော်၏ သင်း ထောက်တချို့သည်လည်း အိုဘီအရက်ဖြင့် စီးပွားကောင်းနေကြသည်၊ အရင်းကိုတော့ မစစ် တော့ပါ............။

---

# လူကြီးသဘောကျသွားတဲ့ အဖြေ

**မောင်လေး**

အပတ်စဉ် ( ) အခြေခံစစ်သင်တန်းတက်စဉ်။ ညတိုင်း (၈)နာရီကနေ (၉)နာရီအထိ လက်ချာအမြဲတမ်းတက်ရတယ်။ သင်တန်းဆင်းမယ့်အချိန်နီးပြီမို့ သင်တန်းသားအယောက်တိုင်းရဲ့ စိတ်ဓါတ်သည်လည်း အင်မတန်တက် ကြွနေကြတယ်။ ဗျူဟာပိုင်းရောက်ပြီမို့ ညလက်ချာတက်ရမှာလည်း ဗျူဟာနဲ့ပတ်သက်တဲ့ နည်းနာတွေကို သင်ရတဲ့အတွက် စိတ်ဝင်စားဖွယ်ကောင်းလှပါတယ်။

တစ်ညသော လက်ချာမှာတော့ လေ့ကျင့်ရေးမှူးက စခန်းသိမ်းနည်းနဲ့ ရန်သူက မိမိစခန်းကို လာသိမ်းပိုက်လျှင် တပ်စခန်းလုံခြုံရေးကို ဘယ်လိုယူရမယ်၊ ဘယ်လိုအကာအကွယ်ပြုပြီး၊ ဘယ်လိုခုခံရမယ်ဆိုတာတွေကို ပို့ချသွားပါတယ်။ ဒီလိုနဲ့ အားလုံးစိတ်ဝင်တစားနားထောင်နေချိန်မှာ သင်တန်းမှူးက မိမိတို့သင်တန်းသားတွေကို သင်ပုန်းမှာ တပ်စခန်းမြေပုံတခုဆွဲပေးပြီး တစ်ယောက်ပြီးတစ်ယောက် မေးခွန်းမေးပါတယ်။ မေးလိုက်တဲ့မေးခွန်းကတော့ " ရဲဘော်တို့ ဒီမှာဆွဲထားတဲ့ပုံက မိမိတို့ခြေကုတ်ယူထားတဲ့ တပ်စခန်းလို့သဘောထားပြီး အဲဒီစခန်းကို ရန်သူက အရှေ့နဲ့ အရှေ့တောင်ဖက်ကနေ ဝင်ရောက်သိမ်းပိုက်ဖို့ ချီတက်လာပြီလို့ စိတ်ကူးယဉ်ထားကြပါ။ အဲတော့ အဲဒီရန်သူကို ခုခံတိုက်ခိုက်ဖို့အတွက် ဘယ်လိုလုပ်ကြမလဲ" ဆိုပြီး တစ်ယောက်ပြီးတစ်ယောက်မေးလာပါတယ်။ အဖြေကလည်း တစ်ယောက်ပြီးတစ်ယောက် မတူကြဘူး၊ ဒီလိုနဲ့ သင်တန်းသား ပေါက်ကြိုင်း အလှည့်ရောက်လာပါတယ်။ သူ့အဖြေကိုကြားလိုက်ရချိန်မှာတော့ အားလုံးက ဟားကနဲဖြင့် သင်တန်းမှူးသည်လည်း ပါးစပ်အဟောင်းသားနဲ့ သဘောကျသွားပါတယ်။ သူ ဘယ်လိုဖြေလိုက်လဲ သိလား............

**" အဲဒီလို ဖြစ်လာလို့ရှိရင် ကျွန်တော် စိတ်ကူးယဉ်ထားတာကို ရပ်တန့်ပစ်လိုက်မယ် သင်တန်းမှူး"** လို့ပါ ခင်ဗျား.....

---

# အမိမြေကိုစွန့်ခွါခြင်း

**ဆလိုင်းချစ်သူ (ရှင်းသားလေး)**
**မလေးရှား (**၂၂/ ၇/ ၂၀၁၄)

အချိန်ကာလ ကြာလာသည်နှင့်အမျှ တဖြည်းဖြည်းချင်း အဆမတန်တိုးလာသည်ကို လူတိုင်း သတိထားမိလိမ့်မည်ထင်ပါသည်။ ဘာတွေများ တိုးလာသလဲ...? လို့ တွေဝေမိမှာကို ကျွန်တော် မြင်ယောင်မိပါသည်။ ကျွန်တော်တို့ရဲ့ မွေးရပ်နယ်မြေဒေသကို စွန့်ခွာပြီးပြည်ပသို့ အစုလိုက် အပြုံလိုက် ထွက်ခွာလာသည့် ကျွန်တော်တို့ ချင်းလူမျိုးများကို မြင်သာစေလိုခြင်းဖြစ်ပါသည်။ (၈)လေးလုံးအရေးအခင်းမှစပြီး ယနေ့ထိ ပြည်ပနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ထိုင်း၊ မလေးရှား သို့ ထွက်ခွါအခြေချလာသည်မှာ ဆယ်စုနှစ်ကျော်နေပြီ ဖြစ်ပါသည်။ ကျွန်တော်တို့ ချင်းလူမျိုးများ သည် ကိုယ်ပိုင်ဆိုင်ထားသည့် သမိုင်းပေး ရေ၊ မြေ များ ပိုင်ဆိုင်သည့်လူမျိုးများ ဖြစ်သော်ငြား လည်း ကျွန်တော်တို့ ကိုယ့်မြေပေါ်မှာ မနေရဘဲ အဘယ့်ကြောင့် သူများနယ်မြေ (တိုင်းတစ်ပါး နယ်မြေ) မှာ မျှော်လင့်ချက်များ အိပ်မက်သဖွယ် ဒုက္ခသည်အဖြစ် ရောက်လာကြသလဲ...? ကျွန်တော်တို့ ချင်းလူမျိုးများသည် အမှန်စင်စစ် ဒုက္ခသည်များဖြစ်ကြပါသလား...? ကျွန်တော်တို့ အခြေချနေထိုင်မည့်နေရာ (နိုင်ငံ) ဟာ အမိမြေ ကိုယ့်နိုင်ငံမဟုတ်လော့...? ဒီအကြောင်းအရာ များကို ကျွန်တော်တို့ ဆက်ပြီး သုံးသပ်ကြည့်ရအောင် ..

လွန်ခဲ့သည့်နှစ်ပေါင်း ၃၀၀ မတိုင်မီမှာ ကျွန်တော်တို့ ချင်းလူမျိုးများသည် မည်သူ့လက်အောက် မှာမနေ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်စော်ဘွားနဲ့ နေထိုင်လာခဲ့ကြပါသည် မဟုတ်လော။ ၁၈၉၅ နောက်ပိုင်း နယ်ချဲ့ အင်္ဂလိပ် လက်အောက်ထဲ ကျရောက်သည့်တိုင် သမိုင်းပေးအမွေအနှစ် များဖြစ်သည့် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု၊ ကိုယ်ပိုင်ထုံးတမ်းဓလေ့အစဉ်အလာများဖြင့် အုပ်ချုပ် ကာ သီးခြားလွတ်လပ်စွာ နေထိုင်ခဲ့ကြသည့် လူမျိုးများ ဖြစ်ကြပါသည်။ ၁၈၉၆ ခုနှစ်တွင် ဗြိတိသျှတို့သည် ချင်းပြည်နယ်တွင် ချင်းတောင်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေစည်းမျဉ်း ( 1896 Chin Hill Regulation Act)ကို ရေးဆွဲကာ သီးခြားအုပ်ချုပ်မှုအစပျိုးပေးခဲ့သည်။ ဒါတွေ ကိုကြည့်ခြင်းအားဖြင့် ကိုယ်ပိုင်မြေပိုင်ဆိုင်ထားသည့် လူမျိုးများဖြစ်ကြောင်းကို သမိုင်းကြောင်း ဖြင့်သက်သေထူပေးခဲ့သည်။ ကျွန်တော်တို့ ချင်းလူမျိုးများသည် စက္ကူဖြူစာတမ်းအရသော် လည်းကောင်း၊ အောင်ဆန်းအက်တလီစာချုပ်အရ သော်လည်းကောင်း လွတ်လပ်သည့် လူမျိုး

တစ်မျိုးအဖြစ် ထင်ရှားလှပါသည်။ ကျွန်တော်တို့ ချင်းလူမျိုးများသည် ကမ္ဘာ့အလယ်မှာ နယ်မြေပိုင်ဆိုင်သည့် လူမျိုးတစ်မျိုးဖြစ်ကြောင်းကို သမိုင်းသာဓကများက ပြသနေပေသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးအကြိုကာလ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၆ - ၇) ရက်နေ့များတွင် ရှမ်းပြည်နယ်၊ ပင်လုံမြို့၌ သွေးချင်းတူတိုင်းရင်းသားများဖြစ်ကြသည့် ရှမ်း၊ ကချင်၊ ချင်း ကိုယ်စားလှယ်များ တွေ့ဆုံကြပြီး အဆင့်အတန်းတူ၊ အခွင့်အရေးတူ၊ ဒီမိုကရေစီနည်းကျကျ ခံစားခွင့်များနှင့် ပြည်ထောင်စုမှ ခွဲထွက်လိုက ခွဲထွက်နိုင်ခွင့်ရှိမည်ဆိုလျှင် ဗမာ၊ ရှမ်း၊ ကချင်၊ ချင်းတို့ အတူတကွပူးပေါင်းပြီး တိုင်းပြည် (ပြည်ထောင်စုမြန်မာနိုင်ငံတော်) ထူထောင်ရန် သဘောတူညီခဲ့ကြသည်။ ယင်း သဘောတူညီချက်ကို ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာကိုယ်စားလှယ်အဖွဲ့ကလည်း လက်ခံသဘောတူညီခဲ့ကြသဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးကာ ကမ္ဘာ့အလယ်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ပေါ်ထွန်းလာခဲ့သည်။ ပင်လုံစာချုပ်အရ တိုင်းရင်းသားအချင်းချင်းအကြား နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးနှင့်လူ့အခွင့်အရေးများအရ အဆင့်အတန်းတူ၊ အခွင့်အရေးတူညီ ရပိုင်ခွင့်ဟူသော အာမခံချက်ဖြင့် ပြည်ထောင်စုကို တည်ဆောက်ရန် ရည်ရွယ်ခဲ့သော်လည်း ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုတည်ထောင်လာသောအခါ လူဦးရေအများစုဖြစ်သော ဗမာအမျိုးသားများက လွှတ်တော်နစ်ခုတွင် ကြီးစိုးထားခြင်း၊ ဗမာပြည်နယ်သီးသန့်ဖွဲ့ စည်းမှုမရှိခြင်း၊ ဗဟိုအစိုးရအာဏာနှင့် ပြည်နယ်အစိုးရအာဏာခွဲဝေပေးမှုမရှိခြင်း၊ ပြည်နယ်ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲခွင့်မရှိဘဲ ရန်ကုန်အစိုးရသည် ဗဟိုအစိုးရဖြစ်သွားပြီး ပြည်နယ်၊ ပြည်မဟုခွဲခြားလျက် အချုပ်အခြာအာဏာဟူသမျှကို သိမ်းကျုံးကာ ရန်ကုန်အစိုးရက ချုပ်ကိုင်ထားခြင်းဖြင့် ပင်လုံစာချုပ်၏ အနှစ်သာရဖြစ်သော ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံမျိုးမဟုတ်တော့ဘဲ တစ်ပြည်ထောင်စံနစ်ဖွဲ့စည်းပုံဖြင့် အုပ်ချုပ်လာခဲ့ကြသည်။ ထို့ကြောင့် လူမျိုးရေး၊ နိုင်ငံရေးအရ တန်းတူညီမျှမှုမရှိဘဲ အဆင့်အတန်းခွဲခြားမှုရှိခဲ့သည့်အပြင် ဘိုးဘွားအမွေအနှစ်ဖြစ်သည့် အမိချင်းလဲန်မြေအချို့ကိုပင် ဗမာပြည်မအစိတ်အပိုင်းအဖြစ်သို့ ဖဲ့ခြမ်းခြင်းခံခဲ့ရသည်။ ချင်းအမျိုးသားညီအစ်ကိုမောင်နမများအကြား အုပ်ချုပ်ရေးအရ ခွဲခြားအုပ်ချုပ်စေခြင်းမျိုးများ ခံခဲ့ရပြန်သည်။ ဤသို့သော အခြေအနေများကြောင့် တိုင်းရင်းသားအချင်းချင်းအကြား ပြည်တွင်းစစ်မီးတောက်လောင်ခဲ့ရပြီး ထိန်းမနိုင် သိမ်းမရအခြေအနေအဖြစ်သို့ ဆိုက်ရောက်လာခဲ့ရသည်။ ထို့ကြောင့် ပြည်ထောင်စုအတွင်း အဓိက နိုင်ငံရေးပြဿနာဖြစ်သည့် ပြည်ထောင်စုစစ်စစ် ပေါ်ထွန်းလာရေးအတွက် ရှမ်းပြည်တောင်ပိုင်း၊ တောင်

ကြီးမြို့တွင် ရှမ်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ချင်း စသည့်တိုင်းရင်းသားများ ၁၉၆၁ ခုနှစ်၊ ဇွန်လ (၈-၁၆) ရက်နေ့အထိတွေ့ဆုံကာ ပြည်နယ်ပေါင်းစုံညီလာခံကို ကျင်းပခဲ့ကြပါသည်။ ဤသို့ ပြည်ထောင်စုအတွင်း ငြိမ်းချမ်းရေး၊ တရားမျှတမှုရရှိရေးအတွက် ပြည်ထောင်စုစစ်စစ် တည်ထောင်ရန်ကြိုးပမ်းမှုအား ဗိုလ်ချုပ်ကြီးဦးနေဝင်း ဦးဆောင်သော ဗမာ့တပ်မတော်သည် ပြည်ထောင်စုပြိုကွဲမည့်အရေးမှ ကယ်တင်ရန်ဟု အကြောင်းပြကာ ၁၉၆၂ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် ပြည်သူ့အစိုးရထံမှ နိုင်ငံတော်အာဏာကို စစ်အင်အားသုံးကာ တော်လှန်ရေး ကောင်စီအမည်ဖြင့် မတရား အာဏာသိမ်းပိုက်ပြီး စစ်အာဏာစံနစ် စတင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိုဖျက်သိမ်းပြီး စစ်အုပ်ချုပ်ရေး စံနစ်ဖြင့် (၁၂)နှစ်လုံးလုံး အုပ်ချုပ်ခဲ့သည်။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၈)ရက်နေ့တွင် ပြည်သူ တစ်ရပ်လုံးဆိုင်ရာ အုံကြွမှုကြီး တစ်ခုပေါ်ပေါက်လာကာ တစ်ပါတီအာဏာရှင်စံနစ် ဖြုတ်ချ ခဲ့သော်လည်း ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့တွင် ဒုတိယအကြိမ် အာဏာရူးမူး သည့် စစ်အုပ်စုမှ အာဏာပြန်သိမ်းခဲ့သည်။ ချင်းအမျိုးသားတို့သည် စစ်အစိုးရလက်အောက် တွင် မိမိတို့အမျိုးသားအခွင့်အရေးများ ဆုံးရှုံးခဲ့သည့်အပြင် ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ ထုံးတမ်း စဉ်လာများနှင့် စာပေများကိုပါ စနစ်တကျ ဖျက်သိမ်းခြင်း ခံခဲ့ရသည်။ ချင်းအမျိုးသားတို့အ နေဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရှိသည့်အပြင် မိမိတို့ချင်းအမျိုးသားများ နယ်မြေကိုပင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရနယ်မြေအဖြစ် သတ်မှတ်ပေးခွင့်မရှိခြင်း၊ အခြေခံဒီမိုကရေစီအခွင့်အရေး တားမြစ် ခံခဲ့ရခြင်း၊ ပြည်ထောင်စုဥပဒေပြုရေးတွင် အချိုးတူကိုယ်စားလှယ်လွှတ်ခွင့်မရှိခြင်း၊ ချင်းလူမျိုး များကို ဖိနှိပ်အုပ်ချုပ်ခြင်း၊ အခြားပြည်နယ်များကဲ့သို့ မအုပ်ချုပ်ဘဲ ခွဲခြားအုပ်ချုပ်ခြင်းများ စသည့်ပြဿနာများနှင့် ကြုံတွေ့ရသည်။ ဤအကြောင်းအရာများသည် ကျွန်တော်တို့ ချင်းလူမျိုး များကို လှောင်အိမ်မှ ထွက်ပေါက်ရှာသည့်ငှက်ပမာ ထွက်ပေါက်ရှာရန် အဓိက တွန်းအား တရပ်ဖြစ်လာခဲ့သည်။ ဒါကြောင့်လည်း စစ်အစိုးရ၏ ဖိနှိပ်အုပ်ချုပ်ခြင်းဒဏ်ကို မခံနိုင်တော့သည့် အဆုံးမှာတော့ မိခင်နိုင်ငံကို စွန့်ခွာပြီး ပြည်ပနိုင်ငံတိုင်းတစ်ပါးမြေသို့ ထွက်ခွါလာရခြင်း ဖြစ်ပါ သည်။ ချင်းလူမျိုးများသည် ဆင်းရဲသော လူမျိုးများမဟုတ်ချေ။ စစ်အစိုးရ၏ ဘက်စုံချုန်လုပ် ထားပြီး အုပ်ချုပ်သောစံနစ်ကြောင့် ဆင်းရဲသောပြည်နယ်ဘဝအဖြစ်ရောက်ရခြင်း မဟုတ်ပါ လော့..။ ကျွန်တော်တို့ ချင်းလူမျိုးများ၏ သုံးပုံတစ်ပုံခန့်သည် ပြည်ပနိုင်ငံသို့ ရောက်ရှိလာကြ

သည်မှာ အခြားအကြောင်းရင်းကြောင့်မဟုတ်၊ ကျွန်တော်တို့ရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေးပေါ်လစီ မကောင်းခြင်းကြောင့်သာ ဖြစ်ပါသည်။

ယနေ့ကာလသည် ကျွန်တော်တို့ ချင်းအမျိုးသားတို့ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးမှာ လွန်စွာ အရေးကြီး သည့် အချိန်ကာလဖြစ်ပါပြီ။ ကျွန်တော်တို့ ဘိုးဘွားများ၏အမွေ ချင်းလဲန်ကို ပြန်လည်မွမ်းမံပြီး ချစ်စရာကောင်းသည့် မျက်နှာပိုင်ရှင်ဖြစ်လာအောင် သနပ်ခါးမိတ်ကပ်ပါ လိမ်းခြယ်ပေးရမည့် အချိန်အခါဆိုက်ရောက်လာနေပါပြီ။ ၎င်းအရေးအတွက် တစ်ဦးချင်းစီမှ ဒီမျိုးနွယ်စုအလိုက်၊ ဒေသအလိုက်စည်းလုံးညီညွတ်မှု တည်ဆောက်သည့်အဆင့်မှ ချင်းတစ်မျိုး သားလုံးစုစည်းညီညွတ်မှုကို အခိုင်မာဆုံးနှင့် အမြင့်မားဆုံးတည်ဆောက်ရမည့် အချိန်အခါ လည်း ဖြစ်ပါပြီ။ ပြည်ပနိုင်ငံသို့ရောက်သော်ငြားလည်း ကျရာအခန်းကဏ္ဍအသီးသီးမှ အမျိုး သားရေးတာဝန်ကို တက်ညီလက်ညီ စွမ်းစွမ်းတမန်ပါဝင်လုပ်ဆောင်ရန် မမေ့ကောင်းပေ။ ကျွန်တော်တို့၏ ချင်းလဲန်းသည် ကျွန်တော်တို့၏ လက်ထဲတွင်သာ ရှိသည်နည်းတူ တပါးသူ လက်ထဲသို့ ရောက်မသွားအောင် ကာကွယ်ထိန်းသိမ်းရန်မှာ ကျွန်တော်တို့ ချင်းတမျိုးသားလုံး၏ သမိုင်းပေးတာဝန်ဟု ယူဆလည်းမမှားနိုင်ချေ။ ကျွန်တော်တို့ ချင်းလူမျိုးများသည် သစ္စာကို ကိုင်စွဲသည့် လူမျိုးများပီပီ ဘယ်နိုင်ငံ၊ ဘယ်ဒေသရောက်ရောက် ကျွန်တော်တို့ အမိမြေချင်းလဲန် အပေါ် သစ္စာမဖောက်ပဲ ချင်းလဲန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်တစ်ချပ်သဲတစ်ပွင့်ပမာ လိုက် လျောစွာ ပါဝင်လုပ်ဆောင်သင့်နေပါပြီ။ ကျွန်တော်တို့၏ ချင်းလဲန်ထက် အဆမတန်တိုးတက် ကြီးပွားသည့် နိုင်ငံဒေသ ရောက်နေပါသော်လည်း ကျွန်တော်တို့ကို လူလားမြောက်အောင် မွေးဖွားပေးသည့် မိဘများ၊ အဘိုး အဘွားများ၊ ဒီရေ၊ ဒီမြေ၊ ဒီပတ်ဝန်းကျင်၊ ဒီတောင်တန်း၊ ဒီရှုခင်းများကို မမေ့လင့်ကစား သစ္စာတရား မြဲမြဲစွဲကိုင်ဖို့ရန် လိုအပ်လှပါသည်။ ကျွန်တော်တို့ သည် တိုင်းတပါးတို့၏နယ်မြေ နိုင်ငံရပ်ခြားမှာ ရေလိုက်ငါးလိုက်ဘဝဖြင့် ပျော်ရွှင်မြူးတူး နေ ထိုင်စားကောင်းနေရပေမဲ့ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်မိဘ ဆရာသမားများ၊ တစ်ရေတည်း သောက် တစ်အိုးတည်းစားခဲ့ဖူးသည့် ရွာသူ/သားများ ဆွေမျိုးများမှာမူ ယနေ့ထိတိုင် ဆင်းရဲလှ သော ချင်းပြည်၏ဒဏ်ကို အံကြိတ်ရင်း ခံနေရရှာပါသည်။ သင်နှင့်ကျွန်တော် ဘာကို တစိုး တစိလောက် လုပ်ပေးနိုင်မည်နည်း။ ကျွန်တော်တို့သည် ပြည်ပမှာ တစ်သက်လုံးအခြေချနေထိုင် မည်ဟု မည်သူကမျှ အာမမခံနိုင်။ ကျွန်တော်တို့ နိုင်ငံဒီမိုကရေစီ ထွန်းကားသည့် တစ်နေ့ကျရင် ချင်းလဲန်ပြည်မှာ တဖြုတ်ဖြုတ်ပြည်တော်ပြန်ကြ မည်မဟုတ်ပါလော။ ဤအကြောင်းအရာ မြင် ယောင်တွေးမိရင်း ချင်းအဆိုတော် ထွက်ခမ်ရဲ့သီချင်းကို လှမ်းပြီး သတိရမိပါသည်။ **"ဒီလိုမြို့ ပြဘဝက အဆင့်မြင့်ပါတယ်၊ နေထိုင်စားသောက်ဖို့အတွက် အားလုံးအဆင်ပြေ ဒါပေမဲ့လည်း ကျွန်တော်ရဲ့အသွေးအသားကတောင်းဆို တောင်ပေါ်အမေ့ရဲ့ ထမင်းနှင့်ဟင်းကို ကျွန်တော်တမ်း**

**တ"** ဟူ၍ ဆင်းရဲလှသော ချင်းပြည်နယ်ဆိုသည့် ၂၀၁၀ UNDP ကောက်ချက်မှတ်တမ်းအရ ဆိုရပေမဲ့ တို့ချင်းသွေး စင်စစ်သူများ၏ စိတ်မှာကား အမိမြေကို ဤသိချင်းဖြင့် ကျူးအက်ရင်း ဂုဏ်ယူနေရစမြဲပင်။

၂၁ ရာစုမှာ မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံး (၅၈)နိုင်ငံတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ချင်းပြည်နယ်သည် မြန်မာနိုင်ငံတွင် အဆင်းရဲဆုံးပြည်နယ်တစ်ခု ဖြစ်ခဲ့ပါသည်။ ဤကဲ့သို့ ပြောရင်း လက်စမို့ ချင်းပြည်နယ်အတွင်းမှာမှ ပလက်ဝမြို့သည်ပင် ချင်းပြည်နယ်၏ အဆင်းရဲဆုံးမြို့ဟု မလှမပ သရော်သည့်ပုံစံမျိုးဖြင့် ပြောနေကြပြန်သေးသည်။ ရင်နာစရာမကောင်းဘူးဟု မည်သူ ပြောဝံ့မည်နည်း။ ထို့ကြောင့် ချင်းအမျိုးသားများအားလုံးသည် အမိချင်းပြည်ကို ဆင်းရဲတွင်း ထောင်ချောက်မှ လွတ်မြောက်အောင် လုပ်ဆောင်ရမည့်တာဝန်ဖြစ်လာသည်။ ကျွန်တော်တို့ ချင်းပြည်ဆင်းရဲရခြင်း၏ အကြောင်းရင်းအစစ်အမှန်ကား နိုင်ငံရေးစံနစ်မကောင်းခြင်း ကြောင့်ပေတည်း။ အမျိုးသားရေး စည်းလုံးညီညွတ်မှုမရရှိခြင်းကြောင့်လည်း တစ်ကြောင်းပါဝင်ခြင်း ပေတည်း။ ချင်းအမျိုးသားအားလုံးသာ စုစုစည်းစည်းဖြစ်ကာ ပေါင်းစည်းခြင်းဖြင့် အမျိုးသားတော်လှန်ရေးတိုက်ပွဲ ဝင်ကြမည်ဆိုလျှင် ယနေ့အာဏာရှင်စံနစ်ကို တွန်းထုတ်နိုင်ပြီး ဖက်ဒရယ်ပြည်ထောင်စုစံနစ်ကို အောင်မြင်စွာ တည်ထောင်နိုင်မည်မှာ ဧကန်မုချပါ။ ကျွန်တော်တို့ ပြည်နယ်၊ လူမျိုး ဆင်းရဲတွင်းထောင်ချောက်မှ လွတ်မြောက်နိုင်ရန် မည်သည့်အစိုးရ၊ NGO များကမျှ ထောက်ပံ့ပြီး လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ ကျွန်တော်တို့ရဲ့ စည်းလုံးခြင်း အမျိုးသားရေး အောင်ပွဲ (Federal) နဲ့သာ လွတ်မြောက်နိုင်မည် ဖြစ်ပါသည်။ ဒါကြောင့် ဖက်ဒရယ်မူကို ကိုင်စွဲပြီး ကျွန်တော်တို့ ချင်းလူမျိုးများ အမျိုးသားရေးတိုက်ပွဲ ဆင်နွှဲဖို့ရန် အချိန်တန်ပြီဖြစ်သည်။ **"အမျိုးသားရေးတိုက်ပွဲ"** လို့သုံးနှုန်းခြင်းသည် စစ်ပွဲကိုရည်ညွှန်းခြင်းမဟုတ်ပါ။ ကျွန်တော်တို့ရဲ့ အမျိုးသားရေးစိတ်ဓါတ်ကို မြှင့်တင်ကြဖို့လိုအပ်သလို မျိုးဆက်သစ်လူငယ်များကိုလည်း လမ်းကြောင်းမှန်ကန်စွာ ခေါ်ဆောင်လမ်းပြနိုင်ဖို့လည်း လိုအပ်လှပါသည်။ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်၊ အမျိုးသားအခွင့်အရေးများနှင့် မွေးရာပါ လူ့အခွင့်အရေးများ ဆုံးရှုံးနေသည့် ချင်းပြည်သူ၊ ပြည်သားများအတွက် ပြည်ပရောက်နေသည့် ကျွန်တော်တို့ ချင်းလူမျိုးတိုင်းမှာ တာဝန်အပြည့်အဝရှိပါသည်။ ဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံကြီးများသို့ရောက်ပြီး အတွေးအခေါ်များ၊ ခံယူချက်များ အောက်ကျကျန်ရစ်မနေသင့်တော့ပေ။ ဒါကြောင့် နိုင်ငံတကာမှာရောက်ပြီး ဘာသာစကားကွဲပြားကြပေမဲ့ ကျွန်တော်တို့ရဲ့ ချစ်ခင်မှု၊ အဘိုးအဘွားများ၏ သံယောဇဉ်ကြီးမှုနှင့် စည်းလုံးမှုတို့ကို ကျွန်တော်တို့က ဆက်လက်ရှင်သန်ရန် ထိန်းသိမ်းဖို့လိုအပ်ပါသည်။ ကျွန်တော်တို့ရဲ့

အဝတ်အစားများနှင့် စကားပြောပုံဟန်ပန်အမူအရာတွေ ကွဲပြားပေမဲ့ စိတ်ဓါတ်ရေးရာ စစ်ဆင်မှုအရ ကျွန်တော်တို့ရဲ့ ညီညွတ်မှုကို တည်ဆောက်နိုင်ဖို့လိုအပ်ပါသည်။ ဒီနေ့ဒီချိန်မှာ ကျွန်တော်တို့ ချင်းမျိုးနွယ်စုများအားလုံး စုစည်းပြီး ညီညီညွတ်ညွတ်နှင့် အမျိုးသားရေးတာဝန်၊ သမိုင်းပေးတာဝန်များကို ထမ်းရွက်သယ်ပိုးဖို့လိုအပ်နေပါသည်။ ကျွန်တော်တို့၏ ဘိုးဘွားအမွေ ချင်းလဲန်ကို ပြုစုပျိုးထောင်ရေးမှာ ကျွန်တော်တို့ ချင်းလူမျိုးများတိုင်းမှာ တာဝန်ကိုယ်စီ ရှိကြပါသည်။

ထို့ကြောင့် ကျွန်တော်တို့၏ နိုင်ငံ၊ အမိချင်းပြည်နယ် တိုးတက်ဖွံ့ဖြိုးလာရန်နှင့် စစ်မှန်သော ဒီမိုကရေစီစံနစ်၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းလာနိုင်ရေးအတွက် နိုင်ငံတကာရောက် ချင်းလူမျိုးတိုင်းကျရာ အခန်းကဏ္ဍအသီးသီး လေးဘက်လေးတန် ထောင့်စုံလေးထောင့်မှ မိမိတို့၏ အတတ်ပညာ၊ အသိပညာများကို အသုံးချတတ်ပြီး လက်တွဲညီညီ မောင်တစ်ထမ်း မယ်တစ်ရွက် ဆိုဘိသကဲ့သို့ အမျိုးသား/သမီးတိုင်း ကြိုးစားလုပ်ဆောင်ကြရန် လိုအပ်လှပါသည်။ အနာဂတ်မျိုးဆက်သစ်ကြယ်ပွင့်များမှ ခေါင်းဆောင်ကောင်းကြီးများ မွေးထုတ်နိုင်ရေးသည်လည်း တာဝန်တစ်ခုဟု မိမိကိုယ်ကို စည်းကမ်းသတ်မှတ်သင့်ကြောင်းလည်း လိုနေပါသေးသည်။ ကျွန်တော်တို့ ချင်းလူမျိုးများသည် မိမိတို့ပိုင်ဆိုင်သည့် နယ်မြေရှိသည့်အတွက် ရောက်ရာအရပ်ကနေ တစ်နေ့တစ်ချိန်ကျရင် အမိမြေချင်းပြည်ကို အတည်မပြန်ရင်တောင်မှ သတိရခြင်းဖြင့် အလည်တခေါက် တော့ပြန်လာဖို့လည်း တိုက်တွန်းချင်ပါသေးသည်။ ယနေ့ နိုင်ငံတကာရောက် ချင်းလူမျိုးများ၊ ချင်းအဖွဲ့အစည်းများ၊ ချင်းခေါင်းဆောင်များ ကမ္ဘာအဆက်ဆက် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိသည့်လူမျိုး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဒေသခံလူမျိုး၊ လွတ်လပ်သောလူမျိုး၊ ကြွယ်ဝချမ်းသာသောလူမျိုး နယ်မြေပိုင်ဆိုင်သော လူမျိုးများ ဖြစ်သည်ကိုမမေ့ဘဲ သမိုင်းပေးတာဝန်ကို အမြဲတမ်းခေတ်လူငယ်အဆက်ဆက်နှင့် လက်တွဲကာပခုံးပြောင်းတာဝန်ဖြင့် အရယူနိုင်ဖို့ဖြစ်ပါသည်။ ကျွန်တော်တို့အနေဖြင့် အမိချင်းပြည်ကို မပြန်တော့ဘူး၊ မနေတော့ဘူး၊ မကာကွယ်မစောင့်ရှောက်တော့ဘူးဆိုလျှင် ကျွန်တော်တို့၏ အဘိုးအဘွားများ၊ မိဘများနှင့် မျိုးဆက်သစ်လူငယ်တို့၏ ရှေ့ရေးမှာမူ တွေးရင်းရင်လေးစရာပင်တည်း။ ဒါကြောင့် ကျွန်တော်တို့ စည်းလုံးညီညွတ်ပြီး အမိမြေချင်းလဲန်ကိုစောင့်ရှောက်ဖို့ လိုအပ်နေပါပြီ။ တချိန်တုန်းက အာရေဗျ ကန္တာရထဲမှာ ဆင်းရဲစွာ ကုလားအုတ်နှင့်အတူ တဲဖျင်များထိုးကြပြီး နေထိုင်ခဲ့ကြသည့် လူမျိုးများ နွေနေ့ခင်းမှာ အပူဒဏ်ကို ကြိတ်ကြိတ်ခံရပြီး ညမှာတော့ ခိုက်ခိုက်တုန်အောင်ချမ်းလှသည့် အာရတ်လူမျိုးများဟာ မိမိတို့၏ ဒေသကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည့်အတွက် နောင်တခေတ်တွင်ရေနံထွက်သည့်နိုင်ငံ၊ ကြွယ်ဝချမ်းသာပြီး တိုက်၊ ကား၊ အိုးအိမ်နှင့်ပြည့်စုံပိုင် ဆိုင်သည့်နိုင်ငံနှင့် လူမျိုးများဖြစ်လာကြပါသည်။ ထို့နည်းတူ ကျွန်တော်တို့ရဲ့ ချင်းလဲန်ကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်မည်ဆိုလျှင် တနေ့တချိန်မှာ

တော့ ကြွယ်ဝချမ်းသာသည့် နိုင်ငံနှင့်လူမျိုးများ ထွန်းပေါက်လာမည့်နေ့သစ်ကို ယုံကြည်မျှော်လင့်မိပါသည်။ ကျွန်တော်တို့ ချင်းလူမျိုးများသည် သစ္စာရှိသည်၊ ရိုးသား ဖြူစင်သည်၊ ဖွဲသတ္တိရှိသည်၊ ရဲရင့်သည် စသည့် ပေတစ်မျိုး၊ ဂန်တစ်မျိုး၊ စာတစ်မျိုး ဖော်ပြရေးသားသည့် ဆောင်းပါး၊ မဂ္ဂဇင်း၊ ဝတ္ထုများစွာဖတ်ဖူး ကြားဖူးပါသည်။ ဒါကြောင့် ဘယ်နိုင်ငံပဲ ရောက်သွားနေဦးတော့ ဇာတိသွေး အောက်ချင်းငှက်သစ္စာကို မမေ့၊ တောင်ဇလပ်ပန်းများပွင့်ဖူးရာမြေ အမိချင်းတောင်တန်းဆီသို့ စိတ်အာရုံပြုကာ မိမိနိုင်ငံ မကောင်းသည့်အတွက် ပြည်ပနိုင်ငံသို့ ရောက်ရှိလာသည်ကို စိတ်နှလုံးထဲသွင်းပြီး မိမိနိုင်ငံ ပြန်လည်ကောင်းမွန်လာရေးမှာ အဖက်ဖက်မှပါဝင်လုပ်ဆောင်ဖို့ အချင်းတို့ကို သတိရစေချင်လွန်းလှပါသည်။ ကျွန်တော်တို့ ရောက်ရာအရပ်အသီးသီးမှာ အမျိုးသားရေးလက္ခဏာများနှင့် ရိုးရာယဉ်ကျေးမှုများ ပပျောက်မသွားအောင် ဆက်လက်ထိန်းသိမ်းဖို့လည်း လွန်စွာအရေးကြီးလှပါသည်။ ကျွန်တော်တို့သည် စစ်အစိုးရ၏ ခွဲခြားအုပ်ချုပ်ခြင်း၊ ဘာသာရေးချိုးနှိမ်ကန့်သတ်ခြင်း၊ လူမျိုးရေးခွဲခြားဆက်ဆံခြင်း စသည့်စသည့် ဘက်ပေါင်းစုံခွဲခြားပြီး ဖိနှိပ်အုပ်ချုပ်သောကြောင့် ပြည်ပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ကာ ဒုက္ခသည်များဘဝဖြင့် နေ့စဉ် ရုန်းကန်နေရခြင်းဖြစ်ပေသည်။ ဒါကြောင့် ပြည်ပနိုင်ငံမှာ ပညာမျိုးစုံသင်ယူပြီး အသိအမြင်ပညာနှင့် အတတ်ပညာများကို လေ့လာဆည်းပူးပြီး ထိုပညာများ မသိမတတ်သေးသည့် မိမိလူမျိုးများကို အမွေပေးသင်ကြားပေးရန် ကြိုးစားရမည်ဖြစ်ပါသည်။ " မိမိသည် အဘယ့်ကြောင့် ပြည်ပနိုင်ငံသို့ ရောက်လာသနည်း" ဆိုသည့်မေးခွန်းကို ဖြေနိုင်ဖို့အရေးကြီးသလို မည်သူ့ကြောင့် ဒုက္ခသည်ဖြစ်သနည်း။ မည်သူ့အားဖြင့် ဒုက္ခသည်အဖြစ် လက်ခံသတ်မှတ်နိုင်သနည်းဆိုသည့် မေးခွန်းပေါင်းများစွာကို မိမိနှုတ်ဖျားဖြင့်ဖြေဆိုနိုင်ရန် ကြိုးစားသင့်ပါသည်။ ထို့ကြောင့် မိမိချင်းလူမျိုးများသည် လူတကာထက်ကြိုးစားရန် လိုအပ်ပါသည်၊ အမျိုးသားရေးစိတ်ဓါတ် မွေးရမည်၊ အမိမြေ ချင်းပြည်ကို ပြန်လည်မွမ်းမံပျိုးထောင်ပြီး ကာကွယ်စောင့်ရှောက်ရမည်၊ စည်းလုံးညီညွတ်စွာဖြင့် အမျိုးသားရေးအောင်ပွဲခံနိုင်ရမည်၊ ဟူ၍ ရည်ရွယ်ရင်း ဤဆောင်းပါးအားဖြင့် လက်ဆင့်ကမ်းဆန္ဒပြုလိုက်ပါသည်။

## ကိုးကားစာအုပ်

(၁) ချင်းအမျိုးသား ဂျာနယ် အမှတ်စဉ် - ၁/၀၆

(၂) (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် မဂ္ဂဇင်း ( မလေးရှား )

(၃) (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ Pu Nang Lian Thang ၏ (Chairman 4, Chin National Front) မိန့်ခွန်း ( အမေရိကန် )

-----------------------------------------------

# လူထု၊ စုစည်းညီညွတ်မှု၊ ဦးနှောက်ဉာဏ်နှင့် စည်းလုံးခြင်းအားမာန်

**ဆလိုင်း ချိုးနားထန်း**

ဒီမိုကရေစီအင်အားစုတွေ၊ တောင်ပေါ်တိုင်းရင်းသားအင်အားစုတွေနှင့် လက်နက်ကိုင်အထိ ကျွန်တော်တို့ ဘာကြောင့် ကျဆုံးနေရတာလဲ။ သူတို့ ဘာကြောင့် အနိုင်ရနေရတာလဲ။ အကြောင်းကတော့ ကျွန်တော်တို့ မစုစည်းမညီညွတ်ကြလို့၊ ပြီးတော့ဉာဏ်နဲကြလို့ပါ။ Youtue တွေကတွေ့ရတဲ့ သင်ခန်းစာတွေကို အခြေခံပြီး ဆွေးနွေးချင်ပါတယ်။ ပေးထားတဲ့ Youtube link တွေကို ကြည့်ကြည့်ပါ။ ခြင်္သေ့နှစ်ကောင်သုံးကောင်လောက်နဲ့ ကျွဲအုပ်တို့ရဲ့ တွေ့ဆုံပွဲတိုင်းမှာ ဘယ်သူ နိုင်လဲ။ ခြင်္သေ့တစ်ကောင်နဲ့ ကျွဲတစ်ကောင်ရဲ့ အင်အားချင်းနှိုင်းယှဉ်လိုက်မယ်ဆိုရင် ခြင်္သေ့ဟာမသာနိုင်ပါဘူး။ ဒါတောင် အရေတွက်အရ ခြင်္သေ့ကတစ်ကောင်နှစ်ကောင်တည်းဘဲ။ ကျွဲက အုပ်လိုက်၊ ဒါပေမဲ့ ဒီလောက်သန်မာထွားကြိုင်းတဲ့ ကျွဲကြီးတွေဟာ ခြင်္သေ့စာပဲဖြစ်ဖြစ်နေရတယ်။ ခြင်္သေ့က လာဆွဲပြီဆိုရင် သူ့မှာရှိတဲ့အင်အားနဲ့ ပြန်ခုခံ၊ ပြန်တွန်းလှန်မယ်ဆိုရင် အနိုင်ရရှိနိုင်ပေမဲ့ ပြန်မတွန်းလှန်ဘဲ ငြိမ်ခံနေကြတယ်။ ရုန်းရင်တောင် မပြောပလောက်ပဲ။ ဉာဏ်မကူဘူး။ ငေါ..ငေါ...ငေါ..ဆိုပြီး အော်နေရတယ်။ ကျန်တဲ့အဖေါ်တွေကလဲမကူဘူး။ ကြောက်နေကြတယ်။ ဒါမှမဟုတ် လွှတ်ထားလိုက်ကြတယ်။ အုပ်ထဲက နှစ်ကောင်သုံးကောင်လောက်ကနေ ကူညီလိုက်ရင်ဖြစ်ရက်နဲ့ ကူညီရကောင်းမှန်း မသိနိုင်အောင် ဉာဏ်နဲတဲ့အဖေါ်တွေကြောင့် ကျွဲကြီးဟာ ခြင်္သေ့စာဖြစ်သွားရပါတယ်။ ဒါပေမဲ့ တစ်ခါတလေ ကျွဲတွေဟာ အချင်းချင်းဝိုင်းကူကြတဲ့ အချိန်လေးတွေလည်းရှိပါတယ်။ အံ့ဩဖွယ်ရာ အုပ်လိုက်ဝိုင်းကူကြတဲ့ အခါလည်းရှိတယ်။ အဲဒီလို အချင်းချင်း ဝိုင်းကူညီကြတဲ့အခါမှာတော့ ဉာဏ်များတဲ့ ခြင်္သေ့ဟာ ကျိန်းသေရှုံးပါတယ်။ ထွက်မပြေးရင် အသေခံရပါတယ်။ ထွက်ပြေးပေမဲ့ ကျွဲတွေရဲ့လိုက်လံတိုက်ခိုက်မှုကြောင့် အသေခံရတာလည်းရှိပါတယ်။ အောက်မှာ ပေးထားတဲ့ link တွေကိုကြည့်ပါ။

Link-1 မှာ ခြင်္သေ့တွေရဲ့လက်ထဲကို လုံးလုံးလျားလျားရောက် ရှိသွားပြီဖြစ်တဲ့ ကျွဲတစ်ကောင်ဟာ အဖေါ်တွေရဲ့ ကျေးဇူးကြောင့် အသက်ဘေးကနေ သီသီကလေးလွတ်မြောက်လာတယ်ဆိုတာတွေ့ရပါတယ်။ ဒီလိုသာ အဖေါ်တွေက အုပ်စု လိုက်လာမကယ်ဘူးဆိုရင် အဲဒီကျွဲဟာ မိနစ်ပိုင်းအတွင်းမှာပဲ ခြင်္သေ့တွေရဲ့ အစာဖြစ်တော့မှာပါ။

Link- 2 မှာလည်း စည်းလုံးညီညွတ်တဲ့ ကဏန်းကောင်အုပ်ဟာ စွန်ရဲတစ်ကောင်ကို သတ်ပစ်နိုင်တယ်ဆိုတာ တွေ့ရသလို စည်းလုံးညီညွတ်ပြီး တိုက်ကွက်ဖော်ဆောင်နိုင်တဲ့ ပုရွက်ဆိတ်တွေကြောင့် သူတို့ကို ဝါးမျိုဖို့ လာနေတဲ့အကောင်ကြီးရဲ့ နှာခေါင်းပေါက်ကို အသက်ရှူမရအောင် ပိတ်လိုက်ခြင်းဖြင့် အနိုင်ယူလိုက်ကြတာကို တွေ့ရပါတယ်။ တစ်ဖန် အဲဒီမှာပဲ ပင်ဂွင်းငှက်အုပ်စုတွေဟာ စည်းလုံးညီညွတ်ခြင်းအားဖြင့် ငါးကြီးရဲ့ရန်ကနေ လွတ်မြောက်ကြတာကို တွေ့ရပါတယ်။

Link- 3 မှာလည်းဘဲ စုစည်းညီညွတ်လာတဲ့ ကျွဲအုပ်ကို ခြင်္သေ့အုပ်က ကြောက်နေရတယ်ဆိုတာ တွေ့ရပါတယ်။

Link- 4 မှာတော့ ကျွဲဟာ လာကိုက်တဲ့ခြင်္သေ့ကို အင်အားရော‌ဉာဏ်နဲ့ပါ ပြန်လည်ခုခံနေတာကို တွေ့ရပါတယ်။ အဲဒီလိုမျိုး ကျွဲဟာ ရှားပါတယ်။ သူနဲ့တိုက်ခိုက်နေတဲ့ ခြင်္သေ့ဟာ ဘယ်လောက်ဉာဏ်များသလဲ။ ဘယ်လောက် ကောက်ကျစ်စဉ်းလဲသလဲ လေ့လာကြည့်ပါ။ မောနေဟန်၊ သေနေဟန်၊ ပြန်မထနိုင်တော့သည့်ဟန်လုပ်ပြပြီး ကျွဲက နောက်ပြန်လှည့်မည် အပြုတွင် ရုတ်တရက်ထကာ ပြန်ကိုက်တယ်။ နောက်ပြန်အလှည့်ကို ချောင်းနေပြီး နောက်ကနေ အလစ်ဝင်ကိုက်ဘို့ ကြံနေတယ်ဆိုတာ တွေ့ရတယ်။ ဒီနေရာမှာ ကျွဲဟာ အင်းအားနှင့်ဉာဏ်ကို မသုံးဘဲ ငြိမ်ခံနေခဲ့မယ်ဆိုရင် ကျိန်းသေ ခြင်္သေ့ရဲ့အစာဖြစ်မှာပါ။ သူ့အသက်ကို ဉာဏ်နဲ့စောင့်ခဲ့ပါတယ်။

Link- 5 မှာတော့ ခြင်္သေ့တစ်ကောင်ဟာ ကြောက်လန့်တကြား ပြေးပေမဲ့ စည်းလုံးညီညွတ်တဲ့ ကျွဲအုပ်ရဲ့ တိုက်ခိုက်မှုကြောင့် မရှူမလှ သေသွားရတာကို တွေ့ရပါတယ်။

Link- 6 မှာ မြင်းကျားအကိုက်ခံတဲ့အခါမှာ အနားမှာရှိနေတဲ့အဖော်တွေက ဝိုင်းမကူဘူး။ ဒီအတိုင်းကြီး ကြည့်နေကြတာကို တွေ့ရတယ်။ အဲဒီလိုနဲ့ဘဲ မကြာမှီမှာ မြင်းကျားဟာ သေပွဲဝင်ရပါတယ်။

Link- 7 နှင့် 8 မှာတော့ သေးငယ်တဲ့ ပုရွက်ဆိတ်အုပ်ရဲ့ စည်းလုံးညီညွတ်မှုနဲ့ တိုက်ခိုက်တဲ့အခါမှာ သန်မာတဲ့မြွေတစ်ကောင်တောင် ပုရွက်ဆိတ်တွေရဲ့ အစာဖြစ်သွားရပါတယ်။ ကျွန်တော်တို့ စုစည်းညီညွတ်ကြမယ်ဆိုရင် ဒီစစ်အာဏာရှင်တွေ မကြာမီ ပြိုလဲပျက်စီးသွားကြမှာပါ။

Link- 9 မှာတော့ ခရီးသည်တစ်ယောက် ညှပ်နေတဲ့ ရထားရှည်ကြီးကို လူအုပ်က ဝိုင်းတွန်းလိုက်ကြတဲ့အခါမှာ အင်မတန် လေးလံနေတဲ့ ရထားကြီးစောင်းသွားပြီး ညှပ်နေတဲ့လူကို ပြန်ဆွဲထုတ်နိုင် ကြတယ်ဆိုတာတွေ့ရပါတယ်။

ဒီလိုပဲ အင်မတန် ဖင်လေးနေတဲ့အာဏာရှင်တွေကို လူထုတွေညီညီညွတ်ညွတ်နဲ့ ဝိုင်းတွန်းကြမယ်ဆိုရင် သေချာပေါက် ရွေ့မှာပါ။ အရေးကြီးတာက ပြိုင်တူတွန်းဘို့ပဲ လိုပါတယ်။ အဲဒီသင်ခန်းစာတွေကို ဆင်ခြင်ခြင်းအားဖြင့် စစ်အာဏာရှင်တွေ၊ ဗမာလူမျိုးကြီးဝါဒီသမားတွေဟာ အင်မတန်မှ ဉာဏ်များကြပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီအင်အားစုတွေ၊ တောင်ပေါ်တိုင်းရင်းသားတွေ၊ လက်နက်ကိုင်တော်လှန်ရေးသမားတွေကို ပြောချင်တယ်။ ကျွန်တော်တို့ ဉာဏ်ကိုသုံးဘို့ လိုပါပြီ။ အချင်းချင်ဝိုင်းကူဘို့ လိုနေပြီ။ ကျွန်တော်တို့ကို ဒီလူမျိုးကြီးဝါဒီသမားတွေက ကိုက်နေတဲ့ ဒီလိုအချိန်ခါမှာ ငြိမ်နေလို့မရပါ။ အင်အားထုတ်ဘို့ လိုတယ်။ ဉာဏ်ကူဘို့လိုနေတယ်။ အချင်းချင်းကူညီဘို့လိုနေတယ်။ သူတို့ဟာ ကျွန်တော်တို့ထက် အင်အားပိုမကြီးကြပါဘူး။ ပိုပြီးထွားကြိုင်းမနေကြပါဘူး။ ကျွန်တော်တို့ထက် အင်အားနဲကြပါတယ်။ ဒါပေမဲ့ သူတို့မှာ ဉာဏ်ပိုများတယ်။ ဉာဏ် ပိုသုံးကြတယ်။ ကောက်ကျစ်စဉ်းလဲကြတယ်။ ဒါကြောင့် ကျွန်တော်တို့တွေ ရိုးသားနေ၊ ရိုးအနေလို့ မဖြစ်တော့ဘူး။ အဲဒီခြေသေ့တွေက အမြဲလိုလို အနိုင်ရနေတာဟာ သူတို့မှာ ခွန်အားပိုရှိလို့ မဟုတ်ပါဘူး။ ပိုပြီး ဉာဏ်သုံးကြလို့ပါ။

ကဲ.... အဲဒီတော့ အာဏာရှင်တွေရဲ့ ကျွန်မဖြစ်ချင်ဘူးဆိုရင်တော့ စုစည်းညီညွတ်ကြပါ။
မနာလိုဝန်တိုစိတ်တွေ လျှော့ကြပါ။ ဉာဏ်သုံးကြပါလို့ အလေးထားပြီး တိုက်တွန်းပါရစေ။

(1) https://www.youtube.com/watch?v=_YLkbrxF-Ew

(2)https://www.youtube.com/watch?v=pVcdMALQjsw

(3)https://www.youtube.com/watch?v=ugpGEFrZrmo

(4) https://www.youtube.com/watch?v=y0802VTCTu0

(5) https://www.youtube.com/watch?v=y_Z1tllzWTg

(6) https://www.youtube.com/watch?v=8ZOpUMvKPJY

(7) https://www.youtube.com/watch?v=UYQHoc2Xctc

(8) https://www.youtube.com/watch?v=uPgtjzELtT8

(9)https://www.youtube.com/watch?v=Cl_pnEeD5As

# ချင်းသမိုင်းအကျဉ်းနှင့် ချင်းနိုင်ငံရေးအကျဉ်း

Salai Ngai Yoo

၁၉၄၇ ခုနှစ်မှာ ပင်လုံစာချုပ် လက်မှတ်ရေးထိုးပြီး ဖက်ဒရယ်ပြည်ထောင်စု တိုင်းပြည်တစ်ခု ထူထောင်ဖို့၊ လွတ်လပ်ရေးအတူရယူဖို့တို့ကို ဦးတည်ပြီးလက်မှတ်ရေးထိုးပူးပေါင်းခဲ့ကြတယ်။ လက်တွေ့မှာ မိမိတို့ရဲ့ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်တွေ ဆုံးရှုံးနေကြရတယ်။ နိုင်ငံရေးပိုင်းကြည့် တော့လည်း အပြိုင်အဆိုင် လုနေကြတယ်လို့ပဲမြင်နေမိတယ်။ ဖက်ဒရယ်ကို ဘာကြောင့် ခွဲ ထွက်ရေးလို့ပြောပြီး ခါးခါးသီးသီးဖြစ်နေကြတာ ဘာကြောင့်လဲ။ ချင်းနိုင်ငံရေးက ကိုယ့်ခြေ ထောက်ပေါ်ရပ်တည်ဖို့ အဆင်မပြေလို့ ထောက်နဲ့ကူနေရတဲ့ကြားက ထောက်ကျိုးရုံတင်မက အမှောင်ဖုံးနေတယ်။

## ချင်းလဲန်းမြေစပဲ့ပုံ

၁၈၂၄ ခုနှစ်၊ အင်္ဂလိပ်-မြန်မာ ပထမစစ် ဖြစ်ပွားခဲ့တဲ့အချိန်မှာ ကုန်းဘောင်မင်းဆက် ဘကြီး တော်မင်းတရား ထီးနန်းစံချိန် ဖြစ်တယ်။ ၁၈၂၅ ဖေဖော်ဝါရီလမှာ ရန္တာပိုရွာမှာပြုလုပ်ခဲ့တဲ့ ရန္တာပို စာချုပ်အရ British – Burma စစ်ပြေငြိမ်း ပြီးဆုံးခဲ့တယ်။ ရခိုင် နှင့် သနင်္သာရီကို ဆုံးရှုံးခဲ့တယ်။ British တို့တောင်းဆိုတဲ့ စစ်လျော်ကြေး (တစ်ကုဋေ) ပေးဆောင်စေခဲ့ကြတယ်။ ချင်းတို့အနေနဲ့ ရခိုင်ဖက်နယ်နိမိတ်ထိစပ်နေတဲ့ ပလက်ဝမြို့နယ်ဘက်က နယ်မြေတစ်ချို့ကို British တို့ရဲ့ Burma အဝင်လမ်းကြောင်းလိုအပ်ချက်တွေကြောင့် ဆုံးရှုံးခဲ့ရတယ်။ (မှတ်ချက်- စစ်ချီလမ်း ကြောင်းလိုအပ်ချက်အရ သိမ်းပိုက်ခြင်းသာဖြစ်ပြီး သီပေါမင်း စစ်လျော်ကြေးအဖြစ် ပေးလိုက်ရ တဲ့ နယ်မြေများ၌အကျုံးမဝင်ပါ) ထိုအချိန်အထိ ချင်းလဲန်းကို စတင် ထိုးစစ်ဆင်ခြင်းတော့ မရှိ သေးပါ။

၁၈၅၂ ခုနှစ် British – Burma ဒုတိယစစ်ထပ်ဖြစ်ခဲ့တယ်။ ပုဂံမင်းနန်းစံချိန်ဖြစ်တယ်။ British တို့က ရန်ကုန်ကိုသိမ်းပြီး ပြည်မြို့အထက် မြေထဲ(အောင်လံ)အထိ သိမ်းပိုက်ခဲ့ကြတယ်။ ပုဂံ မင်းနန်းကျပြီးနောက် မင်းတုန်းမင်းနန်းတက်လာပြီး British နဲ့ စစ်ပြေငြိမ်းခဲ့တယ်။ British – Burma ဒုတိယစစ် ဒီမှာတင်ပြီးဆုံးသွားခဲ့တယ်။

၁၈၈၅ ခုနှစ် နိုင်ဝင်ဘာလ (၂၂)ရက်မှာ British – Burma စစ်ထပ်ဖြစ်ကြပြန်တယ်။ British တွေက ဧရာဝတီမြစ်ရိုးအတိုင်း ချီတက်ထိုးစစ်ဆင်ပြီး နိုဝင်ဘာ (၂၅) မှာမြင်းခြံ၊ နိုဝင်ဘာလ (၂၆)မှာ အင်းဝ၊ နိုဝင်ဘာလ (၂၇)မှာ စစ်ကိုင်း၊ နိုဝင်ဘာ (၂၈) မှာ မန္တလေးရတနာပုံနေပြည်တော် သိမ်းပိုက်လိုက်ကြတယ်။ အဲဒီလိုနဲ့ သီပေါမင်း နှင့် စုဖုရားတို့ အိန္ဒိယကို ပါတော်မူပြီး တစ်နိုင်ငံလုံး British လက်အောက်ကျရောက်ခဲ့တယ်။ India အင်ပါယာလက်အောက်ခံအဖြစ်ထားပြီး အုပ်ချုပ်ခဲ့ကြတယ်။ ၁၈၈၆ ခုနှစ်၊ ဇန္နဝါရီလ(၁)ရက်နေ့မှာ အိန္ဒိယဘုရင်ခံချုပ်က Burma ကို British – India လက်အောက် သွတ်သွင်းလိုက်ကြောင်းကြေညာခဲ့တယ်။

## ချင်းလဲန်းသို့ British ထိုးစစ်အစ

၁၈၈၅ ခုနှစ် သီပေါမင်းအုပ်ချုပ်တဲ့ ဘားမားတိုင်းပြည် နန်းကျပြီး သီပေါမင်းပါတော်မူပြီးနောက် ၁၈၈၇ ခုနှစ်မှာ ချင်းလဲန်း အရှေ့ဖက်ခြမ်း ကလေးမြို့နယ်ကို ဗြိတိသျှတို့ စတင်ဝင်ရောက်လာခဲ့ကြတယ်။ ဗြိတိသျှတို့ဖက်က စစ်ရေးနှင့် နိုင်ငံရေးတာဝန်ခံ Captain Rose က ချင်းခေါင်းဆောင်တွေကို ခေါ်ယူတွေ့ဆုံပြီး ဗြိတိသျှတို့၏ အုပ်ချုပ်မှုကို နာခံဖို့ ဆွေးနွေးခဲ့တယ်။ ချင်းခေါင်းဆောင်တွေက လက်မခံခဲ့ကြသဖြင့် စစ်ရေးနှင့် ဖိအားပေးသိမ်းပိုက်ဖို့ကြိုးစားခဲ့ကြတယ်။ British – Chin ထိခိုက်တိုက်ပွဲတွေ အများကြီးရှိခဲ့တဲ့အထဲမှာ British တို့ မှန်းချက်နဲ့ နှမ်းထွက်မကိုက်တဲ့တိုက်ပွဲတစ်ပွဲကတော့ Sial Lum ခံတပ်ကို ဝင်စီးတဲ့တိုက်ပွဲပါ။ ဒီ Sial Lum ခံတပ်ကို ၁၈၈၉၊ မေလ (၄) ရက်နေ့ နံနက် ၁၀ နာရီခန့်ကနေ စတင် ထိုးစစ်ဆင်ခဲ့ကြပါတယ်။ ဒီခံတပ်တိုက်ပွဲဟာ ဗြိတိသျှတို့ အထိနာတဲ့တိုက်ပွဲဖြစ်သလို အတူပါလာတဲ့ ဆရာဝန် Surgeat Le Quesne ဟာလည်း ဒဏ်ရာပြင်းထန်စွာ ရထားတဲ့ကြားကနေ မိမိဒဏ်ရာကို အမှုမထားပဲ ဒဏ်ရာရရဲဘော်တွေ ပြုစုစောင့် ရှောက်ပေးခဲ့တဲ့အတွက် အင်္ဂလန်ဘုရင်မကြီးရဲ့ အမြင့်ဆုံးဆုဖြစ်တဲ့ VC (Victoria Cross) ဆုကို ရရှိခဲ့ပါတယ်။ Sial Lum ခံတပ်စီးနင်းတဲ့တိုက်ပွဲဟာ အင်္ဂလန်ဘုရင်မကြီးရဲ့ အမြင့်ဆုံးဆုရတိုက်ပွဲဖြစ်တဲ့အတွက် တိုက်ပွဲ မည်မျှပြင်းထန်ခဲ့ကြောင်း ထင်ရှားနေသလို ဗမာဆိုတဲ့တိုင်းပြည်နဲ့ တသားတည်းမဟုတ်ကြောင်း သက်သေပြခဲ့ပါတယ်။

## ချင်းလဲန်း သုံးပိုင်း အပိုင်းခံရပုံ

၁၈၉၅ ခုနှစ်မှာ ချင်းလဲန်း တစ်ခုလုံးကို ဗြိတိသျှကိုလိုနီလက်အောက်ကျရောက်ပြီလို့ တရားဝင်ကြေညာခဲ့သော်လည်းပဲ ချင်းလဲန်းနယ်မြေတစ်ခုလုံးကို လွတ်လပ်ရေးပေးချိန်ကာလအထိ

အပြီးသတ် မသိမ်းပိုက်ခဲ့ကြပါ။ ချင်းလဲန်းတစ်ခုလုံးကို British – India ရဲ့ အစိတ်အပိုင်းတစ်ခု အနေနဲ့ ဗြိတိသျှက အုပ်ချုပ်ခဲ့တယ်။ ၁၉၃၇ ခုနှစ်မှာ Burma ကို British – India ကနေ ခွဲထုတ်ပြီး Burma Act နဲ့ သီးသန့်အုပ်ချုပ်လာတော့ ချင်းလဲန်းဟာ ချင်းအမျိုးသားတို့ရဲ့ ဆန္ဒ မပါဘဲ နှစ်ပိုင်းခွဲခံလိုက်ရတယ်။ ခွဲထုတ်လိုက်တဲ့ ချင်းလဲန်းအရှေ့ဖက်ဒေသ (ယခုချင်းပြည်နယ်) ဟာ ဗြိတိသျှ - ဗမာ အုပ်ချုပ်မှုအောက်ကို ကျရောက်ခဲ့တယ်။ ကျန်တဲ့ ချင်းလဲန်းအနောက်ဖက် ခြမ်း British – India လက်အောက်ခံအဖြစ် ဆက်လက်ထားရှိခဲ့ကြပြီး ၁၉၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံလွတ်လပ်ရေးရလာတော့ အနောက်ဖက်ချင်းလဲန်းဟာ နှစ်ခြမ်းထပ်မံခွဲဖဲ့ခံလိုက်ရ တယ်။ အရှေ့ဖက်တစ်ပိုင်းကို အရှေ့ပါကစ္စတန် (ယခုဘင်္ဂလားဒေ့ရှ်နိုင်ငံ) လက်အောက်သို့ လည်းကောင်း၊ အနောက်ဖက်ပိုင်းကို အိန္ဒိယနိုင်ငံလက်အောက်သို့ “Chin - Lushai country” အဖြစ်လည်းကောင်း ချင်းလဲန်းသည် သုံးပိုင်းခွဲဖဲ့ခံခဲ့ရတယ်။ “Chin - Lushai country” လို့ ခေါ်ဆိုရာကနေ ၁၉၅၄ ခုနှစ်မှာ India အစိုးရကနေ “Mizo” လို့အမည်ပြောင်းခဲ့ပါတယ်။ အခု Mizoram or Zoram လို့ခေါ်ကြပါတယ်၊ Ram ဆိုတဲ့အဓိပ္ပါယ်က ပြည် (Land, Country) လို့ အဓိပ္ပါယ်ရပါတယ်။ ဒီလိုနဲ့ ချင်းလဲန်းဟာ နိုင်ငံသုံးနိုင်ငံမှာ နေထိုင်နေရသလို နိုင်ငံရေး၊ စီးပွား ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတွေဟာ တံငါနားနီး တံငါ၊ မုဆိုးနားနီးမုဆိုး ဆိုသလို ကြာလာတာနဲ့ အမျှ ကွဲပြားလာကြရတယ်။

**ချင်းတို့၏ လွတ်လပ်ရေးခရီး ( In Burma )**

ချင်းအမျိုးသားတို့သည် (Chin National Union) ဆိုတဲ့ ချင်းအမျိုးသားသမဂ္ဂကို ချင်းမျိုးချစ်လူ ငယ်များက ဖွဲ့စည်းလှုပ်ရှားခဲ့ကြတယ်။ လှုပ်ရှားမှုတစ်ခုအဖြစ် ၁၉၃၃ ခုနှစ်၊ ရန်ကုန် ဗြိတိသျှ အစိုးရဆီမှာ ချင်းပြည်ကို လွတ်လပ်ရေးပေးရန် တောင်းဆိုခဲ့ကြတယ်။ အဲဒီကျောင်းသားတွေကို ၁၉၃၉ ခုနှစ်မှာ ဖမ်းဆီးပြီး အကျဉ်းချခဲ့ကြတယ်။

၁၉၄၅ ခုနှစ်မှာ ဗြိတိသျှနိုင်ငံရွေးကောက်ပွဲမှာ လေဘာတီခေါင်းဆောင် အနိုင်ရပြီး ကိုလိုနီနယ် များအားလုံးကို လွတ်လပ်ရေးပေးဖို့ စီစဉ်ခဲ့တယ်။ ဒါကိုသိတဲ့ ဗိုလ်ချုပ်အောင်ဆန်းက အင်္ဂလန် ကိုသွားပြီး မြန်မာပြည်ကို တောင်တန်းမြေပြန့်မခွဲဘဲ လွတ်လပ်ရေးအတူတကွပေးဖို့ တောင်း ဆိုခဲ့ရာ မအောင်မြင်တဲ့အတွက် ပြန်လှည့်လာရတယ်။ ဘာလို့ လှည့်ပြန်လာရတာလဲ။ တောင်း ရင်ပေးမယ်ဆိုတာ သေချာရဲ့သားနဲ့ ဘာလို့လှည့်ပြန်လာတာလဲ။ အဖြေက သူတောင်းသင့်တာ ထက် ပိုတောင်းခဲ့လို့ပါပဲ။ ကချင်၊ ချင်း၊ ရှမ်း လူမျိုးတွေဟာ ကိုလိုနီခေတ်မတိုင်မီကတည်းက

လွတ်လပ်ပြီး ကိုယ်ပိုင်အချုပ်အခြာအာဏာ ပိုင်နိုင်ငံများ ဖြစ်ခဲ့ကြတယ်။ သီးခြားအချိန်တွေမှာ သီးခြားစီ သိမ်းပိုက်ခဲ့ကြသလို သီးခြားဥပဒေတွေနဲ့ အုပ်ချုပ်ခဲ့ကြတယ်။ သီးခြားလွတ်လပ်ရေး ယူခွင့်၊ သီးခြားအမျိုးသားနိုင်ငံ ထူထောင်ခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန် တီးနိုင်ခွင့်တွေကို ဗြိတိသျှ အစိုးရက အသိအမှတ်ပြုခဲ့လို့ပါ။

## ပြည်ထောင်စုသားများအတွက် ဗြိတိသျှတို့ဦးစီးရေးဆွဲခဲ့တဲ့ ဥပဒေတွေကတော့

1. Kachin Hill Tribes Regulation Act 1893
2. The Chin Hills Regulation Act 1896
3. Burma Act 1935 (တွင်ရေးဆွဲပြဌာန်း၍ ၁၉၃၇ တွင်အသက်ဝင်ကျင့်သုံး)
4. Shan State Act (1896 တွင်ရေးဆွဲပြဌာန်း၍ Federated Shan State အဖြစ် 1922 တွင်ပြင်ဆင်ပြဌာန်း)
5. ကရင်ပြည်နယ် (ယခုကယားပြည်နယ်) ကတော့ ကိုလိုနီခေတ်ကာလတစ်လျှောက်လုံးမှာ လွတ်လပ်ရေးလည်း မဆုံးရှုံးသလို အချုပ်အခြာအာဏာလည်း မဆုံးရှုံးဘဲ ပိုင်ဆိုင်ခဲ့တဲ့တိုင်းပြည်ဖြစ်တယ်။

"Burma Act" အရ အုပ်ချုပ်သော နယ်မြေတွေထဲမှာ ဗြိတိသျှကိုလိုနီမတိုင်မီကာလက ဗမာတွေက နယ်ချဲ့သိမ်းပိုက် အုပ်ချုပ်ခဲ့တဲ့ မွန်ပြည်၊ ရခိုင်ပြည်နှင့် ကရင်လူမျိုးများအများဆုံးနေထိုင်တဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများ ပါဝင်ပါတယ်။

British – Burma လက်အောက်ရောက်နေတဲ့ နယ်မြေအားလုံးပေါင်းပြီး လွတ်လပ်ရေးယူဖို့ဆိုရင် ကာယကံရှင်တွေရဲ့ ပေါင်းစည်းလိုကြောင်း သက်သေအထောက်အထားလိုအပ်ပါတယ်။ အဲ့ဒီလိုအပ်ချက်ကြောင့် ၁၉၄၇ ခုနှစ် ပင်လုံမြို့မှာ ကချင်၊ ချင်၊ ရှမ်း၊ ဗမာ ပေါင်းပြီး ပြည်ထောင်စုနိုင်ငံတစ်ခု စုပေါင်းထူထောင်ဖို့ရည်မှန်းပြီး လက်မှတ်ရေးထိုးခဲ့ကြတယ်။ ၁၉၄၇ ဖေဖော်ဝါရီလ (၁၂) ရက်နေ့မှာ ရေးထိုးခဲ့ကြတဲ့ ပင်လုံစာချုပ်နဲ့ လွတ်လပ်ရေးကို အတူရယူခဲ့ကြတယ်။ ဒါကြောင့် ပင်လုံဆိုတာ ပေါင်းစည်းရေးဖြစ်ကြောင်း သက်သေပြခဲ့ကြတယ်။

"The Chin Hills Regulation, 1896" ကိုပယ်ဖျက်ပြီး၊ အဲဒီဥပဒေအစား ၁၉၄၈ ခုနှစ်၊ ချင်းဝိဒေသတိုင်းအက်ဥပဒေ (၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၉) လို့ခေါ်တဲ့ အက်ဥပဒေ အသစ်ကို ပြည်ထောင်စုပါလီမန်က ပြဌာန်းခဲ့တယ်။ အဲဒီ အချိန်ကစပြီး အက်ဥပဒေကို ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ နှင့်လည်းကောင်း၊ ၁၉၅၄ ခုနှစ် အက်ဥပဒေအမှတ် ၁၇ နှင့် လည်း ကောင်း၊ ၁၉၅၇ ခုနှစ် အက်ဥပဒေအမှတ် ၅၀ နဲ့လည်းကောင်း၊ အရေးပါအရာရောက်လောက် အောင် ပြင်ဆင်ခဲ့ပြီးဖြစ်ပါတယ်။ "The Chin Hill Regulation, 1896" နှင့်၊ "၁၉၄၈ ချင်းဝိဒေသ တိုင်းအက်ဥပဒေ" နှစ်ခုလုံးဟာ ချင်း မျိုးနွယ်စုအားလုံးကို ခြုံငုံနိုင်တဲ့ ဥပဒေမဖြစ်ခဲ့ပါဘူး။ ခေတ်နဲ့ညီအောင် ပြုပြင်၊ မွမ်းမံ၊ ဖြည့်စွက်၊ ပယ်ဖျက်စရာတွေ အများကြီးလိုအပ်နေခဲ့ပေမဲ့ စစ် အာဏာရှင်တက်လာပြီးနောက်ပိုင်း မသိချင်ယောင်ဆောင်ပြီး ချောင်ထိုးခံလိုက်ရ တယ်။

## လွတ်လပ်ပြီးခေတ် ချင်းနိုင်ငံရေးနှင့် အခွင့်အရေး

လွတ်လပ်ရေးရပြီးနောက် ၁၉၅၁ - ၁၉၅၆ ခုနှစ်မှာ ဖဆပလ ပါတီ (ဦးနုအစိုးရ)အနိုင်ရပြီး ငါး နှစ်ပြည့် အစိုးရသက်တမ်းကို ထမ်းဆောင်ခဲ့ကြတယ်။ ချင်းနိုင်ငံရေး ပြန်လည်ဦးမော့လာရေး၊ ချင်းစည်းလုံးညီညွတ်ရေး၊ ဖက်ဒရယ်အရေး၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးပိုင်ခွင့်တွေကို မြည်းစမ်းရုံ အဆင့်သာရှိခဲ့တယ်။ လက်ထဲမရောက်ခဲ့ဘူး။ ၁၉၅၆ - ၁၉၅၈ ခုနှစ်မှာ သန့်ရှင်း ဖဆပလ ပါတီ (ဦးနုအစိုးရ)က ထပ်မံအနိုင်ရခဲ့တယ်။ ဒီသက်တမ်းမှာ ၅ နှစ်မပြည့်မီ ၁၉၅၈ အောက်တိုဘာ ၂၀ ရက်နေ့မှာ ဗိုလ်ချုပ်ကြီးနေဝင်းဦးစီးတဲ့ ယာယီအိမ်စောင့်အစိုးရအဖွဲ့သစ် (စစ်တပ်) မှနေပြီး "ငြိမ် ဝပ်ပိပြားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အတွက်" လို့ပြောပြီး အာဏာလွှဲပြောင်းယူ(သိမ်း)ခဲ့တယ်။ ဒီမှာတင် ချင်းတို့ရဲ့ မြေပေါ်နိုင်ငံရေး ယိုင်နဲနေတဲ့ကြားကနေ ထောက်ကျိုးခဲ့တယ်။

၁၉၆၀ - ၁၉၆၂ မှာ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ခဲ့ပြီး သန့်ရှင်းဖဆပလ (ဦးနုအစိုးရ)က အနိုင်ရခဲ့တယ်။ ဒီအစိုးရ သက်တမ်းမှာလည်း ဦးနုအစိုးရအဖွဲ့ ငါးနှစ်သက်တမ်းပြည့်တဲ့ အစိုးရ သက်တမ်းမဖြစ်ခဲ့ပါဘူး။ ၁၉၆၂ ခုနှစ်၊ မတ်လ(၂) ရက်နေ့မှာ စစ်တပ်ရဲ့ ဒုတိယအကြိမ် အာဏာ သိမ်းခြင်းကို ခံခဲ့ရပါတယ်။ တပ်မတော်ကနေ စစ်တပ်ခေါင်းဆောင်ပိုင်း (၁၇)ဦး ပါတဲ့ ပြည် ထောင်စုသမ္မတမြန်မာနိုင်ငံတော် တော်လှန်ရေးကောင်စီကို ဖွဲ့ခဲ့ကြတယ်။ ကာကွယ်ရေးစစ်ဦးစီး

ချုပ်ဖြစ်တဲ့ ဗိုလ်ချုပ်ကြီးနေဝင်း က တော်လှန်ရေးကောင်စီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့တယ်။ ချင်းနိုင်ငံရေး ဦးမော့မလာနိုင်တော့ပါဘူး။

၁၉၆၂ - ၁၉၇၄ အထိ ၁၂ နှစ်ကြာကာလကို တော်လှန်ရေးကောင်စီ စစ်အစိုးရဦးဆောင်မှုနှင့် စခန်းသွားခဲ့ကြတယ်။ ဒီ သက်တမ်းဟာ ပါလီမန်စံနစ်ရဲ့ နိဂုံးဖြစ်ခဲ့သလို ပင်လုံစာချုပ်ရဲ့ အနှစ်သာရပြောင်းပြန်ဖြစ်လာစေတဲ့ အစိုးရသက်တမ်း လည်းဖြစ်ပါတယ်။ ဗြိုလမှာ တော်လှန်ရေးကောင်စီရဲ့ မူဝါဒသဘောထား ထုတ်ပြန်ကြေညာချက်ဖြစ်တဲ့ မြန်မာ့ဆိုရှယ် လစ်လမ်းစဉ်ပါတီကို ကမ္ဘာသိကြေညာခဲ့တယ်။ ချင်းနိုင်ငံရေးအမှောင်ထု ဖုံးသွားခဲ့တယ်။

၁၉၆၉ ခုနှစ်မှာ အစိုးရရဲ့တောင်းဆိုမှုအရ ချင်းလူငယ်များမှ “ချင်းလူငယ်များ၏ အကြံပြုချက်စာတမ်း” တွင် “၁၉၄၇ ပြည် ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ပြည်နယ်အမျိုးသားများအပေါ် နစ်နာမှုမြောက်များစွာ ဖြစ်ပေါ်စေခဲ့သည်ကို ကုစားနိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံပြန်လည်ရေးဆွဲရန် မည်မျှလိုအပ်ကြောင်း အရေးကြီးပုံ” ကို တင်သွင်းခဲ့သော်လည်း နိမ်နင်းခြင်းသာခံခဲ့ရပြီး အဲဒီ ၁၉၄၇ အခြေခံဥပဒေထက် ပြည်နယ်တိုင်းရင်းသားများအပေါ် နစ်နာစေမယ့် ဥပဒေအတွက်သာ ပြင်ဆင်လာခဲ့ကြတယ်။

၁၉၇၄ - ၁၉၈၈ အထိ ၁၄ နှစ်ကြာကာလကို တစ်ပါတီစံနစ် (စစ်ဥပဒေ)နဲ့ ဆက်လက်အုပ်ချုပ်ခဲ့တယ်။ ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ နေဝင်ချိန်လည်းဖြစ်ခဲ့တယ်။ ၁၉၇၄ ဇန်နဝါရီ (၃) ရက်မှာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ဖက် သတ်ရေးဆွဲပြဌာန်းခဲ့ကြတယ်။ ခေါင်းပေါင်း၊ တိုက်ပုံ၊ ပုဆိုးဝတ် စစ်အုပ်ချုပ်ရေးစံနစ်သစ်အစ ဖြစ်လာခဲ့တယ်။ ဒီသက်တမ်းမှာ ချင်းနိုင်ငံရေး အလင်းမမြင်ရသေးပါဘူး။

၁၉၈၈ - ၂၀၀၀ ခုနှစ် စစ်အစိုးရသက်တမ်းမှာ အပြောင်းအလဲအနည်းငယ်ရှိခဲ့ပေမဲ့ တစ်ပါတီစစ်အာဏာရှင်စံနစ် (စစ်ဥပဒေ) အုပ်ချုပ်ရေးတော့ မပြောင်းလဲခဲ့ပါဘူး။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် ပြည်သူ့အထွေထွေအုံကြွမှုကြီး တစ်ရပ်ပေါ်ပေါက်လာခဲ့တယ်။ ချင်းနိုင်ငံရေးအလင်းပြန်မြင်လာကြရတယ်။ တစ်ပါတီအာဏာရှင်စံနစ်ကို ဖြုတ်ချနိုင်ခဲ့ကြတယ်။ သို့သော်လည်းပဲ ၁၉၈၈ ခုနှစ် စက်တင်ဘာ (၁၈) ရက်မှာ စစ်အုပ်စုက “နိုင်ငံတစ်ဝှမ်း၌ အဖက်ဖက်မှ ယိုယွင်းနေသောအခြေအနေကို ထိန်းသိမ်းရန်အတွက်” ဆိုတဲ့ အကြောင်းပြချက်နဲ့ ကာကွယ်

ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ "နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့" က ကြေညာချက်စာအမှတ် (၁/၈၈) ဖြင့် "နိုင်ငံတော်အာဏာအရပ်ရပ်ကို တပ်မတော်မှ တာဝန်ယူလိုက်သည်" ဟု ကြေညာကာ တတိယအကြိမ် အာဏာသိမ်းခဲ့တယ်။ ဆလိုင်းတင်မောင်ဦးလို ချင်းနိုင်ငံရေးအလင်းပွင့်လာသူတွေကို ဖမ်းဆီးထောင်ချမှုတွေ၊ အကြမ်းဖက်နှိမ်နင်းမှုတွေ ကြောင့် တောခိုလာခဲ့မှုတွေများလာခဲ့တယ်။ ၁၉၉၀ ပြည့်နှစ် မေ ၂၇ ရက်မှာ ပြည်သူ/သားတို့ရဲ့ ဆန္ဒတွေ၊ ရည်မှန်းချက် တွေနှင့်အညီ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အနိုင်ရခဲ့တယ်။ သို့သော်လည်း အစိုးရဖွဲ့ခွင့် မရခဲ့တဲ့အတွက် စစ်အာဏာရှင်စံနစ်နဲ့ပဲ ဆက်နစ်ပါးသွားခဲ့ရတယ်။ မြေပေါ်နိုင်ငံရေးအမှောင် ထပ်ဖုံးခဲ့ပြန်တယ်။ စစ်အစိုးရ က စစ်အရာရှိတွေဦးဆောင်တဲ့ အဖြူ အစိမ်းဝတ်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကို ဖွဲ့စည်းခဲ့ကြတယ်။ ဒီအစိုးရ သက်တမ်းမှာပဲ ၂၀၀၈ နာဂစ် အခြေခံအက်ဥပဒေကို ရေးဆွဲပြဌာန်းခဲ့ကြပြန်တယ်။ ၂၀၁၀-၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် သိန်းစိန် နှင့် စစ်အရာရှိဟောင်းများ ဦးဆောင်သော ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ကာ ရွေး ကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ပြီး အနိုင်ရခဲ့ပါတယ်။

ယခု လက်ရှိ မြေပေါ်နိုင်ငံရေးအလင်းပွင့်လာသော်လည်း ဖက်ဒရယ်ကိုအခြေခံ၊ ပင်လုံစာချုပ်ကို အခြေခံသောနိုင်ငံရေးမှာ အိပ်ပျော်နေဆဲပါ။ ချင်းနိုင်ငံရေးလောကမှာလည်း မြေပေါ်နိုင်ငံရေး အတွက် သူသူငါငါ ရှေ့ထွက်လာကြပေမဲ့ ထောက်ကျိုးနေတဲ့ ချင်းနိုင်ငံရေး ကိုယ့်ခြေထောက်ပေါ်ရပ်တည်ဖို့တော့ လည်ရှည်အောင်မျှော်ရအုံးမှာလား ? ။

---

**ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အမျိုးသားပြည်နယ်များကို အခြေခံသည့် တန်းတူမှု ရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန်။
၂။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရန် နှင့်
၃။ ဒီမိုကရေစီစံနစ် ထူထောင်ရန် တိုဖြစ်သည်။

# ဆန္ဒရှိန်စော် လဝန်းပေါ်လာမလား?

**ပူးထတ်ဆဝုင် ( ပလက်ဝ )**

အထက်ပါခေါင်းစဉ်သည် စာရေးသူ တက္ကသိုလ်ကျောင်းသားဘဝတွင်၊ မဆလ အခြေခံဥပဒေအား အတည်ပြုအံ့ဆဲဆဲ၊ ၁၉၇၃ ခုနှစ်၊ ဒီဇဘ်ာလ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် တက္ကသိုလ်စာစီစာကုံးပြိုင်ပွဲကျင်းပရာတွင် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူတို့ယှဉ်ပြိုင်ရမည့် ဆောင်းပါးခေါင်းစဉ်တစ်ခုဖြစ်သည်။ ဤပြိုင်ပွဲတွင် ဆောင်းပါး၊ ဝတ္ထုတိုနှင့်ကဗျာ ခေါင်းစဉ်သုံးခုစီမှ ကြိုက်ရာတစ်ခုစီကို ရွေးချယ်စီကုံးရေးသားရမည်ဖြစ်သည်။ စာရေးသူလည်း မြန်မာစာအဓိကကျောင်းသားအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အထက်ပါ ခေါင်းစဉ်ကို ဆောင်းပါးအဖြစ် ရွေးချယ် စီကုံးရေးသားခဲ့ရာ ဆောင်းပါး ဒုတိယဆုကို မမျှော်လင့်ဘဲရရှိခဲ့ဖူးသည်။

ပြိုင်ပွဲဖြစ်မြောက်ရေးနှင့် အကဲဖြတ်ပုဂ္ဂိုလ်များအနေဖြင့် အထက်ပါခေါင်းစဉ်အား ရွေးချယ်ရခြင်းအကြောင်းရင်းကို မရိပ်မိခဲ့သော်လည်း မြန်မာနိုင်ငံဒီမိုကရေစီစံနစ်ချုပ်ငြိမ်းပြီး၊ စစ်အာဏာရှင်တော်လှန်ရေးကောင်စီအစိုးရ တက်လာပြီးသည့်နောက်တွင် စာရေးသူတို့ ငယ်စဉ် တောင်ကျေးကလေးဘဝက ကြားခဲ့ဖူးသည့် သန့်ရှင်း ဖဆပလ၊ တည်မြဲ ဖဆပလ၊ ဒီမိုကရေစီ၊ သခင်နု၊ ဦးဗဆွေ စသော ထိပ်တန်းမြန်မာနိုင်ငံရေးခေါင်းဆောင်တို့၏ အသံကိုမကြားရတော့ဘဲ ဆိုရှယ်-ကွန်မြူနစ်အတုအယောင်၊ မြန်မာ့နည်းမြန်မာ့ဟန်ဆိုရှယ်လစ်ဝါဒသံ၊ ကြွေးကြော်သံများ တတွင်တွင်ကြားနေရာမှ ပြည်သူတို့၏ ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ရမည့် တိုင်းပြည်ခေါင်းဆောင်များ ပေါ်ထွန်းလာတော့မည်အထင်ဖြင့် စီကုံးရေးသားခဲ့မိခြင်းဖြစ်ပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ဦးဆောင်ဦးရွက်ပြုမှုအောက်တွင်ရေးဆွဲခဲ့သော အခြေခံဥပဒေလည်းပြီးမြောက်ပြီ၊ ၁၉၇၄ ခုနှစ်၊ ဇန္နဝါရီလ ( ၃ )ရက်နေ့တွင် ပြည်သူတို့၏တခဲနက် ဆန္ဒပေးထောက်ခံမှုဖြင့် အတည်ပြုရတော့မည်ကို သိရှိပြီးဖြစ်၍ ဆန္ဒရှိန်စော် လဝန်းပေါ်ဟူသောဆောင်းပါးကို စီကာပတ်ကုံးခြယ်မှုန်းရေးသားခဲ့ခြင်းဖြစ်သည်။ အမှန်မှာ နိုင်ငံရေးသိပ္ပံပညာအားကျယ်ကျယ်ပြန့်ပြန့်လေ့လာခွင့်လည်းမရှိ၊ နိုင်ငံရေးဆိုင်ရာဗဟုသုတလည်း နတ္ထိကာလတွင် လမ်းစဉ်ပါတီ ချမှတ်သည့်မူဝါဒသည်သာလျှင် တကယ့်နိုင်ငံရေးအနှစ်သာရဟု ထင်မြင်ခဲ့ပါသည်။ ထို့ကြောင့်လည်း အစွမ်းကုန်စီကုံးရေးသားခဲ့ရခြင်းဖြစ်ပါသည်။

နဝတ တဖြစ်လဲ နအဖ လက်ထက် အမျိုးသားညီလာခံအမည်ဖြင့် ချမှတ်ခဲ့သည့် လမ်းပြမြေပုံကို အလိုအတိုင်းရေးဆွဲပြီး၊ ၂၀၀၈ ခုနှစ်၊ မေလတွင် ပြည်သူ့ဆန္ဒမပါဘဲ သေနတ်ပြောင်းဝတည့် ချိန်ပြီး အတင်းအကြပ်ထောက်ခံစေသော အခြေခံဥပဒေအရ ၂၀၁၀ ရွေးကောက်ပွဲလည်း ကျင်းပခဲ့ပြီ။ နအဖ တွင်း-၂ လည်းဖြစ်၊ အမျိုးသားညီလာခံအကြီးအကဲလည်းဖြစ်သူ ဗိုလ်ချုပ်ကြီး သိန်းစိန် လူဝတ်လဲပြီး သမ္မတမင်းဖြစ်လာရသည်။ လက်ရှိအခြေခံဥပဒေအရ ပြည်သူ့ကိုယ်စား လှယ်များအား အမျိုးသားလွှတ်တော်အမတ်များ၊ ပြည်သူ့လွှတ်တော်အမတ်များ၊ စစ်ဗိုလ် တမတ်သားများက ထောက်ခံမဲအများဆုံးရ၍ သမ္မတဖြစ်လာရသည်။ စစ်ဗိုလ်တမတ်သား ၁၁၀ တို့သည် ပြည်သူတို့၏ မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်သော ပြည်သူ့ ကိုယ်စားလှယ်များ မဟုတ်ဘဲ စစ်တပ်မှစစ်အာဏာသက်ဆိုးရှည်စေရန်နှင့် စစ်တပ်မှ မိမိတို့လိုရာဆွဲပြီး၊ ပြည် ထောင်စုလွှတ်တော်အား ထိန်းချုပ်နိုင်စေရန် ခံကတုပ်ဖြင့် ကာကွယ်နေခြင်းဖြစ်သည်။

တနည်းအားဖြင့်မူ သမ္မတမင်းအနေဖြင့် ပြည်သူရေးဆွဲချမှတ်ပေးသည့် တပ်မတော်မူမဟုတ်ဘဲ ပြည်သူ့နောက်ကွယ်မှ တိတ်တခိုး ၄င်းတို့ ချမှတ်ခဲ့သည့် တပ်မတော်မူဝါဒအား လျစ်လျူမပြုရဲ စေရန် စစ်အာဏာအား ကျားကန်ပေးခြင်းသာ ဖြစ်သည်ကို ၂၀၀၈ ခုနှစ် အခြေခံဥပဒေ အခန်း (၃) နိုင်ငံတော်အကြီးအကဲ ခေါင်းစဉ်ပါ၊ ပုဒ်မ ၅၉ (စ)အား ပြင်ဆင် ရန် အဆိုတင်သွင်းမှု မအောင်မြင်ခြင်းက သက်သေပြနေသည်။ ပြည်ထောင်စုလွှတ်တော်၌ အခြေခံဥပဒေ ပြင်ဆင် ရန် သဘောတူနိုင်သည့် အချက်အလက်များမှ အရေးမကြီးလှသည့် ပုဒ်မအနည်းအကျဉ်းကို သာ ပြင်ဆင်ပြီး၊ တကယ့် အနှစ်သာရပြည့်ဝသည့် ဒီမိုကရေစီပန်းတိုင်သို့ နိုင်ငံတော်အား ချီ ဆောင်သွားနိုင်မည့် ဒေါ်အောင်ဆန်းစုကြည်၏ တက်လမ်းကိုမူ ပိတ်ဆို့မြဲ ပိတ်ဆို့နေဆဲဖြစ် သည်။ ဗိုလ်ချုပ်အောင်ဆန်းအား အမျိုးသားခေါင်းဆောင်၊ လွတ်လပ်ရေးဖခင်ဟု အသံကျယ် ကျယ်ဟစ်အော်ပြီး တိုင်းပြည်အားကြီးကြပ်ကွပ်ကဲခွင့်မပြုဘဲ လုပ်ကြံသတ်ဖြတ်ခဲ့သည်ကို အား မရသေးဘဲ၊ ဗိုလ်ချုပ်၏သမီး၊ ပြည်သူ့အသဲစွဲ ဒေါ်အောင်ဆန်းစုကြည်ကိုပါ ပြည်သူအား ကယ် တင်ခွင့်မပေး ရက်ရခြင်းသည် ပြည်သူ့ဘဝမြှင့်တင်လိုသူတို့၏ ဆန္ဒအားပြောင်ကျကျဆန့်ကျင် ခြင်းပင် ဖြစ်ပါသည်။

သမိုင်းဝင် ပင်လုံညီလာခံမတိုင်ခင်က ချင်းတောင်တန်း၊ ကချင်တောင်တန်း၊ ရှမ်းပြည်နယ်၊ ကရင်နီနယ်တို့သည် ဗြိတိသျှအစိုးရက သီးခြားတိုက်ရိုက်အုပ်ချုပ်သည့် နယ်မြေများဖြစ်ခဲ့သည်။ ဗမာပြည်မ (Burma Proper) တွင် မပါဝင်ခဲ့ချေ။ ဗိုလ်ချုပ်အောင်ဆန်းက ၄င်းတောင်တန်း

အရေးကို တာဝန်ယူကိုင်တွယ်ဖြေရှင်းပေးရန် တာဝန်ယူမည်ဟု ကတိပေးခဲ့၍သာ ကိုလိုနီနယ်များအား ပင်လုံညီလာခံသို့တက်ရောက်ရန် စည်းရုံးဖိတ်ကြားခွင့်ရခြင်းဖြစ်သည်။ ဤအဆိုမှန်ကန်ကြောင်းကို ရိစ်ဝီလုံ အမှုးပြုသော တောင်တန်းဒေသ စုံစမ်းရေးကော်မီတီအစီရင်ခံချက် အခန်း (၅) အရ လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်း အမှုးပြုရေးဆွဲသော ပြည်ထောင်စုမြန်မာနိုင်ငံတော် အခြေခံဥပဒေ အခန်း ၁၀၊ ပုဒ်မ ( ၁၉၈ မှ ၂၀၆ )အရ လည်းကောင်း တွေ့ရှိနိုင်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းဒေသများအား ထာဝရထိန်းသိမ်းထားရန်မရည်ရွယ်ခဲ့ကြောင်း သိသာထင်ရှားနေပါသည်။ ဗြိတိသျှအရာရှိများကလည်း တောင်တန်းသားများ မကြာမီလွတ်လပ်တော့မည့် အိန္ဒိယပြည်နှင့် သော်လည်းကောင်း၊ မြန်မာပြည်နှင့်သော်လည်းကောင်း၊ မပူးပေါင်းဘဲ ဗြိတိသျှအစောင့်ရှောက်ခံ ကိုလိုနီကိုရွေးချယ်ရန် အကြံပေးခဲ့ကြသည်။ ပင်လုံညီလာခံသို့တက်ရောက်မည့် ချင်းကိုယ်စားလှယ်များအနေဖြင့် ၁၀ နှစ်ကြာဗြိတိသျှလက်အောက်တွင် ဆက်နေပြီး၊ မိမိတို့ဘာသာမရပ်တည်မှ မြန်မာနှင့်ပူးပေါင်းရန်ဟူသော ဆုံးဖြတ်ချက်ကို သယ်ဆောင်၍ ပင်လုံညီလာခံသို့ တက်ရောက်ခဲ့ခြင်းဖြစ်ရာ၊ ပင်လုံသို့ရောက်ပြီးအကြိတ်အနယ် ဆွေးနွေးပြီးမှ ပင်လုံစာချုပ်အား သဘောတူလက်မှတ်ထိုးမိကြသဖြင့် ချင်းတောင်သို့ ပြန်အရောက်တွင် ဖလမ်းအရေးပိုင်ရုံးမှ နယ်လှည့်ဟောပြောခွင့်မပြုခဲ့ကြောင်း သိရသည်။

အမှန်မှာ ဗြိတိသျှအရာရှိများလည်း မှားခဲ့သည်။ ၎င်းတို့၏ အစီအစဉ်ကို ပွင့်လင်းစွာထုတ်ဖော်ပြီး၊ ကြပ်ကြပ်မတ်မတ်ဖြင့် ပညာပေးသင်တန်းများ၊ လူထုတွေ့ဆုံပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ ကွင်းဆင်းစည်းရုံးရေးလုပ်ငန်းများ မပြုလုပ်ခဲ့ကြခြင်း ကြောင့် ချင်းခေါင်းဆောင်များအပါအဝင်၊ တောင်တန်းသားခေါင်းဆောင်များအနေဖြင့် စိတ်ခွနေကြမည်ဖြစ်သည်။ ပင်လုံစာချုပ် သဘောတူလက်မှတ် ထိုးမိခဲ့သဖြင့် နောင်တအကြီးအကျယ်ရသူမှာ ကချင်ဒူးဝါးဆင်ဝါးနောင်ဖြစ်ကြောင်းသိရသည်။ သူကွယ်လွန်ခါနီးတွင် ထုတ်ဖော်ခဲ့ကြောင်းလည်း သိရသည်။ နိုင်ငံရေးဆိုင်ရာ ခြေလှမ်းတလှမ်းမှားမိလျှင် လွယ်လွယ်နှင့်ပြင်၍ မရနိုင်တော့ချေ။ မည်သူမပြု မိမိမှုပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ လွတ်လပ်ရေးခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက်တွင် တိုင်းရင်းသားတို့၏ ကံကြမ္မာမှာ ကျားကြောက်လို့ရှင်ကြီးအားကိုး၊ ရှင်ကြီးကျားထက်ဆိုး ဆိုသည့်ဘဝ ဖြစ်နေသည်။

အဘယ်ကြောင့်ဆိုသော် နောက်မှတက်လာသည့်အစိုးရတို့သည် ပင်လုံစာချုပ်ပါ ကတိကဝတ်များအား အသိအမှတ်မပြုလိုကြသောကြောင့် မဆလအခြေခံဥပဒေ (၁၉၇၄) တွင်လည်းကောင်း၊ နအဖ အခြေခံဥပဒေ (၂၀၀၈) တွင်လည်းကောင်း၊ ပင်လုံစာချုပ်၏ တန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ခွဲထွက်လိုက ခွဲထွက်ခွင့်အပြင် ဖယ်ဒရယ်မူများအား ပြန်လည်မထည့်သွင်းတော့ခြင်းက သက်သေပြနေပေသည်။ "တင်းလွန်းရင်ပြတ်၊ လျော့လွန်းရင်ပတ်" ဆိုသည့်စကားအတိုင်း၊ တိုင်းရင်းသားများအပေါ် တင်းကြပ်လွန်းလျှင် ပြည်ထောင်စုကြီးသည် ဥက္ကဲသိုက်ပျက်ငှက်ပမာ ဖြစ်မည်မလွဲပေ။

ထိုကြောင့် အခြေခံဥပဒေအား ပြန်လည်မရေးဆွဲဘဲ လက်ရှိအတိုင်း ဆက်လက်ကျင့်သုံးပြီး ၂၀၁၅ ရွေးကောက်ပွဲပြုလုပ် မည်ဆိုပါက ပြည်သူတို့၏ဆန္ဒသည် လုံးဝပြည့်ဝမည် မဟုတ်ချေပြီတကား။ တိုင်းရင်းသား အဆင့်မြင့်ကိုယ်စားလှယ်တော်များခင်ဗျား၊ ပြည်သူ့အကျိုးအတွက် ရှေ့ရှုပြီး၊ ကိုယ်စားလှယ်ကောင်းပီသစွာ ခိုင်ခိုင်မာမာ၊ မားမားမတ်မတ်ရပ်တည်ကြပါ။ ပြည်သူလူထုတစ်ရပ်လုံးက လူကြီးမင်းတို့အား ထောက်ခံမှုအပြည့်အဝဖြင့် မျှော်လင့်အားကြီးစွာ စောင့်ကြိုနေကြပါသည်။ နောက်မဆုတ်ဘဲ ရှေ့သာတိုးကြပါ။ "ကိုယ်ခန္ဓာကိုသာသတ်၍ စိတ်ဝိညာဉ်ကိုမသတ်နိုင်သော သူတို့ကိုမကြောက်ကြနှင့်" ( ရှင်မဿဲ ၁၀ း ၂၈ )။ လိုအပ်လျှင်အာဇာနည်သူရဲကောင်းတို့လမ်းကို လိုက်နိုင်ရန် မတွန့်မဆုတ် အားထုတ်ကြပါ။ ပြည်သူ့ဆန္ဒဒီမိုကရေစီလဝန်းကြီးပမာ ပေါ်လာမည့်အချိန်ကို ပြည်သူတို့ ရောက်လိုလှကြပါပြီ။ ဆန္ဒစောနေကြပါပြီ။

**" ရဲသော်မသေ၊ သေသော်ငရဲမလား" ။**

---

**ချင်း - ဗမာ ချစ်ကြည်ရေးညီလာခံကို ၁၉၄၇ ခုနှစ်၊ မတ်လ (၃) ရက်နေ့ မှ (၅) ရက်နေ့အထိ ပခုက္ကူခရိုင်၊ ထီးလင်းမြို့၌ပြုလုပ်ပြီး ဖဆပလ ကိုယ်စားလှယ် ဒီးဒုတ်ဦးဘချို၊ ချင်းကိုယ်စားလှယ် ပူးဝမ္မသူးမောင် နှင့် ပူးဖိုဟိုး တို့က ပန္နက်ချ စိုက်ထူခဲ့သည်။**

# တန်းတူညီမျှခြင်း
# (Equality)

**Pu Lamramlawma**

တန်းတူညီမျှခြင်းသည် သဘာဝအခွင့်အရေး (Natural Rights) နှင့် နီးစပ်စွာ ဆက်နွယ်နေပါသည်။ John Locke ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကြည့်ခြင်းအားဖြင့် ဆက်စပ်နားလည်နိုင်မည်ထင်ပါသည်။

" တန်းတူညီမျှခြင်းအနေအထားတွင် အာဏာအားလုံးလုပ်ပိုင်ခွင့်များနှင့် ပြောင်းပြန်အမှီပြုပြီး၊ တစ်စုံတစ်ဦးသောသူသည် တခြားသူများထက်သာ၍ မနေပါ။ ဖန်တီးထားသောအရာများ၊ သတ္တဝါများတွင်လည်း အထောက်အထားမရှိပါ။ အားလုံးသောအရာများသည် တူညီသော အခွင့်အရေးအောက်တွင် မွေးဖွားလာကြပြီး တူညီသော အစွမ်းအစနှင့် နိမ့်ကျသူ၊ မြင့်မြတ်သူ မရှိဘဲ နေထိုင်လျက်ရှိကြသည်။

သဘာဝအခွင့်အရေးနှင့် ပတ်သက်ပြီး နှိုးဆော်မှုတစ်ခုတွင် ဤသို့တင်ပြထားပါသည်။ " လူသားတိုင်းအား (နှစ်သိမ့်ခြင်းမှအပ) ဤသို့ သင်ကြားပေးပါ။ လူသားတိုင်းသည် တန်းတူညီမျှပြီး လွတ်လပ်မှုရှိကြသည်။ မည်သူတစ်ဦးတစ်ယောက်၏ ဘဝ၊ ကျန်းမာရေး၊ လွတ်လပ်မှုနှင့် ပိုင်ဆိုင်ရာများတွင် ထိခိုက်နစ်နာစေခြင်း မပြုရပါ"၊ အမေရိကန်နိုင်ငံ၏ လွတ်လပ်ရေးကြေငြာစာတမ်း၌ "လူသားအားလုံးအား တန်းတူညီမျှစွာ ဖန်တီးထားပြီး၊ ဖန်ဆင်းရှင်မှ လုယူ၍မရသော အခွင့်အရေးများအပ်နှံထားပါသည် " ဟု ဖော်ပြထားသည်။ ဤအချက်ကို ထပ်ဆင့်ပွဲတင်သံအဖြစ် ၁၇၈၉ ခုနှစ်၊ ကြေငြာစာတမ်း၌ " လူသားများမွေးဖွား သန့်စင်လာကြပြီး၊ လွတ်လပ်စွာ နေထိုင်ခွင့်နှင့် တူညီသောအခွင့်အရေးများ ရှိကြသည် " ဟု ထပ်မံဖော်ပြထားပါသည်။

တန်းတူညီမျှရေးနှင့်ဆိုင်သော ယေဘုယျနားလည်လက်ခံထားသော အယူအဆသည် (၁၈) ရာစုမှ စတင်လာသည်ဟု ဆိုနိုင်ပါသည်။ (၁၈) ရာစုတစ်လျှောက်လုံးတွင် မှတ်သားလောက်သော လူနေမှုစံနှစ် ညံ့ဖျင်းခြင်း၊ လိုက်လျောညီထွေမှု မရှိခြင်း၊ လူနေမှုစံနစ်မျှတမှု မရှိခြင်း၊

ရုန်းရင်းဆန်ခတ်မှုများနှင့် ပြည့်နှက်လျှက် ရှိခဲ့ပါသည်။ တန်းတူညီမျှရေးသည်လည်း သာမန်လူတန်းစားအဖွဲ့အစည်းမှ လူကုံထံများ၊ အထက်တန်းလွှာ လူတန်းစားများအား ဆန့်ကျင်လာခဲ့ရာမှ အမြုတေခဲ့သည်ဟု ဆိုနိုင်ပါသည်။ တန်းတူညီမျှရေး အတွေးအခေါ်သည်လည်း ဖိနှိပ်ခံသာမန်လူသားများ၏ အခွင့်အလမ်း (သို့မဟုတ်) ထွက်ပေါက်ရှာဖွေကြံဆရာမှ တိုးတက်ကြီးထွားလာခြင်းလည်း ဖြစ်ပေသည်။

*(John Locke: Second Treatise of Civil Government, Chap II, PP. 118 – 19.)*

## အနက်အဓိပ္ပါယ်ရှာဖွေ လေ့လာခြင်း

တန်းတူညီမျှခြင်း၏ အနက်အဓိပ္ပါယ်အား နည်းလမ်းများစွာဖြင့် ရှာဖွေလေ့လာနိုင်ပါသည်။ အချို့သော အချက်များတွင် နားလည်ရန် လွယ်ကူသော်လည်း၊ အချို့သောအချက်များတွင် ခက်ခဲနေဆဲဖြစ်ပါသည်။ တိကျရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုရန် ခက်ခဲသောအရာများလည်း ရှိနေသေးပါသည်။ “လွတ်လပ်ခြင်း” ၊ “တန်းတူညီမျှခြင်း ” ဟု ဆိုလိုက်လျှင် ဒီမိုကရေစီအတွေးအခေါ်၌ ကြီးမားသောနေရာများအား လွှမ်းမိုးနေကြောင်း နားလည်ကြမည်ဖြစ်ပါသည်။ “လွတ်လပ်ခြင်း ” အနက်အဓိပ္ပါယ်ဖွင့်ဆိုရာတွင် နည်းလမ်းများစွာဖြင့် ဖွင့်ဆိုနားလည် နိုင်သော်လည်း၊ အချို့သောအရာများတွင် ခက်ခဲနေဆဲဖြစ်ပါသည်။ ထိုနည်းတူစွာပင် “ တန်းတူညီမျှခြင်း ” ၏ အနက်အဓိပ္ပါယ်သည်လည်း အချို့သောအရာများတွင် နားလည်ရန် လွယ်ကူသော်လည်း၊ အချို့သောအရာများတွင် ခက်ခဲနေဆဲဖြစ်ပါသည်။ Natural Equality အဖြစ် ယေဘုယျ နားလည်လက်ခံဆဲဖြစ်ပြီး “ လူသားအား လုံးသည် တန်းတူညီမျှပြီး၊ တူညီသော ဂုဏ်သိက္ခာဖြင့် အသိအမှတ်ပြုဆက်ဆံထိုက်သည် ” ဟု ညွှန်းဆိုနေပါသည်။ လူ့အခွင့်အရေးဦးဆောင် လှုပ်ရှားလာခဲ့သူများ၏ အမြင်တွင်လည်း လူသားအားလုံးသည် တန်းတူညီမျှစွာ မွေးဖွားလာကြပြီး၊ သဘာဝတရားအရ ဤအတိုင်းဆက်လက်တည်ရှိသွားမည်ဟု ယူဆကြပါသည်။ ဤသဘာဝတရားအရ တန်းတူညီမျှခြင်းအား လက်တွေ့ထုတ်ဖော်ကျင့်သုံးရာ၌ ထင်ရှားသော သာဓကများတွင် ပြင်သစ်နိုင်ငံ၏ “The Declaration of Rights of Man 1789 ” သည်လည်း အထင်အရှား တွေ့မြင်နိုင်ပါသည်။ ၎င်းတွင် “လူသားများမွေးဖွားသန့်စင်လာပြီး အခွင့်အရေးအသီးသီး၌ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းများ အစဉ်အမြဲရှိသွားမည် ဖြစ်သည် ” ဟု ဖော်ပြထားပါသည်။ အလားတူပင် အမေရိကန်လွတ်လပ်ရေးကြေငြာစာတမ်း၌ “ဤ လူသားအားလုံး တန်းတူညီမျှစွာ

ဖန်တီးထားပါသည်ဆိုသည့် အမှန်တရား၌ ကျွန်ုပ်တို့ သဘောချာနားလည်လက်ခံ စွဲကိုင်ထားပါသည် ” ဟူ၍ ဖော်ပြထားပါသည်။

သို့သော် သဘာဝတရားအောက်၌ လူသားတိုင်းတန်းတူညီမျှစွာ တည်ရှိနေခြင်းမဟုတ်ကြောင်းလည်း ရောင်ပြန်ဟပ်မှုသာဓကများစွာ တွေ့မြင်နေရပါသည်။ လုံးဝတန်းတူညီမျှမှုရရှိရန် လူသားများ စွမ်းဆောင်နိုင်မည်မဟုတ်သလို သဘာဝတရားအောက်၌ မညီမျှခြင်းအောက်မှ ရှောင်၍ မလွတ်ကင်းနိုင်ကြောင်းလည်း လူ့အဖွဲ့အစည်းမှ နားလည်လက်ခံနိုင်ရန် လိုအပ်နေပါသေးသည်။ ဤအချက်နှင့်ပတ်သက်ပြီး ရောင်ပြန်ဟပ်မှု သာဓကတစ်ခုအနေဖြင့် Dr. Appadorai မှ ဤသို့ ဆိုပါသည်။ “သဘာဝတရားမှ လူသားများအား မတူကွဲပြားသော စွမ်းရည်များ ပေးအပ်ထားသဖြင့် ကွဲပြားသောဆန္ဒ၊ လိုအပ်ချက်နှင့် အစွမ်းအစများဖြင့် နစ်သိမ့်နေရပြီး၊ လူသားများ ဆန္ဒအရ တန်းတူညီမျှရေးသည်လည်း ယောင်ယမ်းမှန်းဆရန် ခက်ခဲနေပါသည်။ လူသားများ ကြိုးစားအားထုတ်မှုရလဒ်တွင် တန်းတူညီမျှရေးသတ်မှတ်ပေးရန်လည်း မဖြစ်နိုင်ပေ။ လူသားအားလုံးတန်းတူညီမျှသည်ဟုဆိုရာတွင်လည်း ကမ္ဘာမြေကြီးသည် ပြားနေပါသည်ဟုဆိုသကဲ့သို့ မှားယွင်းနေပါသည်။ ”

အစပိုင်း၌ လူအများအမြင်တွင် တန်းတူညီမျှခြင်းသည် “ဥပဒေရှေ့မှောက်၌ တန်းတူညီမျှခြင်း ” သာ ဖြစ်ပြီး၊ တဖြည်းဖြည်း “ နိုင်ငံရေးတန်းတူညီမျှခြင်း ” လည်း ထည့်သွင်းအသားပေး စဉ်းစားလာကြပါသည်။ နောက်ပိုင်းတွင် အမြင်ပိုမိုကျယ်ပြန့်လာကာ “ လူမှုရေးတန်းတူညီမျှခြင်း ” နှင့် “ စီးပွားရေးတန်းတူညီမျှခြင်း” များ ထည့်သွင်းစဉ်းစားလာကြပါသည်။ တန်းတူညီမျှခြင်း၌ အကြောင်းအရာပေါင်းများစွာ ပါဝင်ကြောင်း၊ ထောင့်ပေါင်းစုံမှ လေ့လာရန်လိုအပ်ကြောင်း၊ တတ်ကျွမ်းနားလည်သော ဆရာကြီးတဆူဖြစ်လာနိုင်ရန် ခက်ခဲကြောင်းများ G.Sartori မှ ဖော်ပြထားပါသေးသည်။

**အခြေခံညှိနှိုင်းခြင်း နည်းလမ်း**

တန်းတူညီမျှခြင်း၏ အတွေးအခေါ်သည် အခြေခံမှအစ ညှိနှိုင်းခြင်းပင်ဖြစ်ကြောင်း J.A Corry မှ ဤသို့ ဖော်ပြထားပါသည်။ “တန်းတူညီမျှခြင်းအတွေးအခေါ်တွင် လူသားတိုင်း နိုင်ငံရေးတန်းတူ

ညီမျှမှုရှိခြင်း၊ နိုင်ငံသားတိုင်း နိုင်ငံရေးတွင် တန်းတူညီမျှစွာ ပါဝင်လှုပ်ရှားနိုင်ခွင့် အပ်နှင်းပေးခြင်း၊ တူညီသော မဲဆန္ဒပေးအပ်နိုင်ခြင်း၊ ၎င်းအတွက် လိုအပ်သော အဆောက်အဦးများ တည်ဆောက်နိုင်ခြင်းများ အကျုံးဝင်သည်။ ထို့ပြင် လူသားတစ်ဦးခြင်းစီအတွက် ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှုရှိခြင်း၊ အထွေထွေဥပဒေများပြဌာန်းပြီး အခွင့်အရေးနှင့် တာဝန်ဝတ္တရားများဖော်ပြအပ်နှင်းခြင်း၊ နိုင်ငံသားအားလုံးအပေါ် တပြေးညီသော အထွေထွေဥပဒေ၊ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများပေးအပ်ပြီး ၎င်းအခွင့်အရေးနှင့် တာဝန်ဝတ္တရားများမှ လူတစ်ဦးတစ်ယောက်သော်လည်းကောင်း၊ အုပ်စုအဖွဲ့သော်လည်းကောင်း၊ အခွင့်ထူးခံစားခြင်း၊ ကင်းလွတ်စေခြင်းမရှိရန် ဖြစ်သည်။ ״

- A. Appadorai: The Substance of Politics, P.93.
- G. Sartori: Democratic Theory, P. 326.
- J.A Corry: Democratic Government and Politics, P.33.

---------------------------------------------

ဤစာစောင်ပါ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများသည်

စာရေးသူ တစ်ဦးချင်းစီ၏ အမြင်အာဘော်

များသာဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။

အယ်ဒီတာ

# NCA ၏ မူရင်းအဓိပ္ပါယ် လွဲနေပြီလော

**ဆလိုင်း ပေန်း(ဒိုင်ခေသူ)**

ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး ကဏ္ဍနှင့်ပတ်သက်၍ အခြေအနေ လုံးဝမကောင်းပါ။ ဒါပေမဲ့ လက်တဆုတ်စာ လူအနည်းစုကတော့ အချမ်းသာကြီးချမ်းသာကြပါတယ်။ မြေပြန့်က တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ ခံစားနေရသလို တောင်ပေါ်က ကျွန်တော်တို့ တိုင်းရင်းသားများဟာလည်း ဖက်စုံပြိုကျနေတဲ့ဒဏ်ကို ခံစားနေရပါတယ်။ ပိုဆိုးတာက စစ်ပွဲတွေနဲ့အတူ နပန်းလုံးလာရတာ နှစ်ပေါင်း ၆၀ ကျော်ပြီဖြစ်ပေမဲ့ အခုထိ ငြိမ်းချမ်းမယ့် အရိပ်အယောင် မတွေ့ရသေးပါဘူး။ ၂၀၁၀ ခုနှစ်၊ အစိုးရသစ်တက်လာတဲ့ သမ္မတ ဦးသိန်းစိန်အစိုးရက ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် ဖိတ်ခေါ်ပြီး NCCT နှင့် တရားဝင်ဆွေးနွေးပွဲ (၇)ကြိမ် ဆွေးနွေးခဲ့ကာ NCA (မူကြမ်း) ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ညှိနှိုင်းပြီးစီးကြောင်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြတယ်။

ဒီလိုနဲ့ အပစ်ရပ်စာချုပ် (မူကြမ်း)ကို အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် စုပေါင်းအဖွဲ့ (NCCT) တို့အကြား မတ်လ ၃၁ ရက်နေ့တွင် လက်မှတ်ထိုးနိုင်ခဲ့ပြီးပေမဲ့ တိုးတက်မှုများ မတွေ့ရသေးပါ။ သေနတ်သံက မြည်နေဆဲ။ MNDAA, TNLA, KIA နှင့် RCSS/SSA နယ်မြေတွေမှာ ထိုးစစ်ဆင်မှုများရှိ နေဆဲပင်။ ဒါ NCA ရဲ့ မူရင်းအဓိပ္ပါယ်လော့။ ဒါကြောင့် တကယ့်လက်တွေ့မှာ တိုင်းရင်းသားအဖွဲ့များနှင့် အစိုးရကြားမှာ ယုံကြည်မှု အရမ်းတိမ်လွန်းလှတယ်။ အပြန်အလှန် ယုံကြည်မှု အရမ်းနည်းပါးလွန်းပါသေးတယ်။

NCCT သက်တမ်းကုန်ဆုံးပြီး SD အဖွဲ့က NCA စာတမ်းကြီးကို ပြန်စီစစ်၊ လိုအပ်မှုကို ပြန်ဖြည့်ကာ အစိုးရနှင့်ပြန်ညှိယူပြီး အရေးကြီး အချက်တစ်ခုကို ညှိမရခဲ့ပေ။ ဒီအကြား ဩဂုတ်လမှာ လက်မှတ်ထိုးရန် သမ္မတ ဦးသိန်းစိန်က ကမ်းလှမ်းလာပါတယ်။ တိုင်းရင်းသားဖက်က အားလုံးပါဝင် လက်မှတ်ထိုးရေး မူပေါ်လစီကိုကိုင်ထားကြပြီး အစိုးရဖက်ကတော့ ခွဲခြားခွဲခြားလုပ်လာပြန်တယ်။ ဒါကို တိုင်းရင်းသား တော်လှန်ရေးခေါင်းဆောင်များက မတတ်သာတဲ့အဆုံး လက်

မှတ်မထိုးသေးတဲ့ အဖွဲ့တွေအတွက် အချက် ၃ ချက်ကို အာမခံချက်ပေးရန် တောင်းဆိုကြတယ်။ ၎င်းအချက်တွေကတော့ -

(က) ထိုးစစ်ဆင်ခြင်းလုံးဝမပြုလုပ်ရ။
(ခ) နိုင်ငံရေးဆွေးနွေးပွဲများမှာ ပါဝင်ခွင့်ရှိစေရမည်။
(ဂ) လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် နိုင်ငံတကာမှ ရရှိခံစားထိုက်သော အခွင့်အရေးများကို အပြည့်အဝခံစားခွင့် ရရှိစေဖို့ စတဲ့အချက်တွေဖြစ်ပါတယ်။

ဒီအချက်တွေကို အာမခံချက်ပေးနိုင်မလားဆိုတာ ရင်တမမနဲ့စောင့်ကြည့်ရတယ်။ အမှန်တကယ် တိုင်းပြည်ငြိမ်းချမ်းမှုကို လိုလားရင် ပေးမှာပါ။ မဟုတ်ရင် NCA အဓိပ္ပါယ်က တလွဲဖြစ်သွားရောပေါ့။

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှာ MPC ၏ Peace Dialogue ဌာန၊ ပြောခွင့်ရပုဂ္ဂိုလ် ဦးအောင်နိုင်ဦးက အစိုးရကတော့ ပေါ်လစီ မပြောင်းဘူး။ အရင်အတိုင်းပဲ သူတို့ဖိတ်ခေါ်ထားတဲ့ ၁၅ ဖွဲ့နဲ့ပဲ လက်မှတ်ထိုးမယ်၊ ၆ ဖွဲ့ကိုတော့ အမြစ်ပါမကျန် ရှင်းမယ်လို့ပြောလာတယ်။ လက်မှတ်ထိုးရမယ့် NCA မူအချက်အလက်တွေ လေ့လာကြည့်တော့ ကျွန်တော့စိတ်ထဲမှာ ခုလုခုလုဖြစ်နေတယ်။ အဓိပ္ပါယ် မရှင်း၍ ဖြစ်ပါလိမ့်မယ်။ အရေးကြီးလှတဲ့ အချက်တခု DDR/SSR ညှိနှိုင်းမရတဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့က လက်မှတ်ထိုးရေးဟာ မရေမရာဖြစ်သွားပြန်ရော။ တကယ်လက်မှတ်ထိုးပါက စစ်တပ်အလိုကျ လက်နက်ဖြုတ်သိမ်းရေး DDR သို့ ဦးတည်သွားမှာကိုတော့ ကေန်ပဲ။

အစိုးရနဲ့ တိုင်းရင်းသားတွေအကြား တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ကို အလျင်စလို လက်မှတ်မထိုးကြဖို့ ဒေါ်အောင်ဆန်းစုကြည်က သတိပေးလာပြန်ရော။ မြန်မာနိုင်ငံရှေ့နေများကောင်စီ ဦးအောင်ထူးကလည်း NCA  ချုပ်ဆိုမယ့် စာတမ်းရှိ စကားလုံးအဓိပ္ပါယ်က ကြောက်စရာကောင်းတယ်လို့ ဆိုလာပြန်တယ်။ အပစ်အခတ်ရပ်စဲရေး စာချုပ်လက်မှတ်ရေးထိုးသည့်တိုင်  တိုက်ပွဲများ ဆက်ဖြစ်နေရင် အပစ်ရပ်စာချုပ်ဟာ အကျိုးသက်ရောက်မှုမရှိတဲ့ စက္ကူပေါ်မှ လက်မှတ်များသာ ဖြစ်ပေလိမ့်မယ်။

အမှန်ဆိုရရင်တော့ စစ်အာဏာရှင် အုပ်ချုပ်ရေးအဖြစ်ကနေ အခြေတကျ ခိုင်မာသွားတဲ့ ဒီမိုကရေစီအဖြစ် အသွင်ကူးပြောင်းနိုင်ရေးဆိုတဲ့ အခက်အခဲ အရှုပ်ထွေးဆုံးပြဿနာပါပဲ။ ဆိုလိုတာကတော့ တိုင်းပြည်ကို ကာလကြာရှည်အုပ်ချုပ်ခဲ့တဲ့ တပ်မတော်ကို ဒီမိုကရေစီနည်းကျ တပ်မတော်ဖြစ်အောင် ဘယ်လိုပြောင်းလဲမလဲ ဒီမိုကရေစီကို ထောက်ခံအားပေးတဲ့ ဒီမိုကရေစီ အစိုးရကို သစ္စာခံတဲ့ တပ်မတော်ဖြစ်အောင် ဘယ်လို ပြောင်းလဲမလဲဆိုတာပါ။

နီးတော့မလိုနဲ့ ဝေးဝေးလာတဲ့ ပြည်တွင်းငြိမ်းချမ်းရေး အခြေအနေတွေဟာ တိုက်ရင်းဆွေးနွေး၊ ဆွေးနွေးရင်းတိုက် စတဲ့ အခြေအနေတွေကြားမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခေါင်းဆောင်များရဲ့ နောက်ဆုံးထိပ်သီးအစည်းအဝေးကနေ အသွင်သဏ္ဍာန်တမျိုးပြောင်းလဲသွားတာကို တွေ့ရပါတယ်။ အဲ့ဒါကတော့ အားလုံးပါဝင်ရေးမူအပေါ် အခြေခံလျက် ချည်းကပ်နည်းနှစ်မျိုးကိုသုံးပြီး (၈)ဖွဲ့နဲ့ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှာ NCA လက်မှတ်ကို ရေးထိုးလိုက်ခြင်းပါပဲ။ ဒီ NCA ဟာ မြန်မာ့နိုင်ငံရေးပြဿနာကို နိုင်ငံရေး နည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာနိုင်မယ့် နည်းလမ်းတခုဖြစ်ပြီး၊ မတူညီတဲ့ နယ်မြေဒေသ အခြေအနေများကြောင့် လက်မှတ်မထိုးနိုင်သေးတဲ့ ကျန်အဖွဲ့များ နိုင်ငံရေးဆွေးနွေးပွဲမှာ ဂုဏ်သိက္ခာရှိရှိ ပါဝင်လာရေးကိုလည်း အာမခံထားတဲ့အတွက် စစ်ပွဲတွေတိုက်ပွဲတွေကြားမှ ခက်ခက်ခဲခဲပေါ်ပေါက်လာတဲ့ အကျိုးရလဒ်တစ်ခု၊ လူတကာ အားရပ်ကျေနပ်စွာနဲ့ ရေးထိုးလိုက်တဲ့ သဘောတူစာချုပ်မဖြစ်တိုင်အောင် အပြောင်းအလဲ၊ အလှဲ့အပြောင်းတခုကို ဖန်တီးသွားနိုင်မယ့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် မဖြစ်နိုင်ဘူးလို့ အဘယ်သူက တပ်အပ်ပြောနိုင်မည်နည်း။

-----------------------------

ချင်းမျိုးချစ်လူငယ်တို့သည် ၁၉၃၃ ခုနှစ်တွင် ချင်းအမျိုးသားများအစည်းအရုံး (CNU)ကိုဖွဲ့စည်း၍ ရန်ကုန်တွင် အခြေစိုက်သော ဗြိတိသျှ - ဗမာအစိုးရထံ လွတ်လပ်ရေး တောင်းဆိုခဲ့သည်။

# ပလက်ဝအရေးကိုဥပေက္ခါမပြုသင့်ပါ

**Pu That Savung**

*ပလက်ဝမြို့နယ်အရေးကိစ္စနဲ့ပတ်သက်ပြီး၊ ကျွန်တော် မကြာခဏ ပြောလေ့ပြောထရှိတာက မဆလ အခြေခံဥပဒေအရ ချင်းပြည်နယ်အား မြို့နယ် ၉ ခုဖြင့် မဖွဲ့စည်းမီကာလ၊ ချင်းဝိသေသတိုင်းခေတ်ကာလက မြို့နယ် ၆ မြို့နယ်တို့အား ခရိုင်အဆင့်သို့ အသီးသီးတိုးမြှင့်ပေးသင့်ကြောင်းပင်ဖြစ်သည်။ အဘယ်ကြောင့် ထိုသို့အကြံပြုရသနည်းဆိုလျှင် ပလက်ဝနယ်သားပီပီ၊ ပလက်ဝနယ်သားတို့၏ နစ်နာချက်များကို ကောင်းစွာသိရှိထားရသောကြောင့်ဖြစ်ပါသည်။*

*ကျွန်တော်သည် ဆလိုင်းကဲ့ဒိုဘိခ်ထောင်း၏ သုံးသပ်ချက်ဆောင်းပါး၊ "ပလက်ဝကပြောသော အနာဂတ်ချင်းနိုင်ငံရေး" အား မေလထွက် Chinworld, facebook တွင်နောက်ကျမှ ဖတ်ရှုခဲ့ရသဖြင့်၊ စိတ်မကောင်းမိပေ။ ဩဂုတ်လတွင်မှဖတ်ရှုခဲ့ရာ၊ ၎င်းဆောင်းပါးအပေါ်အပြုသဘောဖြင့် ဝေဖန်သွားပါမည်။ အမှန်ကေန် ကျွန်တော်သည် ဆလိုင်းကဲ့ဒိုဘိခ်ထောင်း၏ မေတ္တာ၊ စေတနာနှင့် ချင်းအမျိုးသားစည်းလုံးညီညွတ်ရေးစိတ်ဓါတ်အပေါ် ကောင်းချီးဩဘာ ပေးလိုပါသည်။ သူ၏ ဝံသာနု စိတ်ဓါတ်အား မရိပ်မိသော စာဖတ်ပရိသတ်များ ရှိနိုင်သောကြောင့် ပလက်ဝမြို့နယ်၏ နိုင်ငံရေးနောက်ခံအချက်အလက်ကို လက်လှမ်းမီသလောက် တင်ပြဆွေးနွေးသွားပါမည်။*

## ရခိုင်အမျိုးသားများက အဘယ်ကြောင့် ခူမီးတို့အား သိမ်းသွင်းလိုကြသနည်း။

ပထမဦးစွာ ရခိုင်တို့ကအဘယ်ကြောင့် ခူမီးတို့အား မိမိတို့တိုင်းရင်းသားများအဖြစ် မှတ်ယူကြသနည်းဆိုသည်ကို အောက်ပါသမိုင်းအထောက်အထားများဖြင့်တင်ပြပါမည်။

1. Burma Gazetteer, NORTHERN ARAKAN DISTRICT or (Arakan Hil Tracts) Vol. A. p-7 (Hisory) တွင် "Prior to 1784, when Arakan was conquered by the Burmans, the Arakan Hill Tracts had always paid tribute to the kins of Arakan who administered it through the aid of the Chiefs of the various tribes recognized by them. In 1826, after the first war, the Arakan Hil

Tracts, with the rest of the Arakan Division, came into the possession of the British. The Hill Tracts then became a portion of the Akyab (Sittwe) District.," ဟု ဖော်ပြထားပါသည်။

၂။ မင်းတပ် ဘူနိန်း၏ ချင်းတောင်သမိုင်း စာ ၅၁ တွင်လည်း ဤသို့တွေ့ရှိရပါသည်။

" ၁၈၂၆ ခုနှစ်တွင် အင်္ဂလိပ် - မြန်မာ ပထမစစ်ပွဲပြီးဆုံးသွားခဲ့သည်။ ထိုအခါ နယ်ချဲ့အင်္ဂလိပ်တို့သည် ရခိုင်နယ်မြေများနှင့်တကွ ခမီးချင်းတို့နေထိုင်ရာ ပလက်ဝနယ်မြေကိုပါ သိမ်းပိုက်လိုက်ကြသည်။ ပလက်ဝနယ်မြေကို နှစ်ပေါင်းအတော်ကြာမျှ စစ်တွေခရိုင်လက်အောက်သို့ သွတ်သွင်းအုပ်ချုပ်ခဲ့သည်။"

၃။ စာရေးသူတို့ ဒုတိယတန်းကျောင်းသားဘဝက ရခိုင်တောင်တန်း၊ ပထဝီဝင်ဘာသာကို သင်ကြားခဲ့စဉ်၌လည်း ရခိုင်တောင်တန်းရှိ တိုင်းရင်းသားလူမျိုးများအကြောင်းတွင် ခမီး၊ ရှမ်းဒူး (မရာ)၊ အနူး၊ ခေါင်စို၊ မြို၊ ကောက်ကဒန်း၊ ဒိုင်းနက်၊ သက်၊ လည်မြို စသည်တို့ပါဝင်ခဲ့သည်။

၄။ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ပြည်ပ)မှ ပြုစုထုတ်ဝေဖြန့်ဖြူးသည့် "The Rakhaing" ဟူသော လက်ကမ်းစာ စောင်ငယ်၌လည်း ဤသို့တွေ့ရှိရပါသည်။ " Seven indigenous races inhabiting in Rakhaing State are  Mro (or) Khami, Thak (Sak/Chakma), Dainnak, Maramagree, Bru, Kaman (Rakhain-Muslim), Mrong and Rakhaing" p-3

ရခိုင်မိတ်ဆွေများနှင့် ကြုံကြိုက်ခိုက် မကြာခဏ ဆွေးနွေးငြင်းခုံတိုင်းလည်း စာရေးသူသည် ဘာသာဗေဒအရသော်လည်းကောင်း၊ မနုဿဗေဒအရ သော်လည်းကောင်း၊ လူ့ယဉ်ကျေးမှုအဖွဲ့အစည်းအရ သော်လည်းကောင်း၊ ဘာသာစကားစာပေအရ သော်လည်းကောင်း၊ လုပ်ကိုင်စားသောက်ပုံအရ သော်လည်းကောင်း၊ ခူမီးတို့သည် သမိုင်းစဉ်အရနှင့် နိုင်ငံရေးဖြစ်ဟောင်း နှောင်းဖြစ်များအရ ရခိုင်ဘုရင်များလက်အောက်ခံများ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် ခူမီးတို့သည် ရခိုင်မဟုတ်နိုင်ကြောင်း ခိုင်မာစွာရပ်တည်ငြင်းခုံလေ့ရှိပါသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ ဗြိတိသျှအစိုးရ မြန်မာနိုင်ငံသို့ ပြန်ဝင်လာသောအခါတွင် ဖဆပလ အစိုးရခေတ်က ချင်းရေးရာဝန်ကြီးဖြစ်ခဲ့သူ ဦးဇရဲလျန်သည် အရေးပိုင် (ခေါ်) ခရိုင်ဝန်အဖြစ် ပလက်ဝနယ်သို့ လာရောက်ရုံးထိုင်ခဲ့ဖူးသည်။ အမှန်မှာ ပလက်ဝနယ်သည် ၁၈၇၇ ခုနှစ်မှစ၍

စစ်တွေခရိုင်မှ အပြီးအပိုင်ခွဲထုတ်ပြီး၊ ရခိုင်တောင်တန်းခရိုင် (သို့မဟုတ်) ရခိုင်မြောက်ပိုင်းခရိုင် အဖြစ် အရေးပိုင် (သို့မဟုတ်) ခရိုင်ဝန် အုပ်ချုပ်မှုလက်အောက်တွင် ထားရှိခဲ့သည်ကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

“ On the Administration of the Hill Tracts of the Northern Arakan from 1870 to 1877, and subsequent reports on the Administration of the Chin Hills. In 1865, in order to bring the country more under control, the Hill Tracts were separated from Akyab District and made the separate charge of a Superintendent.,”
Burma Gazetteer, NORTHERN ARAKAN DISTRICT ( or Arakan Hil Tracts ) Vol. A. p-7-8 ( Hisory ) The Arakan Hll Tracts Civil Justice Regulations ( 1874/76 )p-26

## Laymro Hydropower Project Planned to Start Construction

The hydropower project that will generate 500 megawatts of electricity on the Laymro River is now being readied for construction to start.

The resident said he was one of a 16-member team from Mrauk-U that recently visited for their research on Khabwaychay / Kophayshay Village, of Paletwa Township, the proposed site for the hydropower project.

အထက်ပါ စာပိုဒ်အရ၊ ပလက်ဝမြို့နယ်၊ သံထောင်မြို့နယ်ခွဲရှိ Khabwaychay ခေါ် ကိုဖေရှေရွာတွင် မီဂါဝပ် ၅၀၀ ထုတ်လုပ်မည့် ရေအားလျှပ်စစ်စက်ရုံကို တည်ထောင်ရန် စီစဉ်နေကြောင်း သိရသည်။ ထို့အပြင် ၄င်းကိုဖေရှေနှင့် အနီးတဝိုက်တွင် ကျောက်မျက်ရတနာ့စံချိန်မီ ရွှေထွက်ရှိနေပြီး ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရန် ရောက်ရှိနေသော တရုတ်တို့က အလုပ်အားချိန်တိုင်း ရွှေကျင်နေကြကြောင်း ၂၀၁၂ ခုနှစ်၊ နေ့စဉ်ရာသတင်းများတွင် ဖော်ပြခဲ့သည်။ ရခိုင်သမိုင်းတွင် ၄င်းလေးမြို့မြစ်ကမ်းသည် ရွှေထွက်ရာနေရာဖြစ်ကြောင်း ဖော်ပြထားသည်ဟုလည်း ရေးသားခဲ့သည်။ ကိုဖရှေအနီးတွင် ကိုဖေကြီး၊ ဂါရာပြင်၊ ရွှေတောင် ခေါ် ရွာများတွင်လည်း အဆိုပါတရုတ်တို့က ရွှေရှာထွက်ကြကြောင်းသိရသည်။ ယခင်မြို့နယ်ခွဲရုံးစိုက်ရာ သံထောင်အမည်ဟောင်းသည် သံတောင်ဖြစ်ကြောင်း စာရေးသူ မူလတန်းအင်္ဂလိပ်စာသင်တန်းပို့ချရန် သွားခဲ့စဉ်က သိခဲ့

ရသည်။ သံထွက်သည်ဆို၏။ ဤမျှအဖိုးတန် သယံဇာတ ထွက်ရှိရာမြေအား မည်သူမမက်မောဘဲ နေနိုင်မည်နည်း။

အထက်ပါ အကြောင်းအရာတို့ဖြင့် ပလက်ဝမြို့နယ်သည် ယခင်က ချင်းတောင်တန်းဒေသတွင် မပါဝင်ခဲ့သေးသည့် အ ကြောင်းအရာလုံလောက်ပြီဟု ယူဆပါရစေ။

အလားတူ ဗြိတိသျှအစိုးရသည် ၁၈၆၀ တွင် စစ်တကောင်းတောင်တန်းကို စစ်တကောင်းခရိုင်မှ ခွဲထုတ်ခဲ့ပြီး၊ အရေးပိုင် တစ်ဦးအား ခန့်ထားအုပ်ချုပ်စေခဲ့သည်။ ၁၈၇၇ ခုနှစ်တွင် ပလက်ဝနယ်အား ရခိုင်တောင်တန်းခရိုင်အဖြစ် ရခိုင်တိုင်း စစ်တွေခရိုင်မှ ခွဲထုတ်ခဲ့သည်။ ကန်ပက်လက်နယ်ကိုလည်း ပခုက္ကူခရိုင်မှ ခွဲထုတ်ပြီး၊ ပခုက္ကူ (ချင်း)တောင်တန်းခရိုင်အဖြစ် ဆောနယ်မှ အရေးပိုင်တစ်ဦး၏ အုပ်ချုပ်မှုလက်အောက်တွင်ထားရှိခဲ့သည်။ ချင်းတောင်ကိုလည်း မန္တလေးတိုင်း၊ နောင်စစ်ကိုင်းတိုင်း မော်လိုက်ခရိုင်မှခွဲထုတ်ပြီး၊ ဖလမ်းမြို့တွင် အရေးပိုင်တစ်ဦးအား ခန့်ထားအုပ်ချုပ်စေသည်။ လူရှေတောင်တန်းကို တောင်နှင့်မြောက်ခရိုင် ခွဲအုပ်ချုပ်သည်။ မြောက်ပိုင်းအား အာသံပြည်နယ်လက်အောက်မှ ခွဲထုတ်ပြီး အိုက်ဇောလ်မြို့တွင် အရေးပိုင်တစ်ဦးအား ခန့်ထားအုပ်ချုပ်စေပြီး၊ တောင်ပိုင်းခရိုင်ကို အရှေ့ဘင်္ဂလား ပြည်နယ်လက်အောက်တွင် အရေးပိုင်တစ်ဦးအား လုံလဲမြို့တွင် ရုံးထိုင်စေပြီး အုပ်ချုပ်ကွပ်ကဲစေသည်။ ဤအနေအထားကို ဦးစွာပထမ သိထားသင့်ပါသည်။

## THE CHIN - LUSHAI CONFERENCE 1892

ဗြိတိသျှနယ်ချဲ့အစိုးရသည် အနောက်ဘက် အာသံ၊ ဘင်္ဂလားဒေသနှင့်အရှေ့ဘက်မှ မြန်မာပိုင်နယ်မြေ စပ်ကြားတောင်တန်းသားများအား ကူကီး သို့မဟုတ် ချင်းဟူ၍ ဦးစွာသတ်မှတ်ခဲ့ကြကြောင်းကို အောက်ပါအတိုင်းတွေ့နိုင်ပါသည်။

"The words Kuki and Chin are synonymous and are both used for many of the hill tribes in question.The term KUKI is an Assamese or Bengali word applied to such hill tribes as Lushais, Rangkhols, Thados, etc. who were residing within India. On the other hand, CHIN is a Burmese word which is used to denote all various hill tribes, living in the country between Burma and the provinces of Assam and Bengal. The words Kuki and Chin are thus synonymous and are both primarily

used for many of the hill tribes in general. Therefore, the word Kuki-Chin was coined and employed by early researchers."

G.A.Grierson, *The Linguistic Survey of India*. 1904, Vol.III, Part III, p.1,2,3, ( Calcutta: Gov't. Printing Press,126 )1904.

The older English form khyang is obviously related to Khyang and Chin. In English the name Chin is customarily applied to these people when they are discussed within the context of Burma. The earliest British contact occurred, however, from the direction of India, and within this context they were called Kookie or Cuci, earlier forms of Kuki what is today written  Kuki. From these two names has arisen the combination Kuki-Chin. Kuki remains the most common general term for these people in India and East Pakistan ( now Bangladesh ), and at this general level it is equivalent to Chin.

Frank M. Lebar, Gerald C. Hickey, John K. Musgrave, *Ethnic Groups of Mainland Southeast Asia,* Human Relations Area File Press, New Haven, 1964, p.49

နောက်တွင် ကူကီးအုပ်စုဝင်တို့ဒေသ လူရှေတောင်တန်းအား သိမ်းပိုက်လိုက်သည်နှင့် ကူကီးအစား၊ လူရှိုင်းဟုပြင်ဆင် မှတ်သားလာခဲ့ပြန်သည်။ မည်သို့ပင်ခေါ်စေကာမူ ၎င်းတို့ရည်ညွှန်းလိုသည်မှာ ကူကီး - ချင်းအားလုံးအတွက်ပင် ဖြစ်ပါသည်။ အင်္ဂလိပ်တို့သည် အနောက်ဘက်မှ လူရှေတောင်တန်းအား ၁၈၉၀ ခုနှစ်တွင်လည်းကောင်း၊ အရှေ့ဘက်ရှိ ချင်းတောင်တန်းအား ၁၈၉၂ ခုနှစ်တွင်လည်းကောင်း၊ စတင်အုပ်ချုပ်ရန် စီစဉ်ခဲ့ကြသည်။ စစ်ဘက်အရာရှိများအား နယ်ဘက်အုပ်ချုပ်ရေးတာဝန်များကိုပါ ထမ်းဆောင်စေခြင်းဖြင့် ချင်းလူမျိုးစုတို့၏ ဇာတိမာန်နှင့် နောက်ယှက်မှုအန္တရာယ်အား နှိပ်ကွပ်ချိုးနှိမ်ရန် ကြိုးစားလာကြသည်။ ထိုသို့ ချင်းလူမျိုးများ၏ ဒေသအား ကျူးကျော်ဝင်ရောက်လာရာတွင် ချင်းလူမှုအဖွဲ့အစည်းအကြောင်းကိုပါ အတွင်းကျကျ လေ့လာခွင့်ရလာသည်။

ချင်းလူမျိုးတို့အား တိဘက် - မြန်မာမိသားစုဝင် ကူကီး - ချင်းအုပ်စုဝင်များအဖြစ် သတ်မှတ်ကြသည့်အလျောက် ၄င်းအုပ်စုဝင်အဖြစ် ယူဆရသည့် ချင်းမျိုးနွယ်စုအားလုံးအား စုစည်းပြီး၊ အုပ်ချုပ်ရေးနယ်မြေတစ်ခုတွင် ထားရှိသင့်သည်ဟု သဘောရှိလာကြသည်။ ထိုကြောင့် ၁၈၉၂ ခုနှစ်၊ ဇန္နဝါရီ (၂၅ - ၂၉) ရက်နေ့တွင် သမိုင်းဝင် ချင်း - လူရှိုင်းကွန်ဖရင့် (Chin-Lushai Conference) ကို ကာလကတ္တားမြို့၊ Fort William ၌ ဗြိတိသျှ - အိန္ဒိယဘုရင်ခံချုပ်၏ ခွင့်ပြုချက်အရ အောက်ပါ ဗြိတိသျှအစိုးရ၏ ဒေသဆိုင်ရာထိပ်တန်းပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ပြီး အရေးတယူ စဉ်းစားဆွေးနွေးခဲ့ကြရကြောင်း တွေ့ရှိရပါသည်။

1. Hon'ble Sir Charles Alfred Elliott, KCSI, Lt. Governor of Bengal.
2. His Excellency Lt. Gen. J.C. Dormer, C.B., C in C., Madrass.
3. Alexander Mackenzie, KCSI, Chief Commissioner of Burma.
4. E.E.Ward, Esq. CSI, Chief Commissioner of Assam.
5. Hendry Mortimer Durand, KCIE, CSI, Secretary to the Gov't. of India, Foreign Department.
6. Maj. Gen. E.H.H.Collen, CIE, Secretary to the Gov't. of India, Millitary Deptt.
7. Maj. Gen. Sir James Browne, KCSI, CB, BE., QM. In India.

အထက်ပါ ဗြိတိသျှအစိုးရဒေသဆိုင်ရာ ထိပ်တန်းအရာရှိကြီးများသည် အာသံမှ ချင်းအနွယ်ဝင် လူရှိုင်းများ၊ ဘင်္ဂလားမှ ချင်း အနွယ်ဝင်ကူကီးများ၊ မြန်မာနိုင်ငံမှ ချင်းမျိုးနွယ်စုအားလုံးတို့၏ နောင်ရေးကိစ္စအဝဝကို အလေးအနက်ထား စဉ်းစားဆွေးနွေးခဲ့ကြသည်။ ထိုသို့ စဉ်းစားရာတွင် ချင်းတောင်တန်းဒေသ၏ ပထဝီအနေအထား၊ လမ်းခရီးကြမ်းတမ်းမှုနှင့် ဆက်သွယ်ရေးအခက်အခဲများ၊ စားနပ်ရိက္ခာမလုံလောက်မှုများ စသည်များကိုပါ ထည့်တွက်စဉ်းစားရင်း၊ တိုင်းမင်းကြီး ( ကော်မရှင်နာ) တစ်ဦး၏ အုပ်ချုပ်ကွပ်ကဲမှုအောက်တွင် စုစည်းနိုင်သမျှသော ၄င်းတို့လက်အောက်ခံ နယ်မြေများအားစု စည်းထားရှိရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

ထို ချင်း - လူရှိုင်းကွန်ဖရင့် ဆုံးဖြတ်ချက် ( ၆ ) ချက်အား အင်္ဂလိပ်မူရင်းအတိုင်း အောက်တွင် ဖော်ပြပါမည်။

1. The majority of the Conference are of opinion that it is very desirable that the whole tract of country known as Chin-Lushai should be brought under one administrative head as soon as can be done. They also consider it advisable that the new administration sould be subordinate to the Chief Commissioner of Assam. Sir Dormer and Sir Alexander Mackenzie would defer any final decision as regards the eastern part of the tract till further information is obtained.

2. The Chittagong District be also transferred to Assam. If it is found that there are difficulties in the way of as immediate transfer of the district, the Hill Tract ( *of Chittagong* ) should be transferred in advance of the rest.

3. The Conference is not prepared to assert that this step can be taken immediately. As matters now stand, the difficulties of communication, of supply, and of transport are very serious, and it will in any case be necessary to suspend action until after the close of the present cold season's operation in the Chin and Lushai Hills.

4. The first things to be done for the control of this tract is to improve the communication between the important places such Cachar and Aijal, Aijal and Lungleh, Aijal and Manipur, and the post situate respectively on the eastern and western side of the tract. The opening out these lines is a work of pressing importance. The commissariat staff should also be provided to arrange for transports and supplies, till the tract is able to provide them for itself.

5. The Conference is of opinion that the boundaries of the new administrative should be generally speaking the boundaries of the tract occupied by the savage newly brought under British control, but the details of these boundaries can only be settled after consultation with local officers.

6. The Conference is agreed that north and south Lushai, with such portion of the Arakan Hill Tracts as may hereafter be determined, should be placed under Assam at once on condition that-
   ( 1 ) Complete transport and commissariat equipment for supplies from Chittagong to South Lushai, and Cachar to North Lushai are provided.
   ( 2 ) Funds are granted for road and telegraph from Aijal to Lungleh.

***FOREIGN DEPARTMENT REPORT ON CHIN-LUSHAI HILLS, SEPTEMBER 1892*. p-88.**

အဆိုပါ ချင်း - လူရှိုင်းကွန်ဖရင့် (၁၈၉၂) ဆုံးဖြတ်ချက်အား သေချာစွာလေ့လာရလျှင် အနီးကပ် ဆုံး ချင်းလူမျိုးတို့နေထိုင်ရာ ချင်းတောင်တန်း၊ စစ်တကောင်းတောင်တန်း၊ လူရှေတောင်တန်း နှင့် ရခိုင်တောင်တန်းတို့အား ဦးစွာပထမ ပူးပေါင်းစေရန်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။ ဤ ဆုံးဖြတ်ချက်ကို ဆက်လက်အကောင်အထည်ဖော်နိုင်စေရန်အတွက် The Chin Hills Regulation Act 1896 ခေါ် ချင်းတောင်တန်းစည်းမျဉ်းအား ၁၈၉၆ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်နေ့ တွင် ပြဌာန်းခဲ့သည်။ ထို The Chin Hills Regulation Act 1896 ကို ၁၉၁၁ ခု၊ အောက်တိုဘာ (၉) ရက်နေ့တွင် ပြန်လည်တိုးချဲ့ရာ ယခုလက်ရှိ အနေအထားအတိုင်းဖော်ပြရလျှင် အာသံပြည် နယ်ရှိ မိကိရ်တောင်တန်း၊ မြောက်ကချာတောင်တန်း၊ နာဂပြည်နယ်၊ မေဃ လာယပြည်နယ် များကိုပါ ဤချင်းတောင်တန်းဥပဒေဘောင်တွင် သွတ်သွင်းခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါဒေသတို့တွင်လည်း ကူကီး ခေါ် ချင်းလူမျိုးအမြောက်အမြား ပြန့်နှံ့နေထိုင်ကြသည်ကို တွေ့ရှိရသောကြောင့် အုပ်ချုပ်ရေး နယ်မြေတစ်ခုကို ဖန်တီးပေးပြီး ဒုတိယဘုရင်ခံ ခေါ် Lt. Governor အား ခန့်ထားအုပ်ချုပ်စေရန် ရည်ရွယ်ခဲ့ကြခြင်းဖြစ် ပါသည်။

ထိုနည်းအတိုင်းပင် အရှေ့ဘက်မြန်မာပြည်နယ်စပ်တဝိုက်ရှိ ဆွမ္မရာတောင်တန်းအား ၁၉၁၇ ခုနှစ်တွင်လည်းကောင်း၊ ပခုက္ကူ ချင်းတောင်တန်းအား ၁၉၂၉ ခုနှစ်တွင်လည်းကောင်း၊ ချင်းတောင်တန်းလက်အောက်တွင် ထားခဲ့ကြသည်။ လူရှေတောင်တန်းနှင့်မတွဲနိုင်ခဲ့သည့် ရခိုင်တောင်တန်းကိုလည်း ချင်းတောင်နှင့်တွဲရန်စီစဉ်ပြီး၊ စစ်တကောင်းတောင်တန်းကို လူရှေတောင်တန်းနှင့်တွဲရန် စီစဉ်ခဲ့ကြကြောင်းကိုပါ ပြဋ္ဌာန်းခဲ့ရသော မြန်မာနိုင်ငံအစိုးရအက်ဥပဒေ ၁၉၃၅ ( Gov't. of Burma Acts and Gov't. of India Acts) ပါတိုင်းရင်းသားများဒေသကို Schedule Areas သို့မဟုတ် Tribal Areas များ အဖြစ်သတ်မှတ်ခဲ့ပါသည်။ ၄င်း Schedule Areas သို့မဟုတ် Tribal Areas များရှိ ဌာနေတိုင်းရင်းသားများကိုလည်း Frontier People တောင်တန်းသားများ သို့မဟုတ် လူတစ်ဦးတည်းမှ ပေါက်ဖွားဆင်းလာသည့် လူမျိုးနွယ်ကြီး Tribals ဟု သတ်မှတ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံအက်ဥပဒေ ၁၉၃၅ နှင့် အိန္ဒိယနိုင်ငံအက်ဥပဒေ- ၁၉၃၅ အား ပြဋ္ဌာန်းလိုက်ခြင်းသည် ဗြိတိသျှအစိုးရအနေဖြင့် ၄င်းတို့၏ အုပ်ချုပ်ရေး စက်ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးသက်သက်မဟုတ်ဘဲ၊ ဗြိတိသျှ-အိန္ဒိယလက်အောက်ရှိ အာသံ၊ ဘင်္ဂလားနှင့်ဗြိတိသျှ မြန်မာနိုင်ငံအကြား မဖွံ့ဖြိုးသေးသည့် တောင်တန်းဒေသများအား အုပ်ချုပ်ရေးနယ်ပယ်သစ်တစ်ခု (ကိုလိုနီနယ်သစ်) ဖွင့်ပေးရန်ဖြစ်သည်။ ထိုကိုလိုနီနယ်သစ်ကို North East Frontier Province ဟူ၍ ခေါ်ရန် ဒေသဆိုင်ရာ ဗြိတိသျှအရာရှိများက အိန္ဒိယအခြေစိုက်ဘုရင်ခံချုပ်ထံ အစီရင်ခံစာတင်သွင်းခဲ့သည်။

***WHAT IS THE CROWN COLONY*** **by Dr. Jangkhongam Doungel, THE AIZAWL POST, July 22, 2011 issued ( p-5 )**

## ချင်းလူမျိုးများအတွက် ကိုလိုနီနယ်သစ် စီမံကိန်း (THE CROWN COLONY)

အထက်တွင်တင်ပြခဲ့သည့်အတိုင်း The Gov't. of Burma Acts နှင့် The Gov't. of India Acts 1935 တို့သည် မြန်မာနိုင်ငံအား ဗြိတိသျှ - အိန္ဒိယမှခွဲထုတ်ပြီး၊ ဗြိတိသျှ - မြန်မာနိုင်ငံအဖြစ် အုပ်ချုပ်ရန်အတွက် ပြဋ္ဌာန်းခဲ့သည့် အက်ဥပဒေ၊ ပြင်တူရေးဆွဲပြဋ္ဌာန်းခဲ့သည့် ဥပဒေ ဖြစ်နေသောကြောင့် တစ်ထေရာတည်းမဟုတ်သည့်တိုင် အချက်အလက်များ၊ ပုဒ်မ- ပိုဒ်ခွဲ သတ်မှတ်ပုံများမှာမူ တူညီကြမည်သာဖြစ်ပါသည်။ မြန်မာ့သမိုင်းတွင် တွဲရေး၊ ခွဲရေးဟူသော အရေး

ပင်ဖြစ်သည်။ ဤအက်ဥပဒေတွင် ရခိုင်၊ မွန်နှင့် ဗမာ ဒေသတို့အား ပြည်မ သို့မဟုတ် Burma Proper ဟူ၍လည်းကောင်း၊ တိုင်းရင်းသားများဒေသကိုမူ တောင်တန်းဒေသ သို့မဟုတ် Frontier Areas/ Tribal Areas ဟူ၍လည်းကောင်း၊ ခွဲခြားအုပ်ချုပ်ခဲ့ပါသည်။ ထို့ကြောင့် 2nd Schedule, Part One, No. 3 တွင်ပါဝင်သော ရခိုင်တောင်တန်း ခေါ် ပလက်ဝခရိုင်နှင့် ၎င်း၏ မြောက်ဖျားဒေသသည် ရခိုင်ပြည်တွင် မပါဝင်ကြောင်းထင်ရှားပါသည်။ "Tribal areas" means the areas along the frontiers of India or in Baluchistan which are not part of British India or of Burma or of any Indian State or of any foreign State," ဟုတွေ့ရပါသည်။ လိုရင်းမှာ တောင်တန်းဒေသတွင်ပါဝင်သော ရခိုင်တောင်တန်းခရိုင် ခေါ် ပလက်ဝမြို့နယ်သည် ဗြိတိသျှ - မြန်မာ တည်းဟူသော ပြည်မတွင် ပါဝင်သည့် ရခိုင်ပြည်နှင့် မပတ်သက်ကြောင်း ဖော်ပြခြင်းပင်ဖြစ်သည်။ C.E.R. Grant Bown, ICS . NORTHERN ARAKAN DISTRICT ( or Arakan Hill Tracts ) Vol. A. p-10 တွင် " The Khamis, who numbered 13,300 form more than half the population.They are a hill community speaking a dialect allied to Chin, and are no doubt themselves of Chin stock," ဟူ၍ ဖော်ပြထားပါသည်။

## ချင်းဝိသေသတိုင်းဖြစ်ပေါ်လာပုံ

ဒုတိယအချက်အဖြစ် ပလက်ဝနယ် (သို့မဟုတ်) ရခိုင်တောင်တန်းခရိုင်သည် ချင်းတောင်နှင့် ပူးပေါင်းပြီး ချင်းဝိသေသတိုင်း ပေါ်ပေါက်လာပုံကိုအစဉ်လိုက် တင်ပြသွားပါမည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း၊ ဗြိတိသျှအစိုးရအနေဖြင့် ချင်းလူမျိုးများနေထိုင်ရာ တောင်တန်းဒေသများအား၊ အုပ်ချုပ်ရေးနယ်မြေတစ်ခုတွင် စုစည်းပြီး၊ တိုင်းမင်းကြီးတစ်ဦးအား ခန့်ထား အုပ်ချုပ်စေရန် ရည်ရွယ်ရင်းရှိပြီးဖြစ်သော်လည်း၊ ချင်းလူမျိုးများနေထိုင်ရာဒေသ၏ ပထဝီအနေအထားအရ စောလျင်စွာ အကောင်အထည်မဖော်နိုင်ဘဲ ဖြစ်ခဲ့သည်။ ထို့အပြင် ပထမ နှင့် ဒုတိယကမ္ဘာစစ်ကြီးနှင့် ရင်ဆိုင်ကြုံကြိုက်ရပြန်သဖြင့် ရှေ့လုပ်ငန်းစဉ်အတွက် ချမှတ်ခဲ့ကြသော လုပ်ငန်းများကို မဆောင်ရွက်နိုင်ဘဲ ၎င်းတို့၏ ကိုလိုနီနယ်များအား စွန့်ခွါခဲ့ကြရသည်။

ထိုသို့ ဖြစ်ခဲ့သော်ငြားလည်း မြန်မာနိုင်ငံနှင့် အိန္ဒိယပြည်အား မစွန့်ခွာမီတွင် ချင်းလူမျိုးများအား မြန်မာပြည်နှင့်သော်လည်းကောင်း၊ အိန္ဒိယပြည်နှင့်သော်လည်းကောင်း၊ မပူးပေါင်းဘဲ Crown Colony ခေါ် ၎င်းတို့ ဗြိတိသျှကိုလိုနီနယ်သစ်အဖြစ် ရွေးချယ်ရန် တိုက်တွန်းအကြံပေးခဲ့ကြသေးသည်။ သို့သော် "အလာကောင်းပေမဲ့၊ အခါနှောင်းပြီ" ဆိုသည့်အတိုင်း ၎င်းတို့ အုပ်ချုပ်ခဲ့သည့်

ကာလတလျှောက်လုံး ဘာဆိုဘာမျှမပြောခဲ့ဘဲ၊ Crown Colony ၏ ကောင်းရာကောင်းကြောင်း နှင့်တကွ၊ အကျိုးအကြောင်းပါ၊ ၎င်းတို့၏ စီမံကိန်းများအတွက် ပညာပေးဟောပြောပွဲများ၊ သင်တန်းများ မပြုလုပ်ခဲ့ကြသဖြင့် ချင်းအမျိုးသားလူကြီးများအနေဖြင့် မိမိတို့အား စည်းရုံးအားသာခဲ့သည့်ဖက်သို့ မတိမ်းယိမ်းဘဲ မနေနိုင်ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် အရှေ့ဖက် ချင်းတောင်တန်းသည် မြန်မာနှင့်ပူးပေါင်းရန် ပင်လုံစာချုပ်အား သဘောတူလက်မှတ်ရေးထိုးခဲ့ရသည်။

## ရခိုင်တောင်တန်းနှင့်ပေါင်း၍သာ ချင်းဝိသေသတိုင်းဖြစ်လာခြင်း

လွတ်လပ်ရေးရခါနီး ပလက်ဝအရေးပိုင်သည် ဦးဇရဲလျန်ဖြစ်ရာ ခူမီးလူကြီးများအား ချင်းတောင်နှင့်ပူးပေါင်းရန် စည်းရုံးမြူဆွယ်ခဲ့သဖြင့်လည်းကောင်း၊ ရခိုင်တို့၏ ခူမီးတို့အပေါ် ပြုမူဆက်ဆံပုံအရကြောင့်လည်းကောင်း၊ ရခိုင်တိုင်းတွင်ပြန်မနေရတော့ဘဲ ချင်းတောင်တန်းနှင့် ပူးပေါင်းပြီး ချင်းဝိသေသတိုင်းအား ဖွဲ့စည်းဖြစ်ပေါ်စေခဲ့သည်။ ထိုအချိန်တွင် ပလက်ဝနယ်မှ ခူမီးခေါင်းဆောင်များသည် နဂိုပကတိအတိုင်း မိမိတို့၏ ခရိုင်ရုံးသည် ဆက်လက်တည်ရှိနေမည်ဟု ထင်ခဲ့ပြီး၊ ဘယ်တော့မှ လက်လွှတ်လိမ့်မည်ဟု မမျှော်လင့်ခဲ့ကြချေ။ သို့ရာတွင် မြို့ပိုင်ရုံးသာသာရှိခဲ့သော ကန်ပက်လက်မြို့သို့ ပလက်ဝခရိုင်ရုံးအား ရွှေ့ပြောင်းလိုက်ခြင်းသည် ချင်းဝိသေသတိုင်းခေတ်မှ ချင်းပြည်နယ်ခေတ်တလျှောက် ပလက်ဝနယ်သားများသည် ခရိုင်ရုံးအား မရမချင်းကြိမ်ဖန်များစွာ တောင်းဆိုကြရခြင်းသာဖြစ်သည်။ မိမိတို့ ပိုင်ဆိုင်ပြီးသော အခွင့်အရေးကို ပြန်လည်တောင်းခြင်းသည် မည်သည့်ဥပဒေနှင့်မျှ မငြိစွန်းပေ။ ချင်းဝိသေသတိုင်းပေါ်ပေါက်လာပြီး မြို့နယ် ၆ ခုကို စုစည်းသော ခရိုင် ၂ ခုဖြစ်လာသောအခါ မြောက်ပိုင်းချင်းတောင်နှင့် တောင်ပိုင်းချင်းတောင်ဟူသော အသုံးအနှုန်းလည်း ပေါ်ပေါက်လာသည်။ တောင်ပိုင်းချင်းတောင်အား ပလက်ဝ မှ ခရိုင်အဖြစ်မအုပ်ချုပ်ရဘဲ ကန်ပက်လက်နယ်တွင် ခရိုင်ရုံးပြောင်း ရွှေ့လိုက်ကတည်းကစပြီး ပလက်ဝသည် ခရိုင်ရုံးကို အလျဉ်းသင့်တိုင်း တောင်းဆိုခဲ့ခြင်းဖြစ်သည်။ အမှန်မှာ ချင်းဝိသေသတိုင်းဖြစ်ပေါ်စက ခရိုင် ၃ ခု ခွဲခဲ့သည်ရှိသော်၊ ယနေ့ထိ ပလက်ဝနယ်အနေဖြင့် အထူးဒေသကို မဆိုထားနှင့်၊ အခြား နိုင်ငံရေးအဆင့်အတန်းကိုပင် စဉ်းစားတောင်းဆိုမည်မထင်ပါ။ သီးခြား UNIT တစ်ခုဖန်တီးလိုသည့် အကြောင်းကြောင့်လည်းဟုတ်မည် မထင်ပါ။

ပလက်ဝနယ်သည် ချင်းပြည်နယ်တွင် လူဦးရေအများဆုံးဖြစ်ကြောင်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ သိနိုင်သည်။ လူဦးရေ ၉ သောင်းကျော်၊ တစ်သိန်းနီးပါးရှိကြောင်း အများအသိ ဖြစ်သည်။ သို့သော် ၎င်းသန်းခေါင်စာရင်း ထုတ်ပြန်ချက်အား လုံးဝဥသုံလက်ခံရန် ခက်ခဲပါသည်။

အဘယ်ကြောင့်ဆိုသော် ကျန်မြို့နယ်များမှ လက်မခံနိုင်သောကြောင့် ပြန်လည်စီစစ်သည့် သတင်းများ ထွက်ပေါ်လာခြင်းကြောင့်ပင်။ ပလက်ဝနယ်ရှိလူဦးရေသည် အနည်းဆုံး ၁၂၀,၀၀၀ ခန့်ရှိကာ၊ ခူမီးတို့သည် အနည်းဆုံး ၆ သောင်းမှ ၇ သောင်းအထိရှိမည်ဟု ခန့်မှန်းရပြီး၊ ရခိုင်ပြည်နယ်မှ မြို (ခေါ်) ခူမီး ၂ သိန်း နီးပါးနှင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်မှ ၂၄၀၀၀ နှင့် ပေါင်းလိုက်လျှင် စုစုပေါင်း ခူမီးလူဦးရေသည် ၃ သိန်းကျော်ကျော် ရှိမည်ဖြစ်သည်။ အကယ်၍ ပလက်ဝနယ်အား ယခင်အတိုင်းသာ ခရိုင်ရုံးစိုက်ရာမြို့ဖြစ်ခဲ့လျှင် လက်ရှိ ပလက်ဝနယ်နှင့် ထိစပ်သော ရခိုင်ပြည်နယ်မြောက်ပိုင်းသည် ခူမီးတို့ သိပ်သည်းစွာ နေထိုင်ရာနယ်မြေဖြစ်သောကြောင့် ချင်းပြည်နယ်တွင် သိမ်းသွင်းရန်ခက်ခဲမည်မဟုတ်ချေ။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်သို့ ရောက်ရှိသူများလည်း ပြန်လာကြမည်ဖြစ်သည်။

ဆရာဦးခင်မောင်သန်း ( မော်ဘီ )၏ မြို ( ခေါ် ) ခမိ တိုင်းရင်းသားဓလေ့ထုံးစံ ရိုးရာယဉ်ကျေးမှုနှင့် ဆင်းသက်လာပုံသမိုင်းအရ မြို - ခူမီးတို့သည် ရခိုင်ပြည်နယ်တွင် အများစုနေထိုင်ကြကြောင်း သိနိုင်ပါသည်။ သို့သော် ဦးခင်မောင်သန်း၏ စာရင်းဇယားတွင် ပလက်ဝမြို့နယ်ရှိ ခူမီးလူဦးရေ စုစုပေါင်းအား ဖော်ပြခြင်းမပြုဘဲ မြို့ရွာ (၂၀) မှ လူဦးရေ (၁၃၅၀၀) ကိုသာ ဖော်ပြခြင်းဖြစ်၍ ခူမီးတမျိုးသားလုံး အကျုံးမဝင်သေးကြောင်း တွေ့ရှိရပါသည်။ ပလက်ဝနယ်တွင် ခူမီးတို့သည် အများဆုံးဖြစ်ပြီး အယုတ်စွဆုံး (၇၀၀၀၀)ဦးထက်နည်းမည် မဟုတ်ချေ။ မြိုလူဦးရေနှင့်ပေါင်းပါက ၈၀၀၀၀ ဦးကျော်ကျော်ရှိမည် ဖြစ်သည်။ Nathan Loncheu ၏ THE BAWMZO သုတေသနစာအုပ်ပါစာရင်းအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘန်ဒရ်ဘန် ခရိုင်ရှိ မြိုလူဦးရေ ၂၀၀၀၀ (နှစ်သောင်း)၊ ခူမီးလူဦးရေ ၄၀၀၀ ခန့် ရှိကြောင်းလေ့လာသိရှိရပါသည်။ Nathan Loncheu, *THE BAWMZO*, p.234 သို့ဆိုလျှင် မြိုခူမီး လူဦးရေစုစုပေါင်းမှာ သုံးသိန်းထက်မနည်းရှိမည်သာဖြစ်သည်။ ဤမျှများပြားသော မျိုးနွယ်စုအား ခရိုင်အဖြစ်မထားရှိခြင်းသည် ချင်းလူမျိုးနှင့် ချင်းပြည်နယ်အတွက် နစ်နာချက်ပင် ဖြစ်သည်။ ကောင်းကျိုး မပေးခဲ့ချေ။ (ပလက်ဝနယ်အကြောင်းဖြစ်၍ ကျန်ခရိုင်နှင့်ထိုက်တန်သည့် မြို့နယ်များအကြောင်း ချန်လှပ်ခြင်းသာဖြစ်သည်။) ခရိုင် ၃ ခရိုင်ဖြင့် ချင်းဝိသေသတိုင်းအား ဖွဲ့စည်းခဲ့လျှင် ပလက်ဝနယ်မှ မည်သည့် သီးခြား Unit တစ်ခုဖန်တီးလိုသည့် အက်ကြောင်းဟူသော ဝေဖန်သံလည်း ထွက်ပေါ်လာမည်မဟုတ်ချေ။

## အထူးဒေသ (သို့မဟုတ်) ပြည်ထောင်စုဒေသနှင့် မတန်သလော

နိုင်ငံရေးဟူသည် လူ့အဖွဲ့အစည်းတစ်ခု၏ အခွင့်အရေးကိုတည်ဆောက်ပေးခြင်း၊ ကာကွယ်ပေးခြင်းသည် နိယာမတရားဖြစ်ရာ၊ ၂၀၀၈ အခြေခံဥပဒေအရ အထူးဒေသ(သို့မဟုတ်) ပြည်ထောင်စုဒေသများ (Special Region or Union Territory) ပါရှိလာပြီဖြစ်၍ မိမိတို့ လိုလားတောင့်တသော ခရိုင်မရနိုင်သည့်နောက်တွင် အဆိုပါ အထူးဒေသ သွားလျှောက်ထားခြင်းသည် တရားနည်းလမ်းကျပါသည်။ ရမရမှာမူ နိုင်ငံတော်အစိုးရအပေါ် မူတည်ပါသည်။

<u>လက်ရှိအခြေခံဥပဒေ အခန်း ၂ ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ ခေါင်းစဉ်အောက်တွင် အောက်ပါအတိုင်း ပါရှိသည်ကို တွေ့ရပါသည်။</u>

### ၅၁၊ နိုင်ငံတော်ကို အောက်ပါအတိုင်း စုစည်းသည်

(က) ကျေးရွာများကို ကျေးရွာအုပ်စုအဖြစ် စုစည်းသည်။

(ခ) ရပ်ကွက်များကို မြို့သို့မဟုတ် မြို့နယ်အဖြစ် စုစည်းသည်။

(ဂ) ကျေးရွာအုပ်စုနှင့်ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ်စုစည်းသည်။

(ဃ) မြို့နယ်များကို ခရိုင်အဖြစ် စုစည်းသည်။

( င ) ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် စုစည်းသည်။

(စ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် စုစည်းသည်။

(ဆ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ်စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရတိုင်းအဖြစ် စုစည်းသည်။

(ဇ) တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် စုစည်းသည်။

(ဈ) တိုင်းဒေသကြီးများ။ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေများကို နိုင်ငံတော်အဖြစ် စုစည်းသည်၊

ခူမီးတို့သည် ခရိုင်ကိုကြိမ်ဖန်များစွာ လျှောက်ထားတောင်းဆိုသော်လည်း ချင်းပြည်နယ်မှ ခွဲထွက်မည်ဟု မပြောဆိုခဲ့ကြသေးချေ။ ခရိုင်ရရှိရေးအတွက် ကျားကန်ပေးသည့် ခုတုံးမျှသာ ဖြစ်မည်ဟု မြင်ပါသည်။ ရခိုင့်နိုင်ငံရေး၏ လွှမ်းမိုးခြင်းဆိုသည်မှာ ရာနှုန်းပြည့် မှန်ကန်မည် မဟုတ်ပါ။ ရခိုင်လက်နက်ကိုင်တို့သည် ပလက်ဝနယ်တွင် ခြေကုပ်နေကြခြင်းကြောင့် နီးရာဓါးကိုကြောက်သည့် သဘောသာဖြစ်ပါမည်။ မဏိပူရ နှင့် နာဂလဲန်ရှိ ကူကီးခေါ်ချင်းအနွယ်ဝင်တော်တော်များများသည်ပင် နာဂသူပုန်တို့၏ လက်နက်ပြခြိမ်းခြောက်၊ အကြပ်ကိုင်မှုတို့ကြောင့် နာဂဖြစ်သွားကြကြောင်း စာရေးသူသိခဲ့ရသည်။ အကယ်၍ ရခိုင်သူပုန်များထက် အင်အားကြီးပြီး၊ အားကိုးအားထားလောက်သော ချင်းလက်နက်ကိုင်အဖွဲ့များရှိနေခဲ့လျှင် အခြေအနေသည် တမျိုးတဖုံ ပြောင်းလဲလာနိုင်သည်။

ဆလိုင်းကဲ့ျအိုဘိခ်ထောင်း၏ ဒေသခံချင်းလက္ခဏာ Identity မှေးမှိန်လွှန်းအားကြီးခြင်းဆိုသော သုံးသပ်ချက်အား ချေပမည်ဆိုလျှင် လူမျိုးတမျိုး၏ ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးရန် ဘာသာရေးဆိုင်ရာနိုးကြားမှုနှင့် သာသနာထွန်းကားမှုသည် အဓိကဖြစ်သည်ဟု ဆိုရပါမည်။ ဘာသာအယူဝါဒသည် လူမျိုးတမျိုး၏ ယဉ်ကျေးမှုကို ဖော်ဆောင်ပေးပြီး၊ တိုးတက်ဖွံ့ဖြိုးစေသည်။ ထိုနောက်မှ ၎င်းလူမျိုးအား သာသနာပတို့၏ လောင်းရိပ်မှ ကာကွယ်ထိမ်းသိမ်းလေ့ရှိသည်။ နှစ်ကာလများစွာဗုဒ္ဓဘာသာဝင် ရခိုင်တို့နှင့် ထိတွေ့ခဲ့ကြစေကာမူ ခူမီးအနည်းအကျဉ်းသာ ဗုဒ္ဓဘာသာအားကိုးကွယ်ကြသည်။ ခရစ်ယန်ဘာသာဝင်တို့လောကတွင် ဝိညာဉ်ခွန်အား ရရှိနိုင်သည့် နိုးကြားမှု Rivival မပေါ်ထွန်းခဲ့ရသဖြင့် သာသနာတော်မှေးမှိန်ပြီး၊ အမျိုးသားရေးလက္ခဏာလည်း မှေးမှိန်နေရခြင်း ဖြစ်နိုင်ပါသည်။

ပလက်ဝမြို့နယ်တွင် ဘုံ (Identity) မှေးမှိန်လွန်းခြင်းဟူသော ဆလိုင်းကဲ့ျအိုဘိက်ထောင်၏ သုံးသပ်ချက်မှာ သွေးထွက်အောင်မှန်သည်ဟု အတည်ပြုရပါမည်။ သာသနာပြုများ တီထွင်ပေးသည့် ခူမီးစာပေအား ခရစ်ယန်စာပေဟုယူဆပြီး မသင်ကြားလိုသူတို့မှာ မိရိုးဖလာရိုးရာဓလေ့ကို ထိန်းသိမ်းနေကြသော နတ်ကိုးကွယ်သူများနှင့် ဗုဒ္ဓဘာသာဝင်ခူမီးတို့ဖြစ်ကြသည်။ ထို့ကြောင့် ခူမီးစာပေမထွန်းကားနိုင်ချေ။ စာပေမထွန်းကား၍ ဘာသာစကားပါ တိမ်မြုပ်လုနီးနီးဖြစ်နေပြီ။ စာကိုဖတ်တတ်ရုံရှိပြီး၊ ဟုတ္တိပတ္တိရေး တတ်သူမရှိသလောက်ဖြစ်သည်။ ခူမီးစကားအား

ပီပီသသ မပြောတတ်လျှင်လည်း ရည်သွမ်းသွေးတတ်ကြသေးသည်။ မိမိတို့ မပီသည်ကိုကား မသိတတ်ကြ။ ရခိုင်-ဗမာစကားဆိုလျှင် ပီသည် မပီသည်ကိုပင်ဂရုမစိုက်၊ တွင်တွင်ကျယ်ကျယ် သုံးကြသည်။ ကျေးလက်တောနေ သက်ကြီးရွယ်အိုများပင်လျှင် မပြောဆိုနိုင်သည့်တိုင် နား လည်နေကြသည်။ ဤသို့ဖြင့် ခူမီးတို့သည် ဘိုးဘွားများအမွေတည်းဟူသော မိခင်ဘာသာ စကားအား မြတ်နိုးတွယ်တာစွာ တန်ဖိုးမထားတတ်ကြခြင်းကြောင့် ချင်းပြည်နယ်၏ ခရိုင်တစ်ခု အဖြစ်မှလွဲ၍ အထူးဒေသ၊ ပြည်ထောင်စုဒေသအဖြစ် ရပ်တည်ကြလျှင် မတွေးရက်စရာ အခြေ အနေသို့ ရောက်နိုင်သည်။ ထို့ကြောင့် ပလက်ဝနယ်အား ကာကွယ်ပေးသည့်အနေဖြင့် နဂို ပကတိအတိုင်း ခရိုင်သို့ပြန်လည်တိုးမြှင့်ထားပေးရန် လိုအပ်နေပါသည်။

စာပေပျောက်ရင် လူမျိုးပါပျောက်သည်ဆိုသောစကားသည် ပျူတို့အား ရည်ညွှန်းခြင်းဖြစ်သော် လည်း၊ ပျူတို့မှာ ယနေ့ထိတိုင် ရှိနေသေးသည်။ အမှန်မှာ စာလုံးပေါင်းသတ်ပုံ ပြူ (Pru ) အစား ပျူ ( Pyu ) ကို တွင်ကျယ်စွာ သုံးမိခဲ့သဖြင့် လူမျိုးပျောက်ဟု ဆိုမှားခဲ့ကြခြင်းသာဖြစ်သည်။ ၎င်း ပြူများမှာ မီဇိုးရမ်းရှိ ဘြူ (   Bru   ) များပင်ဖြစ်ကြောင်း သိရှိရပ်မိနိုင်မည်ဖြစ်သည်။ ၎င်း ပြူများ တွင် စာပေတိမ်ကောမေ့နေခြင်းကိုကား ငြင်းစရာလိုမည် မဟုတ်ပါ။ ခူမီးတို့အနေဖြင့်လည်း အဆိုပါ ပြူတို့ဘဝအတိုင်းဖြစ်လာရန် မဝေးကွာလှချေ။ ဗမာ - ရခိုင်ဘာသာ မဆိုထားနှင့်၊ အ ခြားချင်းမျိုးနွယ်စုတို့၏ ဒေသိယဘာသာ စကားအားလုံးကိုသော်လည်းကောင်း၊ နိုင်ငံခြားဘာ သာစကားများကိုပင် တတ်ကျွမ်းလျှင်အကောင်းဆုံး ဖြစ်သည်။ ကန့်ကွက်စရာမလိုပေ။ မိမိတို့ ဘာသာစကားအား ကာကွယ်ထိန်းသိမ်းခြင်း၊ တွင်ကျယ်စွာ ပြောဆိုသုံးစွဲခြင်း၊ ပြန့်ပွါးစေခြင်း အစား ပြောဆိုသုံးစွဲရမည်ကိုပင် ရှက်ရွံ့ခြင်း၊ တွန့်တိုခြင်း ဂုဏ်ငယ်သည်ဟု ထင်နေခြင်းသည် မိခင်ဘာသာအား တိမ်ကောပပျောက်ရေးအတွက် အထိရောက်ဆုံးသော လက်နက်ဖြစ်သည်ကို သတိပြုရပါမည်။

စာရေးသူ အထက်တန်းကျောင်းသားဘဝတွင် ခူမီးစာအား ဒုတိယတန်းသင်္ခန်းစာအထိ လေ့လာ သင်ကြားခဲ့ဖူးသဖြင့်၊ ယနေ့ ခူမီးလူငယ်များထက်ပင် ရေးတတ်ရပါသည်။ ခူမီးစာပေ မထွန်းကား ရခြင်းတွင် ဘာသာရေးအဖွဲ့အစည်းများ၏ ပံ့ပိုးမြှောက်စားမှု အားနည်းခြင်းသည် အဓိကအချက် ပင်ဖြစ်သည်ဟု မြင်မိပါသည်။ စာပေအကွဲရာသည် ဘာသာသာသနာရေးကြောင့် ပေါ်ပေါက် လာခြင်းဖြစ်ရာ၊ ၎င်းဘာသာရေးအဖွဲ့အစည်းများက ရှေ့တန်းမှ ဦးဆောင်ဦးရွက်လုပ်နိုင်မှသာ

အလိုက်သင့် တိုးတက်နိုင်မည်ဖြစ်သည်။ ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို သာဓကပြသွားလို ပါသည်။

စာရေးသူတို့၏ ရှင်းလက်ဝတိုက်နယ် ဥက္ကဋ္ဌဟောင်း ဦးစုံစီအား တစုံတဦးက ခူမီးစာဖြင့် စာတစ်စောင်ပေးပို့ခဲ့ရာ၊ " သားရေ ဒီခရစ်ယန်စာကို ခဏဖတ်ပေးပါအုံး " ဟု မေတ္တာရပ်ခံသဖြင့် ဖတ်ပြပေးခဲ့ရာ စာဆုံးပြီးနောက် " သားရယ်၊ အဲဒီစာနဲ့ ခူမီးစကားကို ရေးရလို့လား" ဟုအထူးပင် အံ့သြပြီးမေးခဲ့သည်။ သူ့အထင်တွင် ရောမအက္ခရာသည် ခရစ်ယန်ဘာသာနှင့်သာဆိုင်ပြီး မြန်မာ ( ဒေဝနဂ္ဂရီ/Devanagri) အက္ခရာသည် ဗုဒ္ဓဘာသာနှင့်သာ ဆိုင်နေမည်ဖြစ်သည်။ ထိုသို့ မဟုတ်ဘဲ သူတို့၏ ကိုယ်ရေးကိုယ်တာကိစ္စကိုပင် ရေးနိုင်ကြောင်းသိရလျှင် နောင်တအကြီးအ ကျယ်ရခဲ့ရာ "သားရယ် ငါဘာမှမသိဘဲ ကန့်ကွက်ခဲ့မိတယ်" ဟု ဆိုပြီး နဖူးကို လက်ဝါးနှင့်ပုတ် ကာ စိတ်မချမ်းမသာဖြင့် သံဝေဂစကား တဖွဖွပြောခဲ့သေးသည်။

သူဆိုလိုသည်မှာ မြို့နယ် စာပေယဉ်ကျေးမှုကော်မီတီ အစည်းအဝေးတွင် လက်ရှိခူမီးစာသင် ကြားရေးကော်မီတီအစည်းအဝေးတွင် ၎င်းက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သောကြောင့် ဖြစ် သည်။ သူကဲ့သို့သော ခူမီးလူကြီးများ ရှိနေခြင်းကြောင့်လည်း ခူမီးစာပေနှင့် ဘာသာစကား တိမ် ကောမေးမှိန်လုနီးနီး ဖြစ်လာရချေတော့သည်။ ထိုကြောင့်လည်း ပလက်ဝနယ်အား ခရိုင်အဖြစ် ပြန်လည်သတ်မှတ်သင့်ပြီဖြစ်သည်။ သို့မဟုတ်ပါက "မြွေပါလည်းဆုံး၊ သားလည်းဆုံး" ဆိုသလို နယ်မြေကိုရော ချင်းမျိုးနွယ်စုကိုပါ လက်လွှတ်ဆုံးရှုံးနိုင်သည့် အခြေအနေနှင့် ရင်ဆိုင်ရပေ တော့မည်။ ပြည်နယ်တစ်ခု၏ အကျယ်ဝန်းဆုံးဒေသ၊ လူဦးရေအများဆုံး နေထိုင်ရာဒေသ၊ မြေ ပေါ်မြေအောက်သယံဇာတ အကြွယ်ဝဆုံးဒေသဖြစ်သော ပလက်ဝနယ်အား လိမ္မာပါးနပ်စွာ ထိန်းသိမ်းရေးသည် ချင်းပြည်နယ်၏ မဟာဗျူဟာမြောက် နိုင်ငံရေးသော့ချက် ဖြစ်ပါသည်။

---

# "ဆလိုင်း" "မိုင်" အမေးအဖြေ

RFA မှ မေးမြန်းချက် ကို ဆလိုင်း ကစ်(ပ်) မှ ဖြေကြားခြင်း
(၂၆) ဂျွန် ၂၀၁၅။

(၁)

**RFA:** ဆလိုင်း မိုင်လှုပ်ရှားမှု အနှစ် (၄၀) ခရီးဆိုပြီး လွန်ခဲ့တဲ့လတွေကစပြီး Facebook စာမျက်နှာတွေမှာ ခင်ဗျားရေးခဲ့တာတွေဖတ်ရတယ်။ တကယ်ပဲ ဒီဆလိုင်းမိုင်လှုပ်ရှားမှုသမိုင်းက အနှစ် (၄၀) ဆိုတဲ့ သမိုင်းမှတ်တိုင်ကို ရောက်လာပြီလား။

**Salai Kipp:** အတိအကျကတော့ ပြောရခက်ပါတယ်။ ဘာလို့လဲဆိုတော့ မြေပြန့်ချင်းညီအစ်ကိုတွေက ဆလိုင်းမိုင် လှုပ်ရှားမှုကိုစတင်ခဲ့တဲ့အချိန်က ကျွန်တော်တို့ ခေတ်သစ် ဆလိုင်း မိုင် လှုပ်ရှားမှုစတင်ခဲ့တဲ့ အချိန်ထက် အနှစ် ၄၀ လောက်ပိုစောတယ်လေ။ အခုကျွန်တော်ပြောတဲ့ အနှစ် (၄၀) ခရီးဆိုတာက ခေတ်သစ် ဆလိုင်း မိုင် လှုပ်ရှားမှုကို ပြောတာပါ။ တောင်ပေါ်ချင်းတွေက မြေပြန့်ချင်းညီအစ်ကိုတွေနဲ့ တသွေးတသားတည်းဖြစ်တယ်ဆိုတာကို ပြသနိုင်ခဲ့တဲ့ အချိန် ဆလိုင်းမိုင်ဆိုတာတွေ စတင်အသုံးပြုတဲ့ကာလကတော့ တကယ်တမ်းဆိုရင် ၁၉၇၃ ခုနှစ်ကပါ။ အဲဒီနှစ်ကနေ စတွက်ရင်တော့ ၂၀၁၃ မှာ အနှစ် (၄၀) ပြည့်ခဲ့တာပေါ့။ ဒါပေမဲ့ ဆလိုင်း တင်မောင်ဦး ကျဆုံးအပြီးမှာ ဆလိုင်းမိုင် စိတ်ဓါတ်တွေ အထွတ်အထိပ်ကိုရောက်ပြီး ပိုမိုရှင်သန်လာတာဆိုတော့ သူကျဆုံးခဲ့တဲ့ ၁၉၇၆ ကနေစတွက်ရင် နောက်နှစ် ၂၀၁၆ မှာမှ အနှစ် (၄၀) ပြည့်မှာပါ။ ဒီတော့ ဒီနေ့ခေတ်လူငယ် ဆလိုင်းမိုင် မျိုးဆက်သစ်တွေကပဲ သမိုင်းကိုဘယ်လို မှတ်တမ်းတင်ချင်ကြသလဲ၊ သူတို့ကပဲ ဆုံးဖြတ်သွားကြပါလိမ့်မယ်။ ကျွန်တော်တို့ လူဟောင်းတွေအနေနဲ့ကတော့ ဆလိုင်းမိုင်လှုပ်ရှားမှု စတင်ခဲ့တဲ့ ပထမပိုင်း သမိုင်းကာလတွေကို ဖြတ်သန်းခဲ့ကြတာဆိုတော့ အနာဂတ်ကိုတော့ လူငယ်တွေကပဲ ဆက်လက်ပုံဖေါ်သွားကြတာ အကောင်းဆုံးပါပဲ။

(၂)

**RFA:** ခင်ဗျားရဲ့ ဆလိုင်း မိုင် စာတမ်းရှည်ထဲမှာ ဆလိုင်း မိုင်လှုပ်ရှားမှုကို ချင်းအမျိုးသားထုရဲ့ အတွင်း အဖွဲ့တွဲသဏ္ဌာန်ထဲမှာ နှစ်ရှည်လများ ကိန်းအောင်းနေခဲ့တဲ့ စုပေါင်းအမျိုးသားရေးနိုးကြားမှု collective national consciousness တခုကို ပုံဖော်ပေးလိုက်တာဖြစ်ကြောင်း ဖော်ပြထားတယ်။ ဒီအပိုင်းလေးနဲ့ ထပ်ရှင်းပြပေးပါလား။

**Salai Kipp:** ဘာပဲပြောပြော ကျွန်တော်တို့ ချင်းလူ့အဖွဲ့အစည်းက သိပ်ပြီး diverse ဖြစ်တယ်၊ မတူကွဲပြားမှုတွေ များပြားတယ်ဆိုတာ ဘယ်သူမှ ငြင်းလို့မရတဲ့ ကိစ္စတခုပါ။ မျိုးနွယ်စုအလိုက် ဘာသာစကားတွေ ကွဲပြားကြတယ်၊ ဝတ်စားဆင်ရင်မှုတွေ ကွဲပြားကြတယ်၊ တေးသီးချင်းတွေ ကဗျာတွေကအစ ဖြတ်သန်းခဲ့ကြရတဲ့ သမိုင်းကြောင်းလေးတွေလည်း ကွဲပြားကြပါတယ်။ ဒီတော့ ချင်းအမျိုးသားရေးစိတ်ဓါတ်ကို ပုံဖော်ရာမှာလည်း လိုင်းနှစ်လိုင်းကွဲကွဲပြားပြားတွေ့ရတယ်။ တမျိုးကတော့ မတူကွဲပြားမှုတွေကိုပဲ ပုံကြီးချဲ့တဲ့ အစုအဖွဲ့နဲ့ မတူတာတွေကိုလည်း တန်ဘိုးထားရင်း တူတာတွေကို လိုက်လံဖော်ထုတ်တဲ့ အစုအဖွဲ့ ဆိုပါတော့ဗျာ။ ဘုံတူညီမှုတွေကို မီးမောင်းထိုးပြီး စုစည်းမှုကိုတည်ဆောက်လိုတဲ့ အစုအဖွဲ့ကတော့ အမြဲဆိုသလို တမျိုးသားလုံးအရေးမှာ ဦးဆောင်မှုကို ပေးနိုင်ကြမှာဖြစ်တယ်။ မတူတာကိုသာမြင်နေကြတဲ့ အစုအဖွဲ့ကတော့ ဒေသအလိုက်၊ မျိုးနွယ်အလိုက်ရှိနေကြမှာဖြစ်သလို တူညီတဲ့သမိုင်းအစ၊ တူညီတဲ့ ဆင်းသက်ပုံတွေ၊ ကွဲပြားတဲ့ ဘာသာစကားတွေကြားထဲကနေ တူညီတဲ့ ဘုံစကားလုံးတွေကို ရှာဖွေဖော်ထုတ်တဲ့ အစုအဖွဲ့ဆိုတာ အမြဲရှိနေခဲ့တာပါ။

ဆိုတော့ ဘယ်လောက်ပဲ မတူကွဲပြားတယ်လို့ပြောပြော ချင်းအမျိုးသားထုတရပ်လုံးအနေနဲ့ကျတော့ ငါတို့ဟာ တအူတုံဆင်း တနွယ်ဘွားတွေ၊ ညီရင်းအစ်ကိုတွေဆိုတာကို အတွင်း အဖွဲ့တွဲသဏ္ဌာန်မှာ အမြဲကိန်းအောင်းနေတာပါ။ ဒီတော့ မတူညီမှုတွေကြားထဲကနေ ဘုံတူညီမှုတွေကို ဖန်တီးနိုင်အောင်ဆိုရင် ငါ့ဟာမှငါ၊ ငါ့စကားမှ ငါ့ဒေသမှဆိုတဲ့ စိတ်ဓါတ်မျိုးကိုပယ်ပြီး အများစုကို စုစည်းပေးနိုင်တဲ့ စိတ်ဓါတ်မျိုးကိုမွေးဖွားပေးနိုင်ဖို့လိုတယ်။ ဒီလိုစိတ်ဓါတ်မျိုးကို ချင်းအမျိုးသားထုက အစဉ်အမြဲ တောင်းတနေခဲ့တာပါ။ ဒီတောင်းတချက်ကို တနည်းတလမ်း ဖော်ထုတ်ပေးနိုင်ခဲ့တာကတော့ ဆလိုင်း မိုင် စိတ်ဓါတ်ဆိုတာ အကောင်းဆုံးသော သာဓကတခုလို့ ကျွန်တော် ခံစားရပါတယ်။ ဒါကို ကျွန်တော် ဆိုလိုတာပါ။ တနည်းပြောရရင် တမျိုးသားလုံးအရေးအတွက် ဆို

ရင် စွန့်လွှတ်မှု၊ ပေးဆပ်နိုင်မှုတွေရှိဖို့လိုအပ်တယ်။ ဆလိုင်း မိုင်စိတ်ဓါတ် ဆိုတာကလည်း စွန့်လွှတ်နိုင်တဲ့ စွန့်လွှတ်ရဲတဲ့ သတ္တိပါပဲ။

(၃)

**RFA:** ဒေသစွဲစိတ်တွေကလည်း တွေ့နေရဦးမှာဆိုတော့ ဆလိုင်းမိုင် စိတ်ဓါတ်ရှင်သန်ဖို့ အလားအလာကော ဘယ်လိုမြင်ပါသလဲ။

**Salai Kipp:** တောအုပ်ကြီးတခုလုံး ရှင်သန်ဖို့ဆိုတာ အဲဒီတောအုပ်ကြီးကိုဖြစ်ပေါ်စေတဲ့ သစ်ပင်တပင်ချင်းစီလည်း ရှင်သန်နေဖို့ အရေးကြီးပါတယ်။ ဒီတော့ ဒေသအလိုက်လည်း ဖွံ့ဖြိုးတိုးတက်ဖို့လိုသလို၊ ဒေသအလိုက်လည်း စည်းလုံးဖို့ လိုအပ်သလိုပဲ၊ ဒေသတခုလုံး တောအုပ်တခုလုံးကိုလည်း စောင့်ရှောက်တဲ့ အစုအဖွဲ့လည်းရှိဖို့လိုပါတယ်။ ဒီနေရာမှာ အရေးကြီးတာက သစ်ပင်တပင်ချင်း ရှင်သန်ဖို့လုပ်နေရင်း တောအုပ်ကြီးတခုလုံးကို လုံးဝဥသုံ မေ့ပျောက်မထားကြဖို့ပါပဲ။ ဆလိုင်း မိုင်စိတ်ဓါတ်တွေ ပျောက်သုဥ်းလာရင်တော့ တောအုပ်ကြီးတခုလုံးလည်း ပြုန်းတီးသွားနိုင်တာမို့ သစ်တပင်ချင်းစီကိုပါ ထိခိုက်လာမှာဖြစ်တယ်။ ဒါကိုတော့ လူငယ်မျိုးဆက်သစ်တွေက မျက်ခြေအပြတ်ခံကြမယ် မထင်ပါဘူး။

(၄)

**RFA:** သစ်တပင်ချင်းစီ ပြုစုပျိုးထောင်မှုနဲ့ တောအုပ်တခုလုံးကို ပြုစုပျိုးထောင်တဲ့ သာဓကနဲ့ နှိုင်းယှဉ်ပြီးပြောသွားတာ ရှင်းရှင်းလင်းလင်းရှိပါတယ်။ ဒါပေမဲ့ အခုခေတ်မှာ သစ်တပင်ချင်းစီကို ပိုပြီး ဦးစားပေးလာကြသလား၊ တောအုပ်တခုလုံးကို ဂရုတစိုက် ပြုစုပျိုးထောင်သူက ပိုများသလား၊ ဒီကိစ္စ ဘယ်လိုမြင်ပါသလဲ။

**Salai Kipp:** ဘယ်အုပ်စုက အားသာသာပေါ့၊ နှစ်မျိုးစလုံးအရေးကြီးပါတယ်။ ဒါပေမဲ့ တကမ္ဘာလုံးနဲ့ချီပြီး ဆက်သွယ်ရေးတက္ကနိုလိုဂျီတွေ အားကောင်းလာတာနဲ့အမျှ လူသားလောကတခုလုံးမှာ အရင်က မတွေ့မမြင်ဘူးတဲ့ (ဒါမှမဟုတ်) တွေ့ဘူးမြင်ဘူးပေမဲ့ အားနဲ့အင်နဲ့မရှိခဲ့တဲ့ အင်အားစုအသစ်တွေ အများကြီး ကွဲပြားပေါ်ပေါက်လာတာ emergence of new diverse forces ကို တွေ့နေရတယ်။ ဒီဖြစ်စဉ်ကြီးကို ဘာနဲ့မှ တားလို့ရမှာမဟုတ်ဘူး။ ကျွန်တော်တို့ ပြည်ထောင်စု

ကြီးထဲမှာရော၊ ချင်းပြည်နယ်မှာရော၊ တခြားပြည်နယ်နဲ့တိုင်းတွေမှာပါ အင်အားစုအသစ်တွေ ပေါ်ပေါက်လာဦးမှာ ဖြစ်တယ်။ ဥပမာ- အရင်က ဗဟိုဦးစီးမှုအောက်မှာ ငြိမ်ငြိမ်သက်သက်ရှိလှတဲ့ အစုအဖွဲ့တွေဟာ ပိုပြီးအသံကျယ်လာကြမယ်။ ဥပမာ- စစ်ကိုင်းတိုင်းထဲမှာတင်ကို ယောဒေသ၊ နာဂတောင်တန်းဒေသ၊ ကဒူး၊ ကနန်းဒေသတွေက self-consciousness တွေပိုမို မြင့်မားလာမယ်၊ ချင်းပြည်နယ်အတွင်းမှာလည်း အရင်ကသိပ်မကြားရဘူးတဲ့ မျိုးနွယ်စုတွေ၊ မျိုးတူစုတွေ ဘာသာရေးအစုအဖွဲ့တွေ ပိုမိုပြီး အသံတွေကျယ်လောင်လာကြမယ်။ ကွဲပြားခြားနားတဲ့ အကျိုးစီးပွားအမျိုးမျိုး တွေ့လာကြရမှာ ဖြစ်တယ်။ ဒီဟာတွေအားလုံးကို ရှုပ်တယ်လို့မြင်လိုက်မိရင် သွက်သွက်ခါအောင် မှားသွားမယ်။ ရှုပ်တယ်လို့မြင်ရင် ရှင်းအောင်ဆိုပြီး အာဏာရှင်စံနစ်နဲ့ ဖိချဖို့ ကြိုးစားကြမှာဖြစ်တယ်။ ရှုပ်ထွေးလာတာမဟုတ်ဘူး၊ ဖွံ့ဖြိုးလာကြတာဖြစ်တယ်။ အသိပညာတော်လှန်ရေးနဲ့အတူ နိုးထလာကြမှာဖြစ်တယ်။ မလွဲမသွေကြုံတွေ့ကြရမှာမို့ အခုကထဲက ကြိုတင်ပြင်ဆင်ပြီး (၂၁) ရာစုခေတ်နဲ့အညီဖြစ်တဲ့ anticipatory democracy ကို ကျင့်သုံးဖို့ ပြင်ဆင်ကြရမယ်။ ပြည်သူလူထုတွေရဲ့ကိုယ်စားလှယ်လောက်နဲ့ စခန်းသွားကြတဲ့ representative democracy နဲ့ ဆက်သွားလို့မရတဲ့ အခြေအနေကို ရောက်လာမှာဖြစ်တယ်။ ပြည်သူ အစုအဖွဲ့မျိုးစုံပါဝင်တဲ့ democracy မျိုး၊ အနာဂတ်ကိုကြိုတင်မှန်းဆနိုင်တဲ့ ဒီမိုကရေစီစံနစ်မျိုးကို သမိုင်းက တောင်းဆိုလာနေပြီဖြစ်တယ်။ ဒီအချိန်မှာ အာဏာရှိပုဂ္ဂိုလ်တွေက တင်းကျပ်တဲ့ ဗဟိုဦးစီးစံနစ်နဲ့ ဆက်လက်စခန်းသွားနေသေးလို့ကတော့ တိုင်းပြည်ဟက်တက်ကွဲဖို့ပဲရှိတယ်။ ဗဟိုဦးစီးမှုကို သိသိသာသာလျှော့ချနိုင်တဲ့ Decentralization ကို ပီပီပြင်ပြင်လုပ်နိုင်တဲ့ နိုင်ငံတွေပဲ အရှေ့ကို တဟုန်ထိုးတိုးတက်သွားမှာ ဖြစ်တယ်။ တကမ္ဘာလုံးစက္ကန့်နဲ့အမျှ တဟုန်ထိုးပြောင်းလဲနေတဲ့အချိန်မှာ ကျွန်တော်တို့က လှည်းကြမ်းကြီးနဲ့ တဝီယီတကွိကွိ သွားနေသေးတာဆိုတော့ ခေတ်ကြီးက ကျွန်တော်တို့ကို တရွတ်တိုက်ဆွဲခေါ်သွားမှာ ဖြစ်တယ်။ ထိရှပွန်းပဲ့မှုတွေလည်း ကြုံတွေ့ကြရမှာဖြစ်တယ်။ စိတ်ဓါတ်တွေ အမြင်သစ်တွေလောင်းထားကြဖို့ လိုပါလိမ့်မယ်။ တောအုပ်ကြီးထဲမှာ အပင်ငယ်လေးတွေ အများကြီး ရှင်သန်ကြီးထွားလာဦးမှာ ဖြစ်ပါတယ်။ ဆလိုင်း မိုင်စိတ်ဓါတ်လို ကွဲပြားမှုတွေကိုစုစည်းပေးတဲ့ စိတ်ဓါတ်တွေကတော့ အမြဲလိုအပ်နေမှာ ဖြစ်တယ်။ ပြည်ထောင်စုတခုလုံးအတွက်ဆိုရင် ပင်လုံစိတ်ဓါတ်၊ ဖက်ဒရယ်စိတ်ဓါတ်တွေ ရှင်သန်နေဖို့ ပိုပိုပြီးလိုအပ်ပါလိမ့်မယ်။

------------------------------------------------

# တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA) ခရီးစဉ် အကျဉ်းချုပ်

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဖြင့် ဦးသိန်းစိန်အစိုးရ တက်လာပြီးနောက် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ် ကမ်းလှမ်းလာခဲ့သည်။

အဆိုပါဖိတ်ခေါ်ကမ်းလှမ်းချက်ကို ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC အနေဖြင့် ကြိုဆိုခဲ့သည်။ တပြိုင်နက်တည်းတွင် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးကို အစစ်အမှန်လိုလား ကြောင်း ပြသသည့်အနေဖြင့် “တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ကြေညာခြင်း (Nationwide Cease fire Declaration)” ပြုလုပ်ရန် တစိုက်မတ်မတ် တောင်းဆို တိုက်တွန်းခဲ့သည်။ သို့ရာတွင် အစိုးရဘက်မှ ထိုသို့လုပ်ဆောင်ခြင်းမရှိပဲ တစ်ဖွဲ့ချင်းစီဖြင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်ဟူ၍ ပဏာမအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပွဲတို့ကို အဖွဲ့အချို့ဖြင့် ပြုလုပ်ကာ အဖွဲ့အချို့နှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲများ တောက်လျှောက်ဖော်ဆောင်လာခဲ့သည်။

ထို့မှတဖန် UNFC နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) ကြားတွင် နိုင်ငံရေးဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်သည့် တရားဝင်အစည်းအဝေး Union Level Framework Meeting for Political Dialogue တို့ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် တစ်ကြိမ်၊ စက်တင်ဘာလ (၈)ရက်နေ့တွင် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ ပြည်တွင်းနှင့် နိုင်ငံတကာလေ့လာသူများ ရှေ့မှောက်တွင် ပြုလုပ်ခဲ့ကြသည်။

သို့ရာတွင် UPWC ဘက်မှ အပစ်အခတ်ရပ်စဲရေးကို ဦးစွာလုပ်ဆောင်ပြီးမှ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ကို တက်လှမ်းမည့် မူဘောင်သို့သွားနိုင်မည်ဟု ရပ်တည်၍ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးကြရန် တွန်းအားပေးလာခဲ့သည်။ ထို့ကြောင့် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် KIO ဌာနချုပ်၊ လိုင်ဇာမြို့၌ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ (Ethnic

Armed Organiza-tions – EAOs) ၏ ကွန်ဖရင့်ကို ခေါ်ယူကျင်းပ၍ မူလက ဒုတိယအဆင့်တွင်ရှိသော အပစ်အခတ်ရပ်စဲရေးကို ပထမအဆင့်အဖြစ်ထားရှိကာ၊ နိုင်ငံရေးဆွေးနွေးရေးမူဘောင်ကို ဒုတိယအဆင့်အနေဖြင့် သတ်မှတ်လျက် မူဝါဒချမှတ်ခဲ့ကြသည်။ အာမခံချက်ရှိသော အပစ်အခတ်ရပ်စဲရေးကို ဖော်ဆောင်ရန်အတွက် EAOs များအနေဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (Nationwide Ceasefire Coordination Team – NCCT) ကို အဖွဲ့ဝင် (၁၆)ဖွဲ့ဖြင့် ဖွဲ့စည်းခဲ့ကြသည်။ ဤသို့ဖြင့် နိုင်ငံရေးဆွေးနွေးရေးသို့ မဖြစ်မနေ အရောက်သွားရမည့် မူဘောင်ဆိုင်ရာ အချက်အလက်များနှင့်အတူ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အချက်အလက်များကို ရောယှက်ထားသည့် တစ်နိုင်ငံလုံးအပစ်အ ခတ်ရပ်စဲရေးဆိုင်ရာစာချုပ်(မူကြမ်း) ကြိုးပမ်းမှုဖြစ်စဉ် ပေါ်ပေါက်လာခဲ့ရသည်။ ဤအဆင့်ကို ကျော်လွှန်ပြီးမှနိုင်ငံရေးဆွေးနွေးပွဲသို့ ရောက်နိုင်မည့်ပုံစံ ဖြစ်လာစေခဲ့သည်။

EAOs ဘက်မှ အဖွဲ့ဝင်(၁၆)ဖွဲ့ပါဝင်သော NCCT နှင့် အစိုးရဘက်မှ UPWC တို့သည် NCA ကို ရရှိရန်နှစ်ဘက်စာချုပ်မူကြမ်း (၂)ခုကို တမူတည်း Single Text အဖြစ်ထားရှိကာ တစ်နှစ်ခွဲနီးပါးမျှ အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ကြသည်။ NCCT - UPWC တရားဝင်ညှိနှိုင်းဆွေးနွေးပွဲ (၇)ကြိမ်နှင့် အလွတ်သဘော အကြိမ်(၂၀)ကျော်ထိ ပြုလုပ်ခဲ့ကြရပြီး၊ အခန်း(၇)ခန်းနှင့် အပိုဒ်(၃၃)ပိုဒ်ပါရှိသော NCA စာချုပ်ပဋ္ဌမမူကြမ်းသည် ၂၀၁၅ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် ထွက်ပေါ်လာခဲ့သည်။ သို့ရာတွင် NCCT အဆင့်တွင် မပြီးဆုံးနိုင်သော ပဋ္ဌမမူကြမ်းပါအချက်အလက်အချို့ အတွက် EAOs များဘက်မှ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (Senior Delegation –SD) ကို ၂၀၁၅ ခုနှစ်၊ ဇွန်လဆန်းပိုင်းတွင် လော်ခီးလာ ထိပ်သီးအစည်းအဝေးကြီးမှတဆင့် ဖွဲ့စည်း၍ ဆက်လက်ကြိုးပမ်း လုပ်ဆောင်စေခဲ့သည်။

SD - UPWC တရားဝင်ဆွေးနွေးပွဲများကို (၈) ကြိမ်မြောက်ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၂)ရက်နေ့မှ (၂၄)ရက်နေ့နှင့် ဩဂုတ်လ (၆) ရက်မှ (၇)ရက်နေ့များတွင် (၉) ကြိမ်မြောက် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် NCA စာချုပ်၏ နောက်ဆုံးပိုဒ်ဖြစ်သော အပိုဒ်(၃၃)တွင် လက်မှတ်ရေးထိုးကြမည့် EAOs များဘက်တွင် NCCT အဖွဲ့ဝင် အဖွဲ့အစည်း(၁၆)ဖွဲ့ အားလုံးအတူတကွ ပါဝင်လက်မှတ်ရေးထိုးရေးကို အစိုးရဘက်မှ လက်မခံသည့်အတွက် တစ်ဆို့မှု ဖြစ်ခဲ့သည်။

ဤအချက်အား အပြီးသတ်ညှိနှိုင်းပြီးမှ စာချုပ်မူချောအဆင့်သို့ ရောက်ရှိနိုင်မည် ဖြစ်သည်။ နိုင်ငံတော်သမ္မတမှ ၁၁၊ ၀၈၊ ၂၀၁၅ ရက်စွဲဖြင့် ၄င်းတို့ လက်မှတ်ရေးထိုးလိုသော EAO (၁၅)ဖွဲ့ထံသို့ NCA လက်မှတ်ထိုးရေးဖိတ်ကြားလွှာကို ပေးပို့ခဲ့သည်။ လက်မှတ်ရေးထိုးနိုင်ရေး စာချုပ်မူချောရရှိရေးအတွက် နှစ်ဘက်မှ ဆက်လက်ညှိနှိုင်းကြရန်အတွက် EAOs များဘက်မှ အဖွဲ့အစည်း (၅)ဖွဲ့ဖြစ်သော KNU, KIO, KNPP, SSPP, NMSP တို့မှ ထိပ်သီးခေါင်းဆောင် (၅)ဦးနှင့်အတူ တကွ SD အဖွဲ့ခေါင်းဆောင်(၃) ဦးတို့သည့် နိုင်ငံ့ဦးသျှောင်အဆင့်နှင့်တွေ့ဆုံ၍ နည်းလမ်းရှာဖွေခဲ့သည်။

ထို့နောက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၂၈-၃၀)ရက်နေ့များတွင် ပြုလုပ်သည့် တိုင်းရင်းသားလက် နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၏ ထိပ်သီးအစည်းအဝေးတွင် NCA ကို လက်မှတ်ရေးထိုးနိုင်သည့် အဖွဲ့အစည်းများနှင့် လတ်တလော လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးသည့် အဖွဲ့အစည်းများဟူ၍ မတူသည့် ချည်းကပ်မှုနည်းနာများဖြင့် NCA အား လက်မှတ်ရေးထိုးရန် နားလည်မှု တည်ဆောက်နိုင်ခဲ့ ကြသည်။ အဆိုပါ သဘောတူချည်းကပ်ခြင်းနည်းလမ်းအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့ ဖြစ်သော ALP, ABSDF, DKBA, CNF, KNU, KNU-KNLA (PC), PNLO, RCSS/SSA, သည် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော် ကိုယ်စားလှယ် (၁၀)ဦး၊ ပြည်တွင်းပြည်ပအသိသက်သေများနှင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် နေပြည်တော်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

**ဗိုလ်ခင်မောင်လေးမှ စုစည်းတင်ပြသည်။**

--------------------------------------

# ပညာရှိ အဆိုအမိန့်များ

1. ဖြစ်သမျှအကြောင်းကို လက်ခံတတ်ပါမှ နောက်ပေါ်ပေါက်လာမယ့် ဒုက္ခတွေကို ပယ်ဖျောက်နိုင်လိမ့်မယ်။

**(အမည်မသိ)**

2. ကျွန်ုပ်တို့၏ အကြီးဆုံးအလုပ်မှာ မှုန်ဝါးဝါးသာ မြင်နေရသော အဝေးကအဖြစ်အပျက်များကို လှမ်းမျှော်ကြည့်ရန်မဟုတ်၊ ယခု ထင်ရှားသော ကိစ္စသာဖြစ်သည်။

**(ဆာအော့စလား)**

3. အစိုးရဟူသည် ပြည်သူလူထုနှင့်ကိုက်ညီမည့် တိုင်းပြည်အကျိုးကို ဆောင်ရွက်ရန် အချိန်ကန့်သတ်စေခိုင်းထားသော သစ္စာအရှိဆုံး ပြည်သူ့ဝန်ထမ်းဖြစ်ရမည်။

**(ဒေါ်အောင်ဆန်းစုကြည်)**

4. အကောင်းနှင့်အဆိုးတို့ကို ခွဲခြားသော မြစ်ကြောင်းသည် ပြည်နယ်များကို ဖြတ်သန်းသည်မဟုတ်၊ နိုင်ငံရေးပါတီများကိုလည်း ဖြတ်သန်းသည်မဟုတ်၊ လူသားတို့၏ နှလုံးသားတည့်တည့်ကို ဖြတ်သန်းချေ။

5. ယဉ်ကျေးမှုဆိုတာ လူ့ဘဝရဲ့ နေထိုင်နည်းတစ်ရပ် ဖြစ်ပါတယ်။ လူသားတိုင်း တန်းတူညီမျှမှုရှိပြီး တလေးတစား ကျင့်သုံးလိုက်နာအပ်တဲ့ သဘောထားရပ်တည်ချက်လည်း ဖြစ်ပါတယ်။

**(ဂျိန်း အံဒမ်)**

6. လူ့ဘဝရဲ့ အနှစ်သာရဆိုတာ ဖွင့်ပြောလို့ရတာမျိုး မဟုတ်ဘူး။ လူတစ်ယောက်အတွက် ကိုယ်တွေ့ကြုံမှ သဘောပေါက်မယ့် အရာသာ ဖြစ်တယ်။.

**(Ira Progoff)**

7. အာဏာရှင်စံနစ်ကျင့်သုံးတာ မှန်ပါက တော်လှန်ရေးလုပ်တာ မှန်ပါတယ်။

**(Mahatma Gandhi)**

---